www.burmeseclassic.com

ဝဏ္ဏာထွန်းစာပေ

# ကြိုဃဒ် (၁)

ကျောက်တလားတောင်
သချိုင်း



ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုရှည်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃–ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို၊ (ပန်းဝေဝေစာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဒေါ်အေးအေးကြူ(၀၅၆၄၄)
မိုးဝင်းပုံနှိပ်တိုက်၊ အမှတ် ၂၂ သိမ်ကြီးလမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးကျင်ရင် (မြ–၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၈၊ ၃၁–လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ကြိုသင် ၈၉၅.၈၃
ကျောက်တလားတောင်သချိုင်း / ကြိုသင်၊ ရန်ကုန်
ဝဏ္ဏထွန်းစာပေ၊ ၂၀၁၃
(၂၄၀) စာ၊ ၁.၂၅ × ၁၈၃ စင်တီ
ကျောက်တလားတောင်

# ကြိုသင်

## ကျောက်တလားတောင်သချိုင်း

(ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ဒဿန လက်ဆောင်

မိမိဘဝကို နာကြည်းခြင်းဖြင့်
အပြစ်တင်နေလျှင် လက်မှတ်ဝယ်ပြီးမှ
ရထားမှားစီးလာသည်နှင့် တူပါလိမ့်မည်။

အဖြေရှာလိုလျှင် လျှို့ဝှက်ချက်ထဲမှာသာ ရှာပါ၊
အဖြေက လျှို့ဝှက်ချက်ထဲမှာသာရှိပါတယ်။
အချစ်ရှာလိုလျှင်တော့ နှလုံးသားထဲမှာသာ ရှာဖွေပါ၊
အခြားနေရာမှာ မတွေ့နိုင်ပါဘူး။

သေခြင်းတရားကို လူအတော်များများက
ကြောက်ရွံ့လေ့ရှိကြတယ်၊
တကယ်တော့ သေခြင်းတရားဆိုတာ
မျှော်လင့်ခြင်းများရဲ့
ပြတင်းပေါက်တစ်ခုသာ ဖြစ်ပါတယ်။

BURMESE CLASSIC .com

## ဒဿန လက်ဆောင်

သင့်စိတ်ထဲမှာ သူတစ်ပါးအကြောင်းတွေချည်း
တွေးမနေပါနဲ့။
ထိုအချိန်အခိုက်အတန့်မှာ လုပ်သင့်တာလုပ်နေခြင်းက
သင့်အတွက် ပိုမိုအကျိုးရှိစေပါတယ်။

အသိပညာ မကြွယ်ဝသေးသော
ကလေးငယ်အချို့တို့မှာ
အမှောင်ရိပ်ကို ကြောက်ရွံ့ကြသည်။
အသိပညာရှိသော လူကြီးအချို့ကတော့
အလင်းရောင် ကြောက်တတ်ကြသည်။

ကောင်းသောဆောင်ရွက်မှုများ ပြုလုပ်နေသူ
အချို့မှာလည်း မကောင်းမှုအနည်းငယ် ရှိနိုင်ပါတယ်။
အားလုံးကောင်းသည်ဟု ပြောလျှင်တော့
မကောင်းမှုအားလုံးကို ကျူးလွန်ရာရောက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဒဿသ နုလဏ်ဆောင်

ကံကြမ္မာသည် လူဘဝ၏ လွတ်လပ်ခွင့်များကို
ပိတ်လှောင်ထား၍ မရနိုင်ပေ၊
စိတ်ဆန္ဒ၏အကျဉ်းသားဖြစ်လျှင်တော့
လွတ်မြောက်နိုင်ရန် ခက်ခဲလှပေသည်။

မျက်ရည်စက်များသည် ခံစားမှုအတွက်
ပေတံများဖြစ်နိုင်ပါတယ်။
မျက်ရည်မကျဘဲ ငိုကြွေးခြင်းကတော့ အတိုင်းအဆ
မရှိတော့သော ခံစားမှုမျိုးပင် ဖြစ်ပါတယ်။

ပင်လယ်ပြင်ငြိမ်သက်အောင်
စွမ်းဆောင်ရတာ ခက်ပါတယ်၊
မီးတောင်ပေါက်ကွဲခြင်းကိုလည်း
တားဆီးလို့ မရနိုင်ပါဘူး။
အချစ်စိတ်ကို ထိန်းချုပ်ဖို့ကတော့
အားလုံးထက် ပိုမိုခက်ခဲလှပါတယ်။

## ဒဿသ နုလဏ်ဆောင်

အချစ်ကို တန်ဖိုးထားခြင်းသည်
ကြည်နူးခြင်းကို ဖြစ်စေပါတယ်။
အချစ်ကို မထေမဲ့မြင် ပြုလျှင်တော့
ကြီးစွာသော ဒဏ်ခတ်ခြင်းကို ခံရတတ်ပါတယ်။

လူတစ်ယောက်စိတ်ကို သိလိုလျှင်
သူ့အကြောင်းကို မမေးပါနှင့်
အခြားတစ်ယောက်အကြောင်းကိုသာ
ပြောခိုင်းကြည့်ပါ။
သူ့အကြောင်းကို သိရပါလိမ့်မယ်။

ယောကျ်ားတစ်ယောက်အချစ်သည်
ဘဝနှင့်မသက်ဆိုင်ဟု ယူဆထားလျှင်
တစ်ချိန်ကျလျှင် လူနှစ်ယောက်၏ဘဝကို
တာဝန်ယူရသူတစ်ယောက် ဖြစ်လာတတ်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


(၁) မိစ္ဆာဘဝဖြင့် လူစားလဲခံရသူ
(၂) မိစ္ဆာအချင်းချင်းသတ်ဖြတ်ကြခြင်း
(၃) အသက်ဖြင့်ရင်းကာ ဝမ်းစာရှာဖွေကြသူများ
(၄) ထူးဆန်းသည့် ကျောက်တလားတောင်
(၅) အမှောင်ထဲမှဖုတ်ကောင်များ
(၆) ထူးဆန်းစွာတွေ့ရသောမိန်းကလေး
(၇) ဝိညာဉ်လောကသားတို့နေရာ
(၈) ဖုတ်ဝင်သောအလောင်းနှင့်ဗိဝစိုးကျိန်စာ
(၉) စာမရှိနှင့်ထူးဆန်းသောလက်ဆောင်
(၁၀) အန္တရာယ်ခံတွင်းသို့အဝင်
(၁၁) ပျောက်ဆုံးသွားသောပုလဲနက်
(၁၂) မိစ္ဆာစက်ကွင်း သေမင်းအန္တရာယ်
(၁၃) အချစ်မရှိသောနေရာမှချစ်သူ
(၁၄) ကတ္တူလေ့တစ်စင်းရရှိခြင်း
(၁၅) မကောင်းမှုကံ ကိုယ့်ထံပြန်ရသောသူ
(၁၆) လှိုင်းမျက်နှာပြင်ဘဝလမ်း




BURMESE CLASSIC .com

# အခန်း(၁)
# မိစ္ဆာဘဝဖြင့် လူစားလဲခံရသူ

လောက၌ ထူးခြားဆန်းကြယ်လှသော အကြောင်းများက ကမ္ဘာတလွှား နေရာအနှံ့အပြား၌ ရှိနေကြလေသည်။

ထူးခြားဆန်းကြယ်သော အကြောင်းအရာများထဲတွင် အံ့ဩစရာ၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာတို့မှာ အများဆုံး ပါဝင်ကြပေသည်။

ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာတို့မှာ ရှေးကတည်းက ရှိခဲ့ကြသည်။

လူအချင်းချင်း ကြောက်ရွံ့ကြရသည်။

လူက တိရစ္ဆာန်ကို ကြောက်ရွံ့ကြရသည်။

သဘာဝဘေးအန္တရာယ်တို့ကို ကြောက်ရွံ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် သရဲ၊ သဘက်၊ ဘီလူးစသော မိစ္ဆာများ၊ ဝိညာဉ်လောကသား၊ ပြိတ္တာဘုံသားတို့ကို ကြောက်ရွံ့ကြရသည်။

အပါယ်လေးဘုံ ရှိသောအနက်မှာ တိရစ္ဆာန်ဘုံနှင့် ပြိတ္တာဘုံတို့မှာ လူ့ဘုံနှင့် အနီးစပ်ဆုံး ရှိနေသောကြောင့် အချို့ လူတွေ ကြားထဲမှာပင် ရှိနေကြသည်။ ရောနှောနေထိုင်ကြသည်။

အချို့လည်း လူတို့ကို အနှောက်အယှက်ပေးကြ၏။

အချို့လည်း လွတ်ကင်းရာမှာ နေကြသည်။

ပြိတ္တာလောကသားတို့သည် အကြောင်းတစ်ခု ရှိမှသာ လူတို့အနီးသို့ ချဉ်းကပ်လာကြလေ့ရှိသည်။

ထိုအခါ မြင်တွေ့ရသည်လည်း ရှိသည်လည်း ရှိသည်။ မမြင်ရသည်လည်း ရှိသည်။

ပရလောကသားတို့သည် သွင်ပြင်ပုံသဏ္ဌာန် မတင့် တယ်ကြလေရာ မြင်ရသူများက ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ကြရ သည်။

ရှေးအခါကတော့ တစ္ဆေသရဲ အပါအဝင် ပြိတ္တာဘုံသား တို့ကို 'ပေတော'ဟု ခေါ်ဝေါ်ရေးသားကြသည်။

'တသို့စသရီရေ ပေတော အဓိဝတ္တော ဟောတိ'ဟု ရေးသားဖော်ပြရာ ရှေးဆရာတော်ကြီးများက 'ပေတော'ဆိုသော စာကို 'ပြိတ္တာ၊ တစ္ဆေ'ဟု ပြန်ဆိုတော်မူခဲ့ကြသည်။

ပေတောကို အဓိပ္ပါယ်ပြန်ဆိုရာတွင် အဓိပ္ပာယ်နှစ်မျိုး ရှိသည်။

ပေတောကို ပြိတ္တာ တစ္ဆေဟု ပြန်သော အဓိပ္ပါယ်က





တစ်မျိုး၊ နောက်တစ်မျိုးက လူ့ဘုံဘဝမှ ဝိညာဉ်ချုပ်ငြိမ်း၊ ခန္ဓာ သိမ်းကာ ကွယ်လွန်သွားသူတို့ကိုလည်း 'ပေတော'ဟု အဓိပ္ပါယ် ပေးထားသေးသည်။

ထို့ကြောင့် ကွယ်လွန်ပြီးသူအတွက် ရည်စူးကာ လှူဒါန်း သော အလှူတို့တွင်. . .

သက်ပျောက်ဆွမ်းသွပ် အလှူ

သရဏဂုံတင် အလှူ

မြေကျဆွမ်းသွပ် အလှူ

ရက်လည်ဆွမ်းသွပ် အလှူ

လလည်ပတ်ဆွမ်းသွပ်၊ နှစ်ပတ်လည်ဆွမ်းသွပ် အလှူ တို့ကို ရည်စူးပြုလုပ်သောအခါ ဆရာတော်များက. . .

'ပေတာနံ ကာလကတာနံ' အတည်မကျ ဘဝတစ်ပါး သို့ ပြောင်းသွားကွယ်လွန်ပြီးသောသူကို ရည်စူး၍ ဟူသော စကားကို ထည့်သွင်း ဟောပြောကြရပေသည်။

ပေတော၊ ပေတ အမျိုးအနွယ်တွင် ပါဝင်သော ပြိတ္တာ တို့မှာ. . .

တစ္ဆေ၊ သရဲ၊ သဘက်၊ မှင်စာ၊ မြေဖုတ်၊ ကျွတ်၊ ဖုတ်၊ ဥစ္စာစောင့်၊ ဘီလူး၊ ရုက္ခစိုး စသည်တို့ ဖြစ်ကြလေသည်။

တစ္ဆေ ဟူသော ဝေါဟာရမှာ တဇ္ဇေတိ၊ ပါဠိမှ ဆင်း သက်လာခြင်း ဖြစ်ပြီး 'ခြောက်လှန့်တတ်ခြင်း' ဟူ၍ အဓိပ္ပါယ်ရ လေသည်။ ပရလောကသို့ ရောက်ကြရပြီဆိုလျှင် ဖန်ဆင်းထား သောရုပ်သွင်ကို ဖယ်လိုက်လျှင် မတင့်မတယ် ကြောက်မက်



www.burmeseclassic.com

www.burmeseclassic.com



ဖွယ် အဆင်းသာ ရှိကြသည်။

လူ့ဘုံနှင့်လောကသားတို့ တွေ့မြင်ရလျှင် ကြောက်မက်ဖွယ်ကောင်းသော ရုပ်ဆင်းအင်္ဂါ ရှိကြသူများသာ ဖြစ်ကြလေသည်။

ပြိတ္တာဘုံဘဝသို့ ရောက်သောအခါ အစာရေစာ ဝလင့်အောင် စားသောက်ရခြင်းမရှိဘဲ ငတ်နေရသောကြောင့် အသွေးအသားတို့ မရှိတော့ဘဲ အရိုးစု ပုံသဏ္ဌာန်မျိုးဖြင့် ကြောက်မက်ဖွယ်ရာ တွေ့မြင်ကြရခြင်း ဖြစ်သည်။

နာနာဘာဝဟူသည်မှာ အမြဲတမ်း ဆာလောင်မွတ်သိပ်နေမှု၊ ကြောက်ရွံ့ထိတ်လန့်စရာ ရုပ်ဆင်းသဏ္ဌာန် ရှိနေမှုတို့ဖြစ်ပေါ် နေတတ်ကြသော်လည်း အချို့ပြိတ္တာ၊ တစ္ဆေများမှာ ကမ္မဇိဒ္ဓိ ကြီးမားသဖြင့် အမျိုးမျိုး ဖန်ဆင်းပြနိုင်သော တန်ခိုးအာနိသင် ရှိကြလေသည်။

သို့ဖြစ်ခြင်းကြောင့်. . .

-အိမ်သဏ္ဌာန်၊ ကျောင်းသဏ္ဌာန် ဖန်ဆင်းနိုင်ခြင်း၊

-လူသဏ္ဌာန်၊ တိရစ္ဆာန်အမျိုးမျိုးသဏ္ဌာန် ဖန်ဆင်းနိုင်ခြင်း၊

-ထူးထူးဆန်းဆန်း အဖြစ်ဆန်း အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း

စသည်တို့ကို ပြုလုပ်ပြနိုင်သောကြောင့် လူများက သူတို့ကို 'နာနာဘာဝများ'ဟူ၍လည်း ခေါ်ဝေါ်ကြသည်။

ပြိတ္တာ၊ တစ္ဆေတို့သည် လူ့လောကနှင့် တစ်စပ်တည်း

ဝဏ္ဏာထွန်းစာပေ



နေထိုင်သူများ ဖြစ်သည်။

သို့ဖြစ်၍ ပြိတ္တာ၊ တစ္ဆေတို့သည် လင်နေသားမွေး အိမ်ထောင်ရေးကိစ္စများကို လူတို့ကဲ့သို့ပင် ပြုလုပ်နိုင်ကြသည်။

ပြိတ္တာ၊ ပြိတ္တာချင်း အိမ်ထောင်ပြုခြင်း၊ သားသမီး မွေးဖွားခြင်းတို့ ဆောင်ရွက်နိုင်ကြသကဲ့သို့ ပြိတ္တာတို့သည် လူသားများနှင့်ပင် အိမ်ထောင်ပြုနိုင်ကြသည်။ သားသမီး မွေးဖွားနိုင်ကြသည်။

သို့သော် ပြိတ္တာတို့၏ မူရင်းရုပ်ဆင်းသဏ္ဌာန်သည် ကြောက်မက်ဖွယ်ရာ ဖြစ်သည်။

ယင်းသို့ ပြိတ္တာ၊ တစ္ဆေတို့သည် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ရုပ်ဆင်းသဏ္ဌာန် ရှိသောကြောင့် သူတို့သေဆုံးသောအခါ သူတို့၏ရုပ်ကြွင်းကို အရှိအရှိအတိုင်း၊ မူလရုပ်ဆင်းသဏ္ဌာန်အတိုင်း ကျန်ရစ်အောင် မထားရှိခဲ့ကြပေ။

သေဆုံးသည့် ရုပ်ကြွင်းများကို သားတိရစ္ဆာန်၊ ပိုးမွှားစသော အကောင်တစ်မျိုးမျိုးတို့၏ အသွင်သဏ္ဌာန်အဖြစ် ပြောင်းလဲကာ ထားရစ်ခဲ့ကြသည်။

ဤအကြောင်းနှင့် ပတ်သက်၍ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်အား မေးလျှောက်ခဲ့ဖူးပေရာ အရှင်နာဂသိန်က ရှင်းလင်းစွာ ဖြေကြားခဲ့သည်။

"မင်းကြီး. . . သေကုန်သော တစ္ဆေ ပြိတ္တာတို့၏ ကိုယ်ကောင်ကို တွေ့မြင်ရ၏။ ထိုတစ္ဆေ ပြိတ္တာတို့၏ အပုပ်နံ့သည်လည်း လှိုင်၏။ မင်းကြီး. . . သေကုန်သော တစ္ဆေ ပြိတ္တာတို့၏

ဝဏ္ဏာထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကောင်ကို. . .

-ပိုးကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

-ပေါက်ဖတ်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

-ခြပုန်းအသွင်ဖြင့်လည်း တွေ့မြင်ရ၏။

-ပိုးနံ့ကောင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

-ကင်းခြေများအသွင်ဖြင့်လည်း တွေ့မြင်ရ၏။

-ငှက်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

-သမင်အသွင်ဖြင့်လည်း တွေ့မြင်ရ၏။

ဤသို့ သားတိရစ္ဆာန်၊ ပိုးမွှားစသော အကောင်အမျိုးမျိုးတို့၏ အသွင်သဏ္ဌာန် အဖြစ်ဖြင့်သာ တွေ့မြင်ကြရကုန်သည်"

ဖော်ပြပါ ဖြေကြားချက်တွင် ပြိတ္တာ၊ တစ္ဆေတို့ သေဆုံးသည့်အခါ ရုပ်ကြွင်းခန္ဓာ ထားခဲ့တတ်သည့် အကြောင်း စုံလင်စွာ ပါရှိနေပေပြီ။

ဗုဒ္ဓဘာသာဝင်များသည် အလှူဒါနပြုခြင်း၊ ဘုရားဝတ်ပြုခြင်း ပြီးဆုံးသည့်အခါတွင် "ယမရာဇဿစ၊ ငရဲသနင်း ယမမင်းကြီးအား လည်းကောင်း. . "ဟူ၍ ရေစက်ချရာတွင် အမျှပေးဝေတတ်ကြသည်။

ထို့ကြောင့် ငရဲဘုံသည် ယမမင်းကြီး၏ပိုင်နက်၊ ယမမင်းကြီး အုပ်ချုပ်ရာ ဘုံဌာန ဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနေကြပေသည်။

ယမမင်းကြီးသည် ငရဲဘုံကိုသာ ပိုင်ဆိုင်အုပ်ချုပ်သည် မဟုတ်ပေ။ ပြိတ္တာဘုံကိုလည်း ပိုင်ဆိုင်အုပ်ချုပ်သည်။





ထို့ကြောင့် ပြိတ္တာတို့သည် ယမမင်းကြီးပိုင်နက် အတွင်း၌ နေထိုင်နေကြရသူများ ဖြစ်သည်။

ငရဲဘုံကို ယမမင်းကြီးပိုင်နက်၊ ယမမင်းကြီးအုပ်ချုပ်ကြောင်းကို သိရှိသူ များကြသော်လည်း ပြိတ္တာဘုံကို ယမမင်းကြီး၏ပိုင်နက်၊ ယမမင်းကြီး၏အုပ်ချုပ်ပိုင်ခွင့် ရှိကြောင်းကို သိရှိသူနည်းပါးကြသည်။

ယင်းယမမင်းကြီးသည် ငရဲသူ၊ ငရဲသား၊ သတ္တဝါများအပေါ်၌ အလွန်သနားကြင်နာ ကရုဏာကြီးမားသူ ဖြစ်ပေသည်။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် စသော ဘုံများမှာ ဆင်းရဲခြင်းအတိဖြင့် ပြီးသော နေရာမျိုး ဖြစ်သည်။

ယခု လူ့ဘဝ ရောက်နေကြသူ၊ တိရစ္ဆာန်ဘုံဘဝ ရောက်နေကြသူတို့မှာ အပါယ်လေးဘုံနှင့် ကင်းသူ အတော်ပင်နည်းပါးကြပါလိမ့်မည်။

ဘဝပေါင်းများစွာတို့ကို ဖြတ်သန်းလာခဲ့ကြပြီး ဖြစ်ရာထိုနေရာများသို့ အကြိမ်ပေါင်း မရေမတွက်အောင် ရောက်ခဲ့ကြရပြီး ဖြစ်သည်။

လူ့ဘဝမှ တိရစ္ဆာန်ဘဝ၊ တိရစ္ဆာန်ဘဝမှ လူ့ဘဝသို့ အကြိမ်ကြိမ် အဖန်ဖန် ရောက်ခဲ့ကြပြီး ဖြစ်သည်။

ကံအကြောင်းကြောင့် လူ့ဘဝသို့ တစ်ခေါက် ပြန်လာခွင့်ရသော်လည်း တိရစ္ဆာန်ဘဝမှ ကံကြွေးကံစတို့ မကုန်သဖြင့် ခြေထောက်လေးချောင်းပါသူ၊ ခြေထောက်ပေါင်း များစွာ ပါသူ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းမှာ ဦးချိုပါသူ၊

တိရစ္ဆာန်မျက်နှာ၊ ပုံပန်းသဏ္ဌာန်နှင့် တူသောသူ၊ ဘီလူးမျက်နှာ၊ သရဲသဘက်မျက်နှာဖြင့်သော်လည်းကောင်း၊ ခြေလက်အင်္ဂါမစုံလင်ပါဘဲ မွေးဖွားလာသူတို့ကို တွေ့မြင်ကြရမည် ဖြစ်ပေသည်။ လူ့ဘဝ ပြန်ရသော်လည်း သတိမရ၊

ဒီကိုယ်နဲ့ ဒီခန္ဓာကို အသုံးချရမည်ဟု သဘောထားကာ အစွမ်းကုန် ဆိုးမိုက်နေလျှင်တော့ နောက်တစ်ဘဝတွင် အပ္ပါယ်လေးဘုံမှ လွဲပြီး အခြားနေရာသို့ မရောက်သည်ကတော့ အသေအချာပင် ဖြစ်၏။

အပ္ပါယ်လေးဘုံသို့ ရောက်ခဲ့ရသော်လည်း ဘဝခြားပြီး လူ့လောက ပြန်ရောက်လာသဖြင့် ထိုအကြောင်းများကို မသိတော့ပြီ။ သို့သော် ထိုဘုံဘဝမှာ ရှိနေသေးသူများကတော့ လူတို့ကို သတိပေးနေကြသည်။

တိရစ္ဆာန်တို့၏ ဆင်းရဲဒုက္ခတို့ကို သတိထားကြည့်လျှင် တွေ့မြင်နိုင်သည်။

ပရလောကသားများနှင့် ပြိတ္တာတို့ကို သတိပြုပြီး ကြည့်ပါက သိနိုင်ပေသည်။

ထိုအကြောင်းနှင့် ပတ်သက်သော အကြောင်းအရာများ၊ အဖြစ်အပျက်တို့ကို နိဒါန်းပျိုးသည့် အနေဖြင့် သာဓကပြအအံ့ ရေးသားဖော်ပြပါဦးမည်။

အသက်သေဆုံးသွားသော ရုပ်ခန္ဓာကို 'အလောင်းကောင်'ဟုသာ ခေါ်သည်။





သေပြီးမှ ပြန်ထလာသူကိုတော့ 'ဖုတ်ကောင်'ဟု ခေါ်ဝေါ်ကြသည်။

ဖုတ်ကောင်ဟု ပြောလိုက်သည်နှင့် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုး ရှိသည့် ရုပ်ဖျက်ဆင်းပျက် ဖြစ်နေသော အလောင်းကောင်များ ထလာသည်ကို မြင်ကြရမည်သာ ဖြစ်သည်။

ဖုတ်ကောင်ဟူသော ဝေါဟာရကပင် သူတို့ကို ကြောက်လန့်စေရုံမက အန္တရာယ်ပေးနိုင်သော မကောင်းဆိုးဝါးအဖြစ် လက်ခံထားကြသည်။ ဖုတ်ကောင်တိုင်းတော့ လူကို အန္တရာယ်ပေးကြသည်တော့ မဟုတ်ပေ။

အချို့ဖုတ်ကောင်များကတော့ လူကို အန္တရာယ် ပေးသော်လည်း အချို့ဖုတ်ကောင်များကတော့ လူကို အန္တရာယ်မပြုကြရုံမကဘဲ လူများကိုပင် ကူညီစောင့်ရှောက်ပေးတတ်ကြသေးသည်။

သေဆုံးသွားပြီး ဖုတ်ဝင်နေသော ဘဝဖြင့် သားမယားတို့ကို သုံးနှစ်သုံးမိုး လုပ်ကျွေးသော ဖုတ်ကောင်များ၊ ဖုတ်ကောင်ဘဝရောက်မှ ဘုရင်အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သော ရဲမက်ဖုတ်ကောင်များ၊ ဖုတ်ကောင်ဘဝရောက်မှ သူကြီးဘဝရောက်ပြီး နှစ်အတော်ကြာအောင် ရပ်ရွာကို အုပ်ချုပ်ခဲ့သော ဖုတ်သူကြီး စသည်တို့မှာ အသက်သေဆုံးပြီး ဖုတ်ကောင်ဘဝ ရောက်နေသော်လည်း လူတို့ကို အန္တရာယ်မပေးကြရုံမကဘဲ ကူညီစောင့်ရှောက်ပေးခဲ့ကြကြောင်း မှတ်တမ်းများ၊



www.burmeseclassic.com

www.burmeseclassic.com



သာကေများ ရှိခဲ့လေသည်။

ယခု ရေးသားမည့် သာကေတစ်ခုမှာ ဖုတ်ကောင်ဘဝ ရောက်နေပြီးမှ မိသားစုကို အန္တရာယ်ပေးမည့် အခြားဖုတ်ကောင်ကို ဖယ်ရှားရင်းမှ ထပ်မံသေဆုံးရသော ဖုတ်ကောင်တစ်ကောင်၏အကြောင်းပင် ဖြစ်ပေသည်။

ရှေးနှစ်ပေါင်း ၅၀ ကျော်လောက်က ကျွန်းညိုကြီးနယ်ဘက်တွင် အမဲလိုက်ပြီး မိသားစုကို လုပ်ကျွေးနေသော မုဆိုးတစ်ယောက် ရှိသည်။ ထိုမုဆိုးအမည်မှာ မဲကျော်ဖြစ်ပြီး သူ့မိန်းမမှာ မိညိုဖြစ်သည်။

အိမ်ထောင်ကျတာ ကြာပြီ ဖြစ်သော်လည်း သားသမီးတစ်ယောက်မျှ မထွန်းကားသောကြောင့် နှစ်ယောက်တည်းသာ ရှိလေသည်။

မဲကျော်က တောထဲဝင်၍ အမဲလိုက်ကာ ရလာသော အမဲသား၊ ငါးတို့ကို မိညိုက ရပ်ရွာသို့ လှည့်လည်ရောင်းချကာ အသက်မွေးကြသည်။

သူတို့နေသော တဲမှာ ဘုရားစင် မရှိ၊ နတ်စင် မရှိပေ။

အိမ်ပေါ်မှာ ဆားနယ်ထားသော အသားများ၊ ကျပ်တင်ထားသော အသားတွဲများနှင့် တိရစ္ဆာန်ဦးခေါင်းများသာ ရှိသည်။

အိမ်အောက်တစ်ဝိုက်မှာလည်း ရလာသော သားကောင်များကို ခုတ်ဖြတ် ဖျက်ဆီးထားသဖြင့် သွေးညှီနံ့များ လှိုင်နေသည်။





တဲပေါ်တွင် သူတို့လင်မယားနှစ်ယောက် နေပြီး တဲအောက်မှာတော့ အမဲလိုက်ရာတွင် အားကိုးရသော အမဲလိုက်ခွေးကြီး သုံးလေးကောင်ရှိသည်။ တွေ့သမျှ ကိုက်သတ်လေ့ရှိသဖြင့် ကြိုးချည်ထားရသည်။

တောထဲမှ အမဲကောင် ရလာလျှင် အိမ်နှင့် မနီးမဝေးမှာ ဖျက်သည်။ ရောင်းတန်တာရောင်း၊ စားတန်တာစား၊ ခွေးကျွေးတန် တာကျွေးဖြင့် အသုံးမလိုသော အရွတ်များ၊ အရိုးများကိုတော့ တဲနှင့်မနီးမဝေး တောစပ်နားမှာ သွားပုံပေးထားသည်။

ထိုသို့ ပုံပေးထားခြင်းမှာလည်း အကြောင်း ရှိသည်။

ညအချိန် ရောက်လာလျှင် တောထဲမှာ ရှိသော သရဲသဘက်များ ထွက်လာပြီး လုယက်စားသောက်ကြသည်။

ညအချိန် ရောက်ပြီး ဆူဆူညံညံ အသံများကြားရပြီး တဲပေါက်မှ ထွက်ကြည့်ပါက အမှောင်ရိပ်ထဲမှာ လုယက်စားသောက်နေသော သရဲ၊ သဘက်တို့ကို တွေ့ရမည် ဖြစ်သည်။

သရဲ၊ သဘက်များ ရောက်လာပါက ကြိုးချည်ထားသော အမဲလိုက်ခွေးတို့က စူးစူးဝါးဝါး ဟောင်ကြသည်။

ထိုအခါ မဲကျော်က မာန်မဲလေသည်။

"ဟဲ့ကောင်တွေ ဘာဖြစ်လို့ ဒီလောက်ဟောင်နေတာလဲ၊ သူတို့ဖာသာ လာစားတာ စားပေစေပေါ့၊ နားညီးတယ်၊ မဟောင်ကြနဲ့"

ဟု မာန်မဲလိုက်လျှင်တော့ ခွေးဟောင်သံများ တိတ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကတော့ အစာမရသော သရဲတစ်ကောင်က အိမ်နံဘေးအထိ ရောက်လာပြီး အစာလာတောင်းသည်။

"ငါ့ကို အစာကျွေးပါ၊ ငါ့အတွက် အစာပေးပါ"

ထိုသို့ လာတောင်းနေသံကြားရသဖြင့် အိပ်ပျော်နေသော မဲကျော် ပြန်နိုးလာသည်။

"အချိန်မတော် ဘယ်ကောင် အစာလာတောင်းနေတာလဲ"

ဟု ဒေါသဖြစ်ပြီး ထကြည့်သောအခါ တဲနှင့် မနီးမဝေးမှာ ရပ်နေသော သရဲတစ်ကောင်ကို လှမ်းမြင်ရလေသည်။

ထိုသို့ မြင်ရတော့မှ သဘောပေါက်သွားသည်။

"ငါ့ကို အစာကျွေးပါ"

အသံနက်ကြီးဖြင့် တောင်းနေပြန်သည်။

"အေး. . အေး. . စားရမယ်၊ ခဏလေးစောင့်"

ဟု လှမ်းပြောပြီး အိမ်အောက်သို့ ဆင်းသွားပြီး ကြိုးချည်ထားသော ခွေးသုံးကောင်ကို ကြိုးဖြေလွှတ်ပေးလိုက်သည်။

ခွေးများက အစာတောင်းနေသော သရဲ ရှိရာသို့ ပြေးသွားရာ သရဲလည်း ထွက်ပြေးလေတော့သည်။

သည်တော့မှ ကောင်းစွာ အိပ်ရလေတော့သည်။

နောက်တစ်ရက်တွင် တောထဲတွင် သားကောင်တစ်ကောင်နောက်သို့ လိုက်သွားရင်းနှင့် တောနက်ထဲ ရောက်သွားလေတော့သည်။ သူသည် တောနက်ထဲတွင် သားကောင်ကို မရဘဲ မျက်စိလည်နေတော့သည်။

ဝဏ္ဏထွန်းစာပေ



ညနေပိုင်း အချိန်ရောက်သောအခါ တောထဲမှာ မှောင်လာလေသည်။

လေပြင်းများ တိုက်ကာ မိုးတဖွဲဖွဲ ရွာချလာလေသည်။

ထိုအချိန် ရောက်တော့မှ တစ်နေကုန် သားကောင်နောက်သို့ လိုက်နေကြသော အမဲလိုက်ခွေးကြီး သုံးကောင်တို့မှာ မဲကျော် အနီးသို့ ပြန်ရောက်လာကြလေသည်။

အမဲလိုက်ခွေး သုံးကောင်တို့မှာ လူကို တွေ့လျှင်သော်လည်းကောင်း၊ သားကောင်ကို တွေ့လျှင်သော်လည်းကောင်း၊ ငရဲခွေးကြီးများကဲ့သို့ သဲကြီးမဲကြီး ရှိနေတတ်ကြသော်လည်း. .

ယခုတော့ တစ်စုံတစ်ခုကို ထိတ်လန့်ကြောက်ရွံ့နေသကဲ့သို့ တအီအီနှင့် ညီးညူရင်း မဲကျော် အနီးသို့ တိုးဝှေ့နေကြလေသည်။

"ဒီခွေးတွေ ဘာမြင်လို့ ဒီလောက် ကြောက်လန့်နေကြတာလဲ၊ တောကောင်အနံ့ရလို့များလား"

ဟု တွေးတောနေစဉ် တောထဲမှ တောတိုးလာသော အသံအချို့ကို ကြားရလေသည်။

မဲကျော်ဟ လက်ထဲမှာ ဓားတစ်လက်ကို ကိုင်ထားရင်းနှင့် အသံကြားရာဘက်သို့ မကြောက်မရွံ့ လှမ်းကြည့်နေသည်။

ထိုအချိန်တွင် မိုးက ပိုများလာသောကြောင့် တောရိပ်များဖြင့် ပိုမှောင်လာသည်။

ပထမတော့ အသံကြားရာဘက်မှ သစ်ပင်သစ်ကိုင်းများ လှုပ်နေသည်ကို အရင်မြင်ရသည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာ သစ်ပင်များကို လက်နှစ်ဘက်ဖြင့် ဖယ်ရှားပြီး ထွက်လာသော သဘက်နှင့်တူသော မကောင်းဆိုးဝါးကို မြင်ရသည်။ အရပ်အမောင်းက သစ်ပင်ဖျားလောက် မြင့်သည်။

ကိုယ်လုံးကလည်း အမွေးရှည်များ ဖုံးနေသည်။

မျက်နှာကလည်း ကြောက်စရာကောင်းလောက်အောင် ခက်ထန်ကြမ်းတမ်းလေသည်။

မဲကျော်သည် တောထဲ၌ တစ်ယောက်တည်း သွားလာနေသူ ဖြစ်ရာ သရဲ၊ သဘက်များနှင့် မကြာခဏ တွေ့ကြုံဖူးသော်လည်း ကြောက်ရွံ့ခြင်း မရှိပေ။

ထို့ပြင် ညစဉ်လိုလို တဲအနီး၌ ပစ်ထားသော အမဲရိုးများကို လာရောက်စားသောက်နေသော သရဲ၊ သဘက်များကို တွေ့မြင်နေကျမို့ အထူးအဆန်း မဖြစ်တော့ပေ။

သို့သော်လည်း ယခု မြင်တွေ့နေရသော သဘက်ကြီးမှာ ပိုပြီး ကြောက်ဖို့ကောင်းသော ပုံသဏ္ဌာန်မျိုး ဖြစ်နေသောကြောင့် တအံ့တသြ ဖြစ်နေမိသည်။

ထိုသဘက်ကြီးက ခြေလှမ်းကြီးကြီးဖြင့် ရှေ့သို့ တိုးလာပြီးနောက် အနီးရောက်တော့ ရပ်လိုက်သည်။

နီရဲနေသော မျက်လုံးအစုံဖြင့် သူ့ကို ငုံ့ကြည့်နေသည်။

ခါတိုင်း သရဲ၊ သဘက် တွေ့လျှင် သဲကြီးမဲကြီးဟောင်ကာ ဝိုင်းကိုက်လေ့ရှိသော အမဲလိုက်ခွေးသုံးကောင်တို့မှာ ဒီတစ်ကြိမ်တော့ ဝိုင်းကိုက်ဖို့နေနေသာ ဟောင်ပင်မဟောင်ဝံ့ကြဘဲ မဲကျော် ခြေထောက်ကြားမှာ ဝင်တိုးနေကြလေသည်။





"ငါ့ကို ဘာအတွက် နှောင့်ယှက်တာလဲ"

မဲကျော်က လှမ်းမေးလိုက်သည်။

"နှောက်ယှက်မလို့ မဟုတ်ဘူး။ မင်းကို သတ်ရအောင် လာတာ"

"ငါ့ကို ဘာကြောင့် သတ်မှာလဲ"

"ငါအစာလာတောင်းတာကို ခွေးတွေနဲ့ ရှူးတိုက်ပေးတယ်၊ ငါပိုင်နက် မဟုတ်တော့ ထွက်ပြေးရတယ်၊ အခု မင်း ငါ့ပိုင်နက်ထဲ ရောက်နေပြီ"

"မင်းက ဘာလဲ"

"တောပိုင်ကြီးပဲ"

ထိုအခါမှ မဲကျော်မှာ များစွာ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

တခြား ပရလောကသားများထက် ကွင်းပိုင်၊ တောပိုင်၊ ချောင်းပိုင် စသော နေရာတစ်ခုကို အပိုင်စားရထားသော ပရလောကသားများနှင့် သရဲ၊ သဘက်များကို မထေမဲ့မြင် ပြုလုပ်၍ မရပေ။ ပြုလုပ်မိပါက ဘေးအန္တရာယ်ဆိုးဖြင့် တွေ့ပြီး သေကြရသည်သာ ဖြစ်သည်။

"တောင်းပန်ပါတယ်၊ တောပိုင်ကြီးရယ်၊ မသိလို့ လုပ်ခဲ့မိပါတယ်"

မရတော့ပေ။ ပရလောကသားများအတွက် အမှား၊ အမှန် နှစ်မျိုးသာရှိပြီး အခြားဘာမှ ဆင်ခြေပေး၍ မရပေ။

"မင်းကတော့ သေရမှာပဲ၊ ဒါပေမယ့် မင်းကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



မင်းမိန်းမကို လုပ်ကိုင်ပေးမယ့် တခြားတစ်ယောက်ကို ငါပို့ပေးလိုက်မယ်"

ဟု ပြောဆိုပြီးနောက် မဲကျော်အား သတ်ဖြတ်ပစ်လိုက်လေသည်။

ထို့နောက် နေရာ၌မှာပင် ပျောက်ကွယ်သွားလေသည်။

မိုးတဖွဲဖွဲအောက်မှာ အသက်မဲ့နေပြီ ဖြစ်သော မဲကျော်အလောင်းကတော့ ဇက်ကျိုးကျကာ မြေသက်စွာ ကျန်ခဲ့လေသည်။ ခွေးသုံးကောင်ကတော့ သခင်အနားမှ မခွာကြဘဲ တအီအီနှင့် အော်နေကြလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် မှောင်စပျိုးလာချေပြီ။ အတန်ကြာသောအခါ သစ်ခုံများကြား၌ မြေသက်နေ သော မဲကျော် အလောင်းမှာ သတိပြန်ရလာသကဲ့သို့ တဖြည်း ဖြည်းပြန်လှုပ်လာ၏။ နောက်တော့ မျက်လုံးပြန်ပွင့်လာသည်။

နေရာမှ ပြန်ထလာသည်။

တောပိုင်ကြီးက ဇက်ချိုးပြီး သတ်သွားသဖြင့် ဇက်က နောက်ပြန်လည်နေသည်ကို သူ့လက်နှင့်သူ ဦးခေါင်းကို ပြန်တည့်လိုက်ရာ လူကောင်းတစ်ယောက်ကဲ့သို့ ပြန်ဖြစ်သွားသည်။

ထို့နောက် ခွေးသုံးကောင်ကို ခေါ်ကာ နေရာမှ ထွက်သွားလေတော့သည်။

တောထဲမှာတော့ အမှောင်ရိပ်များက ပိုများလာပြီး မိုးကမိုးသဲလာချေပြီ။



# အခန်း(၂)

## မိစ္ဆာအချင်းချင်း သတ်ဖြတ်ကြခြင်း

ထိုအဖြစ်အပျက်များ ဖြစ်ခဲ့ပြီးနောက် မဲကျော်တစ်ယောက် သူ့အိမ်သို့ ပြန်ရောက်ခဲ့ပြီး နောက်ပိုင်းမှာ အခြေအနေက ထူးထူးခြားခြားတော့ မရှိပါချေ။

ခါတိုင်းလိုပင် နံနက်လင်းသည်နှင့် မိညို ပြင်ပေးသော ရေဗူး၊ ထမင်းထုပ်တို့ကို ယူ၍ အမဲလိုက်ခွေး သုံးကောင်ကိုပါ ခေါ်ပြီး တောသို့ သွားလေ့ရှိသည်။

သားကောင်ရလျှင် အချိန်စောစော ပြန်ရောက်လာပြီး မရသည့်နေ့ဆိုလျှင် ညနေစောင်းမှ ပြန်ရောက်လာလေ့ရှိလေသည်။

အမဲရလျှင် သူ့ဝတ္တရားအတိုင်း အမဲဖျက်သော နေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ သယ်ယူသွားသည်။

ရောင်းချရန် အသားများကို ကြိုးဖြင့် တွဲပေးသည်။

မိညိုက အချိန် ရှိသေးလျှင် အသားတွဲများကို ရွာထဲ လှည့်ရောင်းပြီး အချိန် မရှိတော့လျှင်တော့ နောက်တစ်နေ့မှ ထွက်ရောင်းလေ့ ရှိသည်။

တစ်ခု ထူးခြားသော အချက်မှာ. . .

အမဲရလာသော နေ့တွင် အိမ်စားဖို့အတွက် ဟင်းအိုး ကြီးဖြင့် ချက်ထားလိုက်သည်။

ဟင်းကျက်သည်နှင့် ပထမ အရက်သောက်ရင်းနှင့် အမြီးသဘောမျိုး စားသည်။

ထမင်းစားတော့လည်း များစွာ စားသည်။

မဲကျော်မှာ ယခင်ကပင် ဟင်းစားကြမ်းသူ ဖြစ်သော် လည်း ယခုအခါ ခါတိုင်းထက် နှစ်ဆလောက် ပိုစားနိုင်သည်ကို သတိပြုမိသောအခါ မိန်းမဖြစ်သူ မိညိုက တအံ့တသြ ဖြစ်သဖြင့် မေးသည်။

"ကိုမဲကျော်၊ ရှင် အခုတလော အသားဟင်းတွေ စား တာ များလှချည်းလား"

"ပင်ပန်းလာလို့ပါကွာ"

မဲကျော်က ထိုမျှလောက်သာ ပြောပြီး စားမြဲစားနေလေ သည်။

မိညိုလည်း နောက်ထပ် မပြောတော့ပေ။

ထိုမျှသာမကသေးဘဲ ချက်ထားသော ဟင်းအိုးကို မီးဖို





ပေါ်မှာပင် တင်ထားရာ ညဥ့်နက်ပိုင်း အချိန် ရောက်သောအခါ နေရာမှ ထလာပြီး မီးဖိုဘေး၌ ဆောင့်ကြောင့်ထိုင်ကာ ဟင်းအိုး ထဲမှ ဟင်းများကို စားချင်စားနေလေသည်။

ပထမတော့ မိညိုက အိုးထဲမှ ဟင်းများလျော့နေသည် ကို သတိပြုမိသော်လည်း ဘယ်သူစားမှန်းတော့ မသိပေ။

နောက်တစ်ည ရောက်တော့မှ မီးဖိုနံဘေးမှာ ဟင်းများ နှိုက်စားနေသည့် မဲကျော်ကို မြင်တော့မှ သဘောပေါက်သွား လေသည်။

"ငါ့ဟင်းတွေ ပျောက်ပါတယ်လို့ ထင်နေတာ၊ လက် စသပ်တော့ ဒင်းလက်ချက်ပဲကိုး၊ သူ့ အရင်က ဒီလို မဟုတ်ပါ ဘူး၊ အခုတလောမှ မူပျက်နေသလိုပဲ"

မိညိုက ဘာမှ လှမ်းမပြောသော်လည်း စိတ်ထဲမှာတော့ အမျိုးမျိုး တွေးတောနေလေသည်။

"ကိုမဲကျော် ကြည့်ရတာ ရိုးမှရိုးရဲ့လား မသိဘူး၊ တခြား လူကြီးသူမတွေ ပြောသံကြားရတာကတော့ လူတွေဟာ ဖုတ်ဝင် နေရင် ညအချိန်ရောက်မှ လူတွေ မသိအောင် ဟင်းခိုးစားတယ် လို့ ပြောကြတယ်၊ သူလည်း ဒီလိုများ ဖြစ်နေရော့သလား"

ထိုသို့သာ တွေးမိသော်လည်း မိညို အနေနှင့် ကြောက် ရွံ့ထိတ်လန့်ခြင်းမျိုးတော့ မရှိပေ။

မဲကျော်တစ်ယောက် သရဲဘဝ ရောက်နေလျှင်လည်း သူမအနေဖြင့် ထွေထွေထူးထူး ကြောက်ရွံ့နေမည် မဟုတ်ပါ ချေ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဖာသာ ဖုတ်ကောင်ပဲ ဖြစ်နေနေ၊ သရဲပဲ ဖြစ်နေနေ ပူစရာ မလိုပါဘူး၊ ငါ့ကို လုပ်ကျွေးနေရင် ပြီးတာပဲ"

ဟု တွေးကာ အေးအေးပင် နေလေသည်။

ဤသို့ဖြင့် နောက်ထပ် လအနည်းငယ် ကြာသောအခါ မိညို၌ ကိုယ်ဝန် ရှိလာလေသည်။

ယခင်က ကလေး မရဘဲ ယခုမှ ကိုယ်ဝန်ရလာသဖြင့် အံ့သြနေကြလေသည်။

"အရင်က ကလေး မရဘဲ၊ အခုမှ ကလေး ရလာတာတော့ အံ့သြစရာပဲ"

မဲကျော်က ပြောသည်။

"ဟုတ်တယ်၊ ကျွန်မလည်း အတော်အံ့သြနေတယ်၊ ကိုယ်ဝန် မရခင်တုန်းကတော့ ထူးထူးခြားခြား အိပ်မက်တစ်ခု မက်သေးတယ်"

"ဘယ်လိုမက်တာလဲ"

"ဘီလူးနဲ့တူတဲ့ လူတစ်ယောက်က ဒီမှာ လာနေမယ်လို့ ပြောသွားတယ်"

"တကယ်လို့ မွေးလာတဲ့ ကလေးက ဘီလူး ဖြစ်နေရင်တော့ ငါက အရှင်မထားဘူး၊ သတ်ပစ်မှာပဲ"

"ဟင်. . . ဘာကြောင့် သတ်ပစ်မှာလဲ"

"သူ့ကို ထားရင် ငါတို့ စားစရာ ဘာကျန်တော့မှာလဲ"

"အို. . အိပ်မက်မက်တယ်ဆိုပေမယ့် ဟုတ်ချင်မှဟုတ်မှာပါ၊ အရမ်းတော့ မလုပ်ပါနဲ့"





ဟု ပြောထားလေသည်။

လစေ့သဖြင့် ကလေးမွေးသောအခါ တစ်ကိုယ်လုံး အမွေးများ ရှိပြီး ပါးစပ်ထဲမှာ သွားအပြည့်အစုံပါသော ဘီလူး မျက်နှာမျိုးနှင့် ကလေးတစ်ယောက် မွေးလာလေသည်။

မွေးလာသော ကလေးက မိခင်ဝမ်းမှ ကျွတ်သည်နှင့် လူလစ်သော အချိန်တွင် မျက်လုံးဖွင့်ကြည့်ပြီး ကိုယ်ပေါ်မှာ ကပ်နေသော သွေးများကို လျှာဖြင့် လျက်နေလေသည်။

ထိုအခြေအနေကို မြင်သောအခါ ဝမ်းဆွဲသည်မိန်းမကြီးက မဲကျော်ကို တစ်နေရာခေါ်သွားပြီး ပြောသည်။

"မဲကျော်. . . ငါပြောရတာတော့ မကောင်းဘူး၊ မပြောဘဲထားပြန်ရင်လည်း နင်တို့လင်မယား ဒုက္ခရောက်ကြလိမ့်မယ်၊ အခုမွေးလာတဲ့ကလေးက လူမဟုတ်ဘူး၊ ဘီလူးလေးဟဲ့"

"ဘီလူးဆိုရင် အရှင်ထားလို့ မရတော့ဘူး၊ သတ်ပစ်ရမှာပဲ"

"ဒါပေမယ့် ချက်ချင်းတော့ ဘယ်သတ်ပစ်လို့ရပါ့မလဲ၊ နင့်မိန်းမက မီးတွင်းထဲမှာ သွေးနုနု သားနုနုပဲရှိသေးတာ၊ တော်ကြာ သွေးတက်ပြီး သေသွားလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ဟဲ့ သူ မီးထွက်ပြီး နေကောင်းသွားတော့မှ နင်လုပ်ချင်ရာလုပ်ပေါ့"

ဟု ပြောပြီး ဝမ်းဆွဲသည်မိန်းမကြီးက ပြန်သွားလေသည်။ ထိုအချိန်မှစပြီး မဲကျော်မှာ ဓားတစ်လက်ကိုသာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သွေးနေတော့သည်။

မီးတွင်းထဲမှာလည်း သူတို့နှစ်ယောက်ရှိနေလျှင် ကလေးက မျက်လုံးမှိတ်ထားပြီး နှစ်ယောက်စလုံး အိပ်ပျော်သွားလျှင် မျက်လုံးပွင့်လာပြီး တောင်ကြည့်မြောက်ကြည့် ကြည့်နေတတ်သည်။

မိခင်က နို့တိုက်လျှင် နို့မစို့ဘဲ ကိုက်သဖြင့် နို့မတိုက်ဝံ့တော့ပေ။

နို့မတိုက်ဘဲထားသော်လည်း အခြေအနေက ထူးခြားမသွားဘဲ ယခင်အတိုင်းပင် ရှိလေသည်။

နို့ဆာသဖြင့် ငိုခြင်းမျိုးလည်း မရှိပေ။

နောက်ပိုင်း အခြေအနေ မထူးတော့ မဲကျော်လည်း ဂရုမစိုက်တော့ဘဲ သူ့အလုပ်ကိုသာ သူလုပ်နေသည်။

ဤသို့ဖြင့် တစ်လ နှစ်လခန့် ကြာသောအခါ အမဲတစ်ကောင်ရသဖြင့် ဖျက်ကာ ရောင်းတန်တာရောင်းပြီး ပိုလျှံသောအသားများကို မီးဖိုပေါ်ရှိ ကျပ်စင်ပေါ် တင်ထားလေသည်။

မိညိုက ဟင်းမချက်နိုင်သေးသောကြောင့် ပိုသောအသားများကို ကျပ်စင်ပေါ်၌ ချိတ်ဆွဲထားသည်။

ညအချိန်ရောက်တော့ မိခင်နားမှာ သိပ်ထားသော ကလေးက မျက်လုံးဖွင့်ကြည့်သည်။

ဦးခေါင်းကိုလှည့်ပြီး ဟိုဘက်ဒီဘက်သို့ ကြည့်သည်။

ထို့ပြင် အိပ်နေရာမှ ကျပ်စင်ရှိရာသို့လည်း လှမ်းကြည့်လိုက်သေးသည်။





ထို့နောက် နေရာမှ ထထိုင်လိုက်သည်။

ထိုအချိန်မှာပင် မနီးမဝေးမှာ အိပ်နေသော မဲကျော် ပြန်နိုးလာသည်။

မဲကျော် နိုးလာမှန်းသိသောအခါ ကလေးက အိပ်ယာပေါ်သို့ ပြန်လှဲချလိုက်ကာ အိပ်နေဟန်ဆောင် နေလိုက်လေသည်။

မဲကျော်က ထထိုင်ပြီး သူ့မိန်းမကိုကြည့်သည်။

မိညိုက နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။

ထို့နောက် ပတ်ဝန်းကျင်သို့ ကြည့်သည်။

ဘာမှ ထူးခြားမှု မရှိပေ။

ထိုအခါ နေရာမှထပြီး ခြေသံမကြားအောင် လျှောက်သွားလေသည်။

မီးဖိုချောင်သို့ ရောက်သော် ကျပ်စင်အနီးမှာ ဆောင့်ကြောင့်ထိုင်ပြီး ကျပ်တင်ထားသော အသားများကို ယူစားနေလေတော့သည်။

မကြာမီ သူ့နောက်မှ တစ်စုံတစ်ယောက် ရောက်လာသောခြေသံကို ကြားလိုက်ရသဖြင့် ဖျပ်ကနဲ လှည့်ကြည့်လိုက်သည်။

အခြားသူ မဟုတ်ပေ။

မကြာသေးခင်ကမှ မွေးထားသော ကလေးပင်ဖြစ်သည်။

သို့သော်. . . ကလေးလို မဟုတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်အစားက ကလေးအရွယ်ပင် ဖြစ်သော်လည်း ကြမ်းပေါ်မှာ မတ်တတ်ရပ်လျက် မျက်ထောက်နီနီဖြင့် သူ့ကို စိုက်ကြည့်နေခြင်း ဖြစ်သည်။

မဲကျော်လည်း မကြောက်ရွံ့ပေ။

ယခင်ရက်ကတည်းက မြနေအောင် သွေးထားသည့် ဓားက မနီးမဝေးမှာ အဆင်သင့်ရှိနေသည်။

မဲကျော်က ပါးစပ်ထဲမှာ အသားခြောက်များ ဝါးနေရာမှ ကြည့်လိုက်သည်။

ထိုအခါ နောက်၌ရပ်နေသော ဘီလူးလေးက အသံထွက်လာသည်။

"ငါ့လည်း ပေးဦး၊ ကျွေးဦး"

"မင်းက ဘာကောင်လဲ"

"ငါက ဘီလူးပဲ"

"ငါ့မိန်းမဗိုက်ထဲမှာ ဝင်နေတဲ့ ဘီလူးဆိုတာလား"

"ဟုတ်တယ်"

ထိုအခါမှ အသေအချာ ကြည့်သည်။

ကိုယ်လုံးက သေးသော်လည်း တစ်ကိုယ်လုံး အမွေးများရှိနေသဖြင့် မျောက်ကိုယ်လုံးနှင့် တူလေသည်။

သို့သော် ကိုယ်ခန္ဓာထက်စာလျှင် ဦးခေါင်းက အတော်ကြီးသည်။

အုန်းသီးတစ်လုံးခန့်ရှိပြီး ကျိုးတို့ကျဲတဲ ဆံပင်တို့က မျက်နှာပေါ် ကျနေသည်။





နီရဲသော မျက်လုံးက အပြင်ဘက်သို့ ပြူးထွက်နေလေသည်။ နှာခေါင်းက အတွင်းသို့ချိုင့်ဝင်နေကာ ပါးစပ်ကတော့ ကျယ်သည်။

ကလေးအရွယ်ပင် ရှိသေးသော်လည်း ပါးစပ်ထဲ၌ သွားများရှိနေသည်။

"ဘီလူးက ဘာကြောင့် ဒီနေရာ ရောက်လာတာလဲ၊ ကိုယ့်နေရာကိုယ် နေပါလား"

ထိုစကားကြားသောအခါ ဘီလူးလေးက သွားဖြဲပြသည်။

"မင်းလည်း လူမှ မဟုတ်တာ၊ တောထဲမှာ ဇက်ကျိုးသေပြီးမှ ဖုတ်ဝင်နေတဲ့ ဖုတ်ကောင်ပဲ၊ ပြိတ္တာလောကသား အချင်းချင်း၊ ဘာကြောင့် ရန်လိုနေတာလဲ"

မဲကျော်က သူ့ကို ဖုတ်ကောင်ဟု အပြောခံလိုက်ရသဖြင့် များစွာ ဒေါသထွက်သွားသည်။

အိပ်ပျော်နေသော မိန်းမဖြစ်သူ ကြားသွားမှာလည်း စိုးရိမ်နေဟန် ရှိသည်။

"ငါ့ဖာသာ ဘာပဲဖြစ်ဖြစ်၊ မင်းနဲ့ မဆိုင်ဘူး၊ ဒီအိမ်က ထွက်သွားချင်သွား၊ မသွားရင် သတ်ပစ်ရလိမ့်မယ်"

ဟု ပြောကာ မနီးမဝေးမှာ ရှိနေသော ဓားကို ထဆွဲလေသည်။

"မင်းက ငါ့ကို သတ်မလို့လား၊ ငါကလည်း မင်းတို့ လင်မယားနှစ်ယောက်စလုံးကို သတ်ရအောင် လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မဲကျော်မှာ ဒေါသ ဖြစ်သွားလေသည်။

သူ့မိန်းမ မိညိုကိုပါ သတ်မည် ပြောသဖြင့် ပိုမိုဒေါသ ဖြစ်သွားသောကြောင့် မနီးမဝေးမှာ ရှိသော ဘီလူးလေး ရှိသော နေရာသို့ သွားကာ ဓားဖြင့် ပိုင်းချလိုက်ရာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားတော့သည်။

ထိုသို့ ပြတ်သွားပြီးမှ ဦးခေါင်းပြတ်က သူ့ဆီ ရောက်လာပြီး မဲကျော်၏လည်ပင်းနှင့် မျက်နှာကို ချွန်ထက်သော သွားများဖြင့် ကိုက်ဖြတ် စားသောက်လေတော့သည်။

မဲကျော်မှာ လက်ထဲမှာ ဓားရှိနေသော်လည်း မျက်နှာတစ်ဝိုက်သို့ ကပ်နေသော ဦးခေါင်းပြတ်ကိုတော့ ဘယ်လိုမှ ဖယ်ရှားမရတော့ပေ။

နောက်ဆုံးမှာတော့ ဘီလူးခေါင်းပြတ်၏ကိုက်ဖြတ်စားသောက်မှုကြောင့် မျက်နှာနှင့် လည်ပင်းတစ်ဝိုက်မှာ ရှိသော အသားများမှာ အကွင်းလိုက်၊ အကွက်လိုက် ပြတ်ပါသွားကြလေသည်။

ထိုကဲ့သို့ ဆူဆူညံညံ အသံများကြောင့် အိပ်မောကျနေသော မိညို ပြန်နိုးလာသည်။

သူနိုးလာသော အချိန်တွင် မီးဖိုချောင်ဘက် အမှောင်ရိပ်ထဲမှာ လုံးထွေးသတ်ပုတ်နေသည်ကိုသာ မြင်ရပြီး မည်သူမည်ဝါမှန်းတော့ မသိရသဖြင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းရလေတော့သည်။

ထိုသို့ အကူအညီတောင်းသံကြောင့် ပတ်ဝန်းကျင်၌





ရှိကြသော ရွာသူရွာသားများမှာ မီးတုတ်များ၊ ဓားလှံ လက်နက်များကိုင်ကာ ရောက်လာကြလေသည်။

၎င်းတို့ ရောက်လာသော အချိန်မှာတော့ မီးဖိုဆောင်ကြမ်းပြင်ပေါ်၌ လဲကျနေသော အံ့သြဖွယ်ရာ မြင်ကွင်းများကို တွေ့ရလေတော့သည်။

အခြား မဟုတ်ပေ။

ဦးခေါင်းတခြား၊ ကိုယ်တခြား ဖြစ်ကာ သေဆုံးနေသော ဘီလူးကလေးနှင့် တစ်ကိုယ်လုံး အရိုးပြိုင်းပြိုင်းကျကာ သေဆုံးနေသော မဲကျော် အလောင်းတို့ပင် ဖြစ်ပေသည်။

ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော အဝတ်အစားများကြောင့်သာ မဲကျော်ဟု သိကြရသော်လည်း မူလရုပ် မရှိတော့ပေ။

"ဟင်. . ဒီခေါင်းပြတ်နေတာက ဟိုတစ်လောကမှ မွေးတဲ့ သူတို့ကလေး မဟုတ်လား"

"ဟုတ်တယ်လေ၊ တစ်ကိုယ်လုံး အမွေးတွေနဲ့ ပါးစပ်ထဲမှာလည်း သွားတွေပါသေးတယ်၊ ဝမ်းဆွဲသည်မိန်းမကြီးကတော့ ဘီလူးလေး မွေးတယ်လို့ ပြောတာပဲ"

"ဒီအရိုးစုကရော ဘယ်သူလဲ"

ထိုအခါ မိညိုက ငိုယိုကာ ဝင်ပြောလေသည်။

"အဲဒါက ကျွန်မယောကျ်ား မဲကျော်ပါပဲရှင်"

"ဟင်. . မဲကျော်က ဘယ်တုန်းက သေလို့ အရိုးစုဘဝ ရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း မသိပါဘူး၊ တောထဲမှာ သေတာတော့ ကြာပြီထင်ပါရဲ့၊ ဖုတ်ဝင်နေတယ်ဆိုလား ပြောသံတော့ ကြားမိတာပါပဲ"

မိညိုက သူသိသမျှ ပြန်ပြောလေရာ ကြားရသူများမှာ များစွာ အံ့သြကြရလေတော့သည်။

"ဒါဖြင့် ဒီအိမ်ကို ဖုတ်ကောင်နှစ်ကောင် ရောက်လာပြီး သူတို့အချင်းချင်း သတ်လို့ သေကြရပြီပေါ့၊ တခြားလူတွေ သတ်ရင် ရချင်မှရမယ်၊ အခုတော့ သူတို့အချင်းချင်း ပြန်သတ်ကြတာနဲ့ သေသွားတော့လည်း အေးသွားတာပေါ့ကွာ"

ဟု ပြောဆိုကြလေသည်။

ထို့နောက် ရွာလူကြီးတစ်ယောက်က ထိုအလောင်းများကို အိမ်အပြင်သို့ သယ်ထုတ်စေကာ ထင်းများပုံပြီး မီးရှို့လိုက်တော့မှ ထိုကိစ္စများလည်း ပြီးသွားလေတော့သည်။



# အခန်း(၃)

# အသက်ဖြတ်ခြင်းကာဝမ်းစာရှာဖွေရသူများ

အင်ဒိုနီးရှားနိုင်ငံအဝှမ်းတွင် သဘာဝသစ်တောကြီးများ၊ ကျွန်းများ၊ ကျောက်တောင်များ၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ ပေါများလှပေသည်။

ဒါဇင်ပေါင်းများစွာသော မီးတောင်များကြောင့် ကျော်ကြားခဲ့သည်။

လူသူ အရောက်ပေါက်နည်းသော သစ်တောကြီးများစွာတို့ ရှိကြလေသည်။

အင်ဒိုနီးရှားနိုင်ငံကို တောင်တရုတ်ပင်လယ်က မြောက်ဘက်မှရင်း၊ ပစိဖိတ်သမုဒ္ဒရာက မြောက်နှင့် အရှေ့ဖက်မှရင်း၊



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယသမုဒ္ဒရာက တောင်နှင့် အနောက်ဖက်မှရင်း ဝန်းရံလျက် ရှိသည်။

အာရှတိုက်နှင့် ဩစတြေးလီးယားတိုက်တို့၏ အကြား၌ တည်ရှိနေသော အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းကြီးငါးကျွန်းနှင့် ကျွန်းငယ် ၃,၀၀၀ ခန့် ပါဝင်သည့် နိုင်ငံကြီး ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ပါဝင်သော ကျွန်းကြီးများမှာ ဆူမကြားကျွန်း၊ ဗော်နီယိုကျွန်း၏ ၇၂ ရာခိုင်နှုန်း ဖြစ်သော ကလီမင်တန်ပြည်နယ်၊ မဒူရာကျွန်း အပါအဝင် ဂျာဗားကျွန်း၊ စူလဝေဆီကျွန်း (ရှေးအခေါ် စဲလဗီးကျွန်း)၊ နယူးဂင်းနီကျွန်းမှ အနောက်အီရီယန်ပြည်နယ်တို့ ဖြစ်သည်။

အခြားကျွန်းငယ်များမှာ ဗာလီကျွန်း၊ လွမ်ဗော့ကျွန်း၊ တီမော်ကျွန်း၊ ဆမ်ဗန်ကျွန်း၊ ဆမ်ဗဝကျွန်း၊ ဖလိုးကျွန်း၊ အမ်ဗွိုင်နာကျွန်း၊ အရိုးကျွန်း၊ ဗုရုကျွန်း၊ စီရမ်ကျွန်း၊ ဟာလမာဟီရာကျွန်း၊ တနင်ဗာကျွန်း စသည်တို့ ဖြစ်သည်။

တနိုင်ငံလုံး လူဦးရေ၏ သုံးပုံနှစ်ပုံသည် မဒူရာကျွန်း အပါအဝင် ဂျာဗားကျွန်း၌ နေထိုင်ကြသည်။

ဂျာဗား၊ လွမ်ဗော့နှင့် ဗာလီကျွန်းတို့တွင် လူဦးရေ အထူထပ်ဆုံး ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံရှိ လူဦးရေအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် အစ္စလာမ်အယူဝါဒကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည်။

ကျန်လူဦးရေမှာ ခရစ်ယာန်အယူဝါဒီ၊ ဗုဒ္ဓဝါဒီနှင့် ဟိန္ဒူ





အယူဝါဒီများ ဖြစ်သည်။

အင်ဒိုနီးရှား တစ်နိုင်ငံလုံးတွင် ဂျာဗားကျွန်းသည် လူဦးရေများသလောက် စုံလည်းစုံသည်။

အင်ဒိုနီးရှားလူထုကို ယေဘုယျအားဖြင့် လူမျိုးကြီးလေးစု ခွဲနိုင်သည်။

၎င်းတို့မှာ တိုင်းရင်းသား အင်ဒိုနီးရှားလူမျိုးများ၊ တရုတ်လူမျိုးများ၊ အခြားအာရှတိုက်သားများနှင့် ဥရောပတိုက်သားများ ဖြစ်ကြသည်။

တိုင်းရင်းသား အင်ဒိုနီးရှားလူမျိုးများအနက် ဂျာဗားကျွန်းလူမျိုးသည် ထက်ဝက်ကျော် ပါဝင်သည်။

အင်ဒိုနီးရှားနိုင်ငံထဲ၌ ပါဝင်သောကျွန်းကြီးတိုင်း၌ လိုပင် အလယ်၌ တောင်တန်းကြီးများ ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အမြင့်ဆုံးတောင်များမှာ ဆူမကြားကျွန်းရှိ ၁၂,၄၆၁ ပေမြင့်သော ကေရင့်ဇီတောင်၊ ကလီမင်တန်ပြည်နယ်ရှိ ပေ ၇,၄၆၀ မြင့်သော ဗူကစ်ရာယာတောင်၊ ဂျာဗားကျွန်းရှိ ၁၂,၀၃၈ ပေမြင့်သော ဆိမေရုတောင်၊ ဆူလာဝေဆီကျွန်းရှိ ၁၁,၃၁၈ ပေမြင့်သော ရန်တေကူမ္ဗိုလာတောင်၊ အနောက်အီရီယန်ပြည်နယ်ရှိ ၁၆,၄၇၃ ပေမြင့်သော ကားစတင့်တောင်တို့ ဖြစ်ကြသည်။

မီးတောင်များလည်း မြောက်မြားစွာရှိ၍ ယင်းတို့အနက် မီးတောင် ၇၀ ကျော်သည် မီးရှင်တောင်များ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ ဆီနာဘန်မီးတောင်သည် နှစ်ပေါင်း ၁၀၀ နီးပါးကြာ ငြိမ်သက်နေရာမှ ၂၀၁၃တွင် ပေါက်ကွဲမှု ဖြစ်ပေါ်သည်။

သမိုင်းမတင်မီ ခေတ်က ရှေးလူများသည် အင်ဒိုနီးရှားနိုင်ငံ၌ နှစ်ပေါင်း ၅၀၀,၀၀၀ ခန့်က နေနိုင်ခဲ့ကြသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

၁၈၉၁ ခုနှစ်က ဒပ်(ချ်)သိပ္ပံပညာရှင် ယူဂျင်းဒူဗွိုင်းသည် ဂျာဗားကျွန်းအလယ်ပိုင်းရှိ ထရီနေးဟူသော အရပ်တွင် ဦးခေါင်းခွံနှင့် အရိုးခွံများကို တွေ့ရှိရာ သမိုင်းတွင် အလွန်ရှေးကျသော ဂျာဗားလူများ၏ ဦးခေါင်းခွံနှင့် အရိုးဟု ယူဆသည်။

အခြားတွေ့ရှိရသော အရိုးများနှင့် ဦးခေါင်းခွံများကလည်း ရှေးဦးလူများ နေထိုင်သွားခဲ့ဖူးကြောင်း သက်သေခံသည်။

ခရစ်မပေါ်မီ နှစ် ၁၀၀ ခန့်က အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ပလ္လဝါလူမျိုးကုန်သည်များသည် ရွက်သင်္ဘောများဖြင့် အရှေ့အိန္ဒိယကျွန်းစုများသို့ လာရောက်ကုန်ကူးကြသည်။

တစ်ကျွန်းမှတစ်ကျွန်းသို့ ရွှေ့၍လည်း တဖြည်းဖြည်း နယ်သစ်များကို ပျိုးထောင်ကြသည်။

ကျွန်းများပေါ်၌ တွေ့သော တိုင်းရင်းသားများကိုလည်း ရွှေပုတီး၊ ရွှေသွယ်ပျောင်း၊ ဆင်စွယ်ဘီးစသော အသုံးအဆောင်များကို ပေးကမ်းကာ မိတ်ဆွေဖွဲ့လျက် ရောနှောနေထိုင်ကြသည်။





ပလ္လဝါတို့သည် ရှေးဦးဆုံး ဆူမတြားကျွန်း၏ အရှေ့မြောက်ပိုင်း ကမ်းခြေတလျှောက်တွင် စတင်နေထိုင်ကြလေသည်။

မကြာမီ ဆူမတြားကျွန်း အတွင်းရှိ ကုန်းမြေမြင့်များပေါ်တွင် သစ်တပ်မြို့ကလေးပေါင်း ရှစ်မြို့ခန့် တည်ထောင်နေထိုင်ကြသည်။

သစ်တပ်မြို့ဘဝမှ အုတ်မြို့ရိုးနှင့် မြို့ဝိုင်းကလေးများ ဖြစ်လာသည်။

ပလ္လဝါတို့သည် ဗြာဟ္မဏဂိုဏ်းဝင် ဟိန္ဒူများ ဖြစ်ရာ သူတို့ ကိုးကွယ်သော ဟိန္ဒူဘုရား ရှိခိုးကျောင်းများကိုလည်း တည်ဆောက်ကြသည်။

ဆူမတြားကျွန်း၌ကဲ့သို့ပင် ဂျာဗားကျွန်း၊ ဗော်နီယိုကျွန်းတို့၌လည်း ပလ္လဝါတို့ပင် စတင်အခြေတည် ကြသည်။

ဂျာဗားကျွန်းကို စတင်အခြေတည်သော ပလ္လဝါမင်းသည် အဇိသကဟု အမည်တွင်သည်။

ပလ္လင်ဝါတို့ ကောင်းစားတိုးတက်လာသော အေဒီလေးရာခုနှစ်မှစ၍ ပလ္လဝါတို့သည် ဗုဒ္ဓအယူဝါဒကို သက်ဝင်ကိုးကွယ်ကြသူများ ဖြစ်လာကြသည်။

အရှေ့အိန္ဒိယကျွန်းများပေါ်၌ အတည်တကျ နေသားတကျ ရှိလာသောအခါ ပကတိတိုင်းရင်းသား လူမျိုးသစ်သဖွယ် ဖြစ်လာကြသည်။

ဆူမတြားတွင် သီရိဝိဇယ အမည်ရှိသော နိုင်ငံသည်



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးကြီးမား၍ ဗုဒ္ဓအယူဝါဒကို ယုံကြည်သက်ဝင်သော နိုင်ငံ ဖြစ်လာသည်။

ထိုအချိန်ထိ ဂျာဗားနှင့် ဗော်နီယိုကျွန်းတို့တွင် နေကြသူတို့ကား ဟိန္ဒူ အယူဝါဒီများအဖြစ် စွဲမြဲနေကြလျက်ပင် ရှိပေသည်။

ရှေးနှစ်ပေါင်းများစွာ ကြာသောအချိန်က အင်ဒိုနီးရှားနိုင်ငံတဝှမ်းမှာ နေထိုင်သူ လူဦးရေ မများလှဘဲ အနည်းငယ်သာ ရှိလေသည်။

နေရာ အနှံ့အပြားမှာတော့ ကျောက်တောင်၊ ကျောက်ဆောင်များနှင့် သစ်တောကြီးများကသာ ဖုံးလွှမ်းထားလေသည်။

နေထိုင်ကြသူ အများစုမှာလည်း ကျွန်းများ၊ သစ်တောကြီးများ အတွင်း၌ ကျေးရွာများ ထူထောင်ကာ နေထိုင်ကြခြင်း ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတဝှမ်းမှာ ကျွန်းစုများ အတော်ပင် များပြားလေသည်။

မြန်မာနိုင်ငံ တောင်ဘက်ပိုင်းဒေသရှိ မြိတ်ကျွန်းစုများ ရှိကြသကဲ့သို့ပင် ဖြစ်သည်။

ထိုကျွန်းများပေါ်၌လည်း သစ်တောကြီးများက လူတိုးမပေါက်အောင် ကောင်းကြသည်။

အမှန်တော့ ထိုသစ်တောကြီးများမှာ ဂမ္ဘီရဆန်သော အထိကရ သစ်တောကြီးများပင် ဖြစ်ပေသည်။

ထိုသစ်တောကြီးများ၊ ကျွန်းများပေါ်တွင် နေထိုင်ကြ





သော ရွာများမှာလည်း မြို့ပြနေထိုင်သူတို့နှင့် အလှမ်းဝေးကွာလှပြီး အဆက်အသွယ် မရှိသလောက် သီးခြားဖြစ်နေတတ်ပေသည်။

ထိုကဲ့သို့ သီးခြားကဲ့သို့ ဖြစ်နေကြသောကြောင့် အယူအဆနှင့် ဓလေ့ထုံးစံတို့မှာလည်း သီးခြားကဲ့သို့ ဖြစ်နေတတ်သည်။

အချို့ကျေးရွာများဆိုလျှင် ဂန္ဘီရဆန်လှပြီး သေသူကို ဖုတ်သွင်းပြီးမှ မိမိ အလိုရှိသောနေရာ ရောက်အောင် ခေါ်ဆောင်လာခဲ့ပြီးမှ အလောင်းကို သဂြိုလ်သော ဓလေ့များပင် ရှိကြပေသည်။

နောက်ပိုင်း အခန်းများတွင် ထိုကဲ့သို့ ဖုတ်သွင်းသော အကြောင်းများကို ထည့်သွင်းရေးသားပေးပါမည်။

ထိုကဲ့သို့ တောနက်ကြီးများထဲတွင် သီးခြားရွာတည်ပြီး နေကြသော ရွာအများအပြား ရှိကြရာ 'တိုရာဂျာ'ဟူသော ရွာတစ်ရွာလည်း အပါအဝင် ဖြစ်လေသည်။

တိုရာဂျာ တည်ရှိသော နေရာမှာ အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီဒေသတွင်း၌ ဖြစ်ပြီး ထိုကျေးရွာပတ်ဝန်းကျင်တစ်ဝိုက်တွင် သစ်တောကြီးများ၊ ကျောက်ဆောင်၊ ကျောက်တောင်များ ရှိသည်သာမက အခြားနေရာသို့ လှေဖြင့် သွားလာနိုင်သော မြစ်ချောင်းများလည်း ရှိသည်။

ထို့ကြောင့် သဘာဝ သယံဇာတများစွာ ပေါများသော နေရာတစ်ခုလည်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှာ နေကြသူများမှာ အများစုကတော့ အင်ဒိုနီးရှားလူမျိုးတို့ ဖြစ်ပြီး မလေးရှား၊ ယိုးဒယားနှင့် မြန်မာလူမျိုး အချို့လည်း ရောနှော နေထိုင်ကြလေသည်။

အခြားလူမျိုးများက အသင့်အတင့် ရှိကြသော်လည်း လူနည်းစုကတော့ မြန်မာလူမျိုး ဖြစ်သည်။

ထိုလူနည်းစုထဲတွင် နီမောင်တို့လည်း အပါအဝင် ဖြစ်လေသည်။

နီမောင်နှင့်အတူ စောထီး၊ ငမဲအောင်၊ ဦးဗန်ကောင်း အပါအဝင် အခြားသူများလည်း ရှိကြလေသည်။

တိုရာဂျာကျေးရွာသည် ရွာကြီးတစ်ရွာ ဖြစ်သည်။

ကျောက်တောင်မြင့်ကြီးများ၊ သစ်တောကြီးများကို နောက်ခံထားကာ တောင်ခြေ၌ တည်ထားသော ရွာတစ်ရွာ ဖြစ်သည်။

စုစုပေါင်း အိမ်ခြေ ၅၀ ကျော်ခန့် ရှိလေသည်။

သစ်ပေါသော အရပ်ဒေသ ဖြစ်သဖြင့် သစ်သားကို အဓိက အသုံးပြုကာ နေအိမ်များကို ဆောက်လုပ်ကြသည်။

အမိုးကိုတော့ ဝါး၊ ဓနိ၊ ဓနိုး၊ သက္ကယ်ပျစ်များ အသုံးပြုကာ မိုးကြသည်။

နေအိမ်ပုံစံများကတော့ မြန်မာနိုင်ငံမှာ အတွေ့ရများသော အိမ်ပုံစံမျိုး ဖြစ်ပြီး ခြေတံရှည်အိမ်မျိုး ဖြစ်သည်။

အိမ်အမိုး ပုံစံကတော့ မတူကြပေ။

၎င်းတို့ အိမ်အမိုး ပြုလုပ်ထားသည်က ပတ္တလားပုံ





သဏ္ဍာန်မျိုးနှင့်တူပြီး ရှေ့စွန်းနောက်စွန်း နှစ်ဘက်မြင့်ကာ အလယ်ချိုင့်ခွက်နေသော ပုံသဏ္ဍာန်မျိုး ဖြစ်သည်။

နေထိုင်ကြသူ အများစုက တော၊ လယ်၊ ဥယျာဉ်၊ တောင်ယာစိုက်ပျိုးခြင်းများအပြင် အမဲလိုက်ခြင်း၊ ငှက်သိုက်ရှာဖွေခြင်းတို့အပြင် တောထဲမှ ရနိုင်သော ပစ္စည်းတို့ကို ရှာဖွေရောင်းချကာ ဝမ်းစာရှာဖွေကြလေသည်။

ပင်လယ်၊ မြစ်၊ ချောင်းများနှင့် နီးသော ကျောက်တောင်၊ ကျောက်ဆောင်များတွင် ဇီဝဆိုးငှက်သိုက်များ ရှိလေသည်။

တောနက်ကြီးများထဲမှာလည်း မှိုနှင့် မျှစ်များစွာ ပေါလှပြီး အခြား အသီးအနှံများလည်း ရှာဖွေရနိုင်ကြသည်။

ပျားအုံများ ပေါသဖြင့် ပျားရည်လည်း ရနိုင်သည်။

အင်တွဲ၊ ပွန်းညက် စသည်တို့လည်း ရှာဖွေရနိုင်ကြသည့်အပြင် မြစ်ချောင်းများ အတွင်းမှာလည်း ငါး၊ ပုစွန်တို့ ပေါလှသောကြောင့် အစားအသောက်အတွက် မပူရသည့်အပြင် အခြားသို့ ရောင်းချလျှင်လည်း အပိုဝင်ငွေ ရကြလေသည်။

အချို့စီးပွားရေး အမြင်ရှိသူများကတော့ ရာဘာခြံ၊ ဆီထွက်အုန်းခြံများအပြင် ဒူးရင်း၊ မင်းဂွတ်၊ သရက်၊ ပိန္နဲ အစရှိသော နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးထားကြလေသည်။

နေရာတိုင်းမှာ မညီမျှခြင်းများက ရှိကြပေရာ တိုရာဂျာရွာမှာလည်း လက်လုပ်လက်စားများ ရှိသလို စီးပွားရေးအရ ချောင်လည်သူများလည်း ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့တစ်တွေ ထိုရွာသို့ ရောက်လာကြခြင်းမှာ အကြောင်း ရှိသည်။

အင်ဒိုနီးရှားလူမျိုး ဖြစ်ကြသည့် ရာဂျာနှင့် တာနာတို့ ညီအစ်ကိုနှစ်ယောက်ကြောင့်ပင် ဖြစ်လေသည်။

ထိုရွာသို့ ရွှေ့ပြောင်းမလာခင်က ကော့သောင်းဘက်တွင် နေကြပြီး ပင်လယ်ထွက်ကာ ငါးရှာဖွေခြင်း၊ ပုလဲရှာခြင်း၊ ငှက်သိုက်ရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုခဲ့ကြလေသည်။

ထိုအချိန်က ရာဂျာနှင့် တာနာတို့ ညီအစ်ကိုနှစ်ယောက်မှာ အင်ဒိုနီးရှားမှ ကော့သောင်းဘက်သို့ ရောက်လာပြီး နီမောင်တို့နှင့်အတူတူ အလုပ်လုပ်ကြသူများ ဖြစ်ကြသည်။

သို့ကြောင့် ခင်မင်ရင်းနှီးနေကြလေသည်။

နောက်ပိုင်းတွင် ငှက်သိုက်လုပ်ငန်းနှင့် ပုလဲ ရှာဖွေသော လုပ်ငန်းများမှာ ငွေရှင်ကြေးရှင်တို့က လက်ဝါးကြီးအုပ်ကာ လုပ်ကိုင်လာကြသဖြင့် သာမန်လက်လုပ်လက်စားတို့ အလုပ်လုပ်ခွင့် မသာကြတော့ပေ။

ထို့ကြောင့် ရာဂျာနှင့် တာနာတို့က အင်ဒိုနီးရှားဘက်သို့ ပြန်ရန် ပြင်ကြသည်။

"နီမောင်၊ ဒီဘက်မှာ အလုပ်မကောင်းတော့ရင် ငါတို့ဘက်လိုက်ခဲ့ပါလား၊ ဟိုမှာ ငှက်သိုက်လည်း ပေါတယ်၊ ပုလဲတွေလည်း ပေါတယ်"

"ဟုတ်တယ်ကွ၊ ငါတို့ဘက်မှာ ဒီမှာလို မဟုတ်ဘူး၊





ဘယ်နေရာမဆို လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်လို့ရတယ်၊ အင်ဒိုနီးရှားမှာ သစ်ပင်ခုတ်ရင်သာ အပြစ်ကြီးတာ၊ ကျန်တာတွေကိုတော့ လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်လို့ရတယ်"

ဟု ညီအစ်ကိုနှစ်ယောက်စလုံးက ပြောလေသည်။

သို့ကြောင့် နီမောင်က စိတ်ဝင်စားသည်။

အခြားလုပ်ဖော်ကိုင်ဘက်များနှင့် တိုင်ပင်ကြည့်တော့လည်း ယခု လုပ်နေသော နေရာမှာ ကျပ်ကျပ်တည်းတည်းဖြင့် လုပ်ကိုင်စားသောက်ရသည်နှင့်စာလျှင် လွတ်လပ်သော နေရာသို့ ရွှေ့ပြောင်းကာ လုပ်ကိုင်စားသောက်ရခြင်းက ပိုကောင်းမည်ဟု ယူဆကာ သဘောကျလေသည်။

ထို့ကြောင့် ရာဂျာတို့ ညီအစ်ကိုနှစ်ယောက်နှင့် လိုက်သွားကြရန် ဆုံးဖြတ်လိုက်ကြသည်။

ထို့နောက်မှာတော့ ကတ္တူလှေကြီးတစ်စင်းဖြင့် အင်ဒိုနီးရှားကျွန်းစုများဘက်သို့ ရွှေ့ပြောင်းရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေသည်။

အပြန်ခရီးမှာတော့ ရာဂျာနှင့် တာနာတို့ အပြင် အခြား အင်ဒိုနီးရှားအလုပ်သမားအချို့လည်း ပြန်လိုက်လာကြလေသည်။

နီမောင်တို့အဖွဲ့ကတော့ စောထီး၊ ငမဲအောင်၊ ဦးမွန်ထော်၊ သံပချိုင်တို့အပြင် ဦးဗန်ကောင်းပါ ပါလာလေသည်။

ဦးဗန်ကောင်းကတော့ သားငါးရှာဖွေသူ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့အဖွဲ့နှင့် ခင်မင်ရင်းနှီး နေသောကြောင့် လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

အင်ဒိုနီးရှား ရောက်သောအခါ ရာဂျာတို့ ဇာတိဖြစ်သော တိုရာဂျာ ကျေးရွာမှာပင် နေကြသည်။

ရွာလူကြီးကလည်း သူတို့ကို ကျေကျေနပ်နပ်နှင့်ပင် နေခွင့်ပေးသဖြင့် ရွာနှင့် တစ်ဆက်တည်း တောင်ခြေတစ်ဝိုက်မှာပင် နေအိမ်များ ဆောက်လုပ်ကာ နေခဲ့ကြလေသည်။

ရာဂျာတို့ နေသော အိမ်မှာလည်း သူတို့နေသော အိမ်နှင့် မဝေးလှပေ။

ထိုရွာသို့ ရောက်ပြီး နေရေးထိုင်ရေးအတွက် စီမံပြီးသောအခါ ဝမ်းစာအတွက် အလုပ်လုပ်ကြရသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်ကတော့ ငှက်သိုက်ရှာဖွေသော အလုပ်လုပ်ကြလေသည်။

အင်ဒိုနီးရှားတစ်ဝိုက်တွင် ကျွန်းများသည်။

ကျောက်တောင်ကျောက်ဆောင်များလည်း ပေါများသည်။

ထိုနေရာများတွင် ဇီဝဇိုးငှက်သိုက်များ ရှိသည်။

ထိုငှက်သိုက်များကို ရှာဖွေစုဆောင်း ရောင်းချခြင်းဖြင့် သူတို့အတွက် ဝမ်းစာရနိုင်သည်။

သို့သော် လွယ်လွယ်ကူကူ ရနိုင်သည်တော့ မဟုတ်ပေ။

ဇီဝဇိုးငှက်ဆိုသည်မှာ ပျံလွှားငှက် အမျိုးအနွယ်ဝင် ဖြစ်ပြီး ပျံလွှားငှက် အရွယ်အစားလောက်သာ ကြီးသည်။





လူသူ မနီးသော ကျောက်တောင်များ၊ ပင်လယ်ထဲမှာ ရှိသော ကျောက်တောင်၊ ကျောက်ဆောင်နှင့် လိုဏ်ဂူကြီးများ အတွင်း၌ နေလေ့ရှိသည်။

အသိုက်ပြုလုပ်သောအခါ လူသူ မရောက်နိုင်သော ကျောက်တောင်အမြင့်များပေါ်၌ ၎င်းတို့ အန်ထုတ်လိုက်သော ချွဲရေ အန်ဖတ်တို့ဖြင့် အသိုက်ပြုလုပ်ကြသည်။

ငှက်သိုက်ဆိုသည်မှာ ထိုအန်ဖတ်အိုကလေးများပင် ဖြစ်သည်။

ရှေးအခါကတော့ ဇီဝဇိုးငှက်သိုက်ကို သုံးစွဲရမှန်း မသိခဲ့ကြပေ။

ဆေးအဖြစ်သာ သုံးစွဲခဲ့ကြသည်။

နောက်ပိုင်းမှာတော့ စားသုံး၍ရမှန်း၊ စားသုံးလျှင် ခွန်အားတိုးပွားမှန်း သိသောအခါမှ မရမနေ ရှာဖွေစုဆောင်းပြီး စားသုံးကြရုံမကဘဲ နောက်ပိုင်း စီးပွားဖြစ် ရောင်းဝယ်ခဲ့ကြခြင်း ဖြစ်သည်။

ဇီဝဇိုးငှက်တို့ကလည်း ၎င်းတို့ အန်ဖတ်ဖြင့် ပြုလုပ်ထားသော အသိုက်ကလေးများကို မကြာခဏ ဖြုတ်ယူခံရသောအခါ အကြိမ်ကြိမ် ပြန်လုပ်ကြရသည်။

အကြိမ်များစွာ ပြုလုပ်ရလျှင်တော့ သွေးအန်ပြီး သေကြရသည်။

ထို့ကြောင့် လူတို့ မရောက်နိုင်သော ကျောက်တောင်၊ ကျောက်ဆောင် အမြင့်များပေါ် တက်ကာ အသိုက်ပြုလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အများအားဖြင့်တော့ ၎င်းတို့ အသိုက်ပြုလုပ်သော နေရာများမှာ လူသူ မရောက်နိုင်သော နေရာများမှာ ပြုလုပ်ကြသော်လည်း ငှက်သိုက်ရှာဖွေသူများကလည်း နည်းအမျိုးမျိုးဖြင့် အသုံးပြုကာ ရရှိအောင် ဆောင်ရွက်ကြသည်။

ထိုအခါ ကြောက်မက်ဖွယ်ရာကောင်းသော အန္တရာယ်ဆိုးများဖြင့် တွေ့ကြုံကြရလေတော့သည်။



# အခန်း(၄)

# ထူးဆန်းသည့် ကျောက်တလားတောင်

ရှေးအခါကတော့ ငှက်သိုက်ဆိုသည်မှာ လူသုံးများသော ပစ္စည်းမျိုး မဟုတ်သလို ရောင်းကုန်ဝယ်ကုန် ပစ္စည်းမျိုးလည်း မဟုတ်ပေ။

လူသူဝေးသော ကျောက်တောင်များ၊ ပင်လယ်တွင်း၌ရှိသောကျောက်ဆောင်များ၊ ကျွန်းများပေါ်တွင် ပင်လယ်ဂျစ်ပစီဟုခေါ်ကြသော စမင်များ၊ ဆလုံများနေကြရာ ၎င်းတို့က အောက်သို့ပြုတ်ကျနေသော ငှက်သိုက်များကိုရေဖြင့် ပြုတ်၍စားသောက်ကြရာမှ အဟာရဖြစ်ပြီး ဆေးဘက်ဝင်မှန်း သိခဲ့ကြသည်။

ရှေးအခါက ကော်ဖီကို လူတို့စားသုံးခြင်းမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် တောင်ဆိတ်များက လာရောက်စားသောက်ကြရာ ကော်ဖီစေ့ကို စားသောက်ပြီးနောက် မြူးတူးပျော်ပါးသော လက္ခဏာမျိုး ပြောင်းလဲသွားသည်ကို သတိပြုမိခဲ့ရာမှ လူတို့က ကော်ဖီစေ့ကို စားသောက်ရမှန်းသိကာ စတင်စားသုံးခဲ့ကြခြင်း ဖြစ်သည်။

ထိုကဲ့သို့ပင် ရှေးအခါက ငှက်သိုက်ကို လူတို့စားသုံးခြင်းမပြုသလို စားသုံးရမှန်းလည်း မသိခဲ့ပေ။ နောက်ပိုင်း ပင်လယ်ပြင်မှာ လှည့်လည်သွားလာ နေထိုင်ကြသော ပင်လယ်ဂျစ်ပစီများဖြစ်ကြသည့် စမင်များ၊ ဆလုံများက အောက်သို့ကျနေသည့် ငှက်သိုက်တို့ကို အခြားပင်လယ်ငှက်များ၊ မျောက်များ၊ တောဝက်စသည်တို့က အလုအယက် စားသောက် နေကြသည်ကို တွေ့မြင်ရတော့မှ စားသောက်ရမှန်း သိသွားကြသည်။

ပထမတော့ အောက်သို့ကျနေသော ငှက်သိုက်များကို ကောက်ယူလာပြီး ဒီအတိုင်း စားကြည့်သည်။ မရပေ. . .။

ထိုအခါ ရေဖြင့်ပြုတ်သောအခါ ကျောက်ပွင့်ကျောက်ခက်ကဲ့သို့ ပွလာပြီးစား၍ ရကြလေသည်။

အရသာရှိခြင်း၊ စားပြီးလျှင် ခွန်အားတိုးခြင်း၊ ပင်လယ်၌ဖြစ်သော ရောဂါတို့ကို ပျောက်ကင်းစေကြောင်း သိကြသောအခါမှ ငှက်သိုက်ကို ရှာဖွေစားသောက်ကြခြင်း ဖြစ်သည်။

ပထမတော့ ကျောက်တောင်အောက်သို့ ပြုတ်ကျနေသော ငှက်သိုက်ခြောက်များကို ကောက်ယူစားသောက်သည်။ နောက်တော့ ယူသူများလာသောအခါ ကျောက်တောင်အောက်





မှာ အလွယ်တကူ မရတော့ပေ။

သို့ကြောင့် အချို့က ကျောက်ဆောင်ပေါ် တက်ယူကြသည်။ များများရသောအခါ စားသောက်၍ မကုန်သော ငှက်သိုက်တို့ကို ၎င်းတို့လှေများပေါ်တွင် တန်းများဖြင့် ချိတ်ဆွဲထားကြလေသည်။

ကုန်သည်လှေများနှင့် တွေ့သောအခါ ထိုငှက်သိုက်များကို အခြားစားသောက်စရာများနှင့် လဲလှယ်ယူသွားကြသည်။

ထိုမှ အစပြုပြီး နောက်ပိုင်းမှာတော့ အရောင်းအဝယ်ပြုလုပ်ခဲ့ကြခြင်း ဖြစ်လေသည်။

ငှက်သိုက်ကို စားသောက်၍ရရုံမကဘဲ ရောင်းချ၍ရမှန်းသိသောအခါ လိုက်လံရှာဖွေကြသည်။

ယခင်ကကဲ့သို့ အောက်မှာ ကောက်ယူ၍ မရတော့သဖြင့် ကျောက်တောင်များပေါ်အထိ တက်ယူကြရသည်။

အချို့ လက်လှမ်းမီသောနေရာ၌ရှိသော ငှက်သိုက်တို့ကို ခက်ရင်းခွကဲ့သို့ စူးချွန်များဖြင့် ထိုးခွာယူကြလေသည်။

အင်ဒိုနီးရှားကျွန်းစုများ၌ရှိသော ကျောက်တောင်များ၊ ကျောက်ဆောင်များ၌ ရှေးအခါက ငှက်သိုက် အလွန်ပေါများသောနေရာ ဖြစ်ခဲ့သည်။

နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် ရှာဖွေသူများလာသောအခါ လွယ်လွယ်နှင့် မရတော့ပေ။ ထို့ကြောင့် အခြားသူများ မရောက်သေးသော နေရာများသို့ စွန့်စွန့်စားစားသွားကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘေးအန္တရာယ်များနှင့်လည်း ကြုံတွေ့ကြရလေသည်။

နီမောင်တို့နေသော 'တိုရာဂျာ' ကျေးရွာမှာလည်း ငှက်သိုက်ရှာဖွေသူ အတော်များများ ရှိကြသည်။ ယခုတစ်လော ငှက်သိုက်ကို ဈေးကောင်းပေးဝယ်သူများ မကြာခဏ လာရောက်လေ့ရှိသည်။

ယိုးဒယားနှင့် စင်္ကာပူနိုင်ငံများမှ ဆင်းလာသော ကုန်သည်များအပြင် မလေးရှားနိုင်ငံမှလည်း လာကြသည်။ ထိုကုန်သည်များက ငှက်သိုက်ကို အဓိကထားပြီး ဝယ်ယူကြရာ ရှာဖွေသူတို့ကလည်း ငှက်သိုက်ကို အဓိကထားပြီး ရှာဖွေရောင်းချကြသည်။

ငှက်သိုက် ရှာဖွေရန် သွားကြသောအခါ နီမောင်က စောထီး၊ ငမဲအောင်တို့နှင့် အတူတူသွားသည်။ ရာဂျာနှင့် တာနာတို့ ညီအစ်ကိုနှစ်ယောက်ကလည်း တစ်ဖွဲ့စီခွဲပြီး ထွက်ကြလေသည်။

အချိန်ကာလမှာ ၁၉၅၄ခုနှစ် ဝန်းကျင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မီးက အရှေ့တောင်အာရှဒေသသို့ ပြန့်နှံ့လောင်ကျွမ်းနေသောအချိန် ဖြစ်သည်။

ဂျပန်စစ်သားများက မြန်မာနိုင်ငံ အပါအဝင် နေရာအတော်များများကို လက်လွှတ်ပေးကာ ပြန်ဆုတ်နေကြသောအချိန်လည်း ဖြစ်သည်။ ဂျပန်တပ်များက တိုကျိုသို့ ပြန်လည်ဆုတ်ခွာရာမှာ အင်ဒိုနီးရှားမှာ ဖြတ်လမ်းတစ်ခု ဖြစ်နေသော





ကြောင့် ဒေသခံတို့မှာ သတိထားနေကြရသည်။

သို့သော်လည်း စစ်ဘေးစစ်ဒဏ် ရှိနေသော်လည်း ဝမ်းစာအတွက် ရှာဖွေသူများကတော့ ညောင်သီးလည်းစား၊ လေးညှို့သံလည်းနားထောက်၊ ဆိုသော အခြေအနေမျိုးဖြင့် ရှာဖွေစားသောက်ကြရလေသည်။

ယခုလည်း ရွာမှ ကိုယ့်အဖွဲ့နှင့်ကိုယ် ထွက်ခဲ့ကြလေသည်။ ရွာမှ ထွက်ကြစဉ်က အတူတကွ ဖြစ်သော်လည်း ရွာအပြင်သို့ ရောက်သည်နှင့် ကိုယ့်အစီအစဉ်ဖြင့် ကိုယ်သွားကြလေသည်။

နီမောင်တို့မှာလည်း 'တိုရာဂျာရွာ'သို့ ရောက်နေခဲ့ကြသည်မှာ လအတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် နေရာအတော်များများသို့ ရောက်ခဲ့ဖူးကြလေပြီ။

ရွာပြင်ရောက်တော့မှ စောထီးက မေးသည်။

"သူတို့တော့ ကျွန်းစုတွေ ရှိတဲ့ ပင်လယ်ဘက်ကို သွားကြပြီ ငါတို့ ဘယ်နေရာသွားကြမလဲ"

"သူတို့က ပင်လယ်ဘက်သွားရင် ငါတို့က အတွင်းပိုင်းကို ဝင်ကြမယ်၊ အဲဒီမှာ ကျောက်တောင်တွေ ရှိတယ်"

နီမောင်က ပြောတော့ ကျန်နှစ်ယောက်က အတန်ကြာအောင် စဉ်းစားနေကြလေသည်။ ပြီးမှ. . .

"ရာဂျာတို့ ပြောသံကြားတာတော့ အဲဒီဘက်မှာ ကျောက်တောင်ကြီးတစ်တောင် ရှိတယ်တဲ့၊ နာမည်ကတော့ ကြောက်စရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ"

"'ကျောက်တလားတောင်'လို့ ပြောတယ်၊ အဲဒီမှာ ငှက်သိုက်တွေ အများကြီးရှိတယ်လို့ ပြောသံကြားတယ်"

"ငှက်သိုက်တွေ ရှိပါရက်နဲ့၊ သူတို့က ဘာကြောင့် မသွားကြတာလဲ"

"ငါလည်း မသိဘူး၊ ဒါပေမယ့် အဲဒီ ကျောက်တောင်ကြီးက ရှေးအခါက လူသေတွေ မြှုပ်တဲ့ နေရာတစ်ခုလို့ ပြောသံကြားတာပဲ၊ ကြောက်လို့ မသွားကြတာ ဖြစ်မှာပေါ့"

ငမဲအောင်စကား ကြားသောအခါ နီမောင်နှင့် စောထီးတို့နှစ်ယောက်က စိတ်ဝင်စားသွားကြသည်။

"ငှက်သိုက်တွေ ရှိရင်တော့ သူတို့သွားကြမှာပါ၊ မသွားတာက တခြား အကြောင်းတစ်ခုခု ရှိလို့ ဖြစ်မှာပါ"

"ငါတို့ သွားကြည့်မလား နီမောင်"

စောထီးက စိတ်အားထက်သန်စွာ မေးလိုက်သည်။

"ငါလည်း စိတ်ဝင်စားပါတယ်၊ သူများပြောတာကို နားထောင်ပြီး မလုပ်တာနဲ့စာရင် ကိုယ်တိုင်သွားကြည့်တော့ လက်တွေ့မြင်ရ၊ သိရတာပေါ့၊ သွားကြတာပေါ့"

သူတို့သုံးယောက်တွင် နီမောင်က ဦးဆောင်သူ ဖြစ်သောကြောင့် သူပြောလျှင် ကျန်နှစ်ယောက်က မငြင်းကြပေ။

ထို့ကြောင့် သုံးယောက်သား ရွာအနောက်ဘက်သို့ ဦးတည်လျက် ထွက်ခဲ့ကြလေသည်။ ထိုနေရာမှ ထွက်လာတော့ နံနက်ပိုင်းအချိန် ကျော်ခဲ့ပေပြီ။ လမ်းတစ်လျှောက်မှာလည်း





ကျောက်တောင်ကျောက် ဆောင်များတွေ့ရပြီး အချို့ကျောက်တောင်များ၏နံရံတွင် အ ပေါက်များဖောက်ကာ ခေါင်းတလားများ ထည့်သွင်းထားသည်ကို လှမ်းမြင်ရသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ကျေးလက်တောရွာများ၌ နေထိုင်ကြသော မိသားစုများမှ တစ်ဦးတစ်ယောက် သေဆုံးသွားပါက အလောင်းကို ခေါင်းတလားနှင့်ထည့်ကာ ကျောက်တောင်နံရံများ၌ ထည့်သွင်းထားလေသည်။

မြင့်မားသော ကျောက်တောင်နံရံတို့တွင် လေးထောင့်ပုံသဏ္ဍာန် အပေါက်များဖောက်ကာ ထိုအထဲသို့ ခေါင်းတလားများ ထည့်ထားကြသည်။

ထိုသို့ ထည့်ထားသော အလောင်းများမှာ နှစ်ပေါင်းများစွာ ကြာသည့်တိုင် မပျက်မစီးဘဲ မူလရုပ်အတိုင်း ကျန်ခဲ့ကြတော့သည်။ နှစ်ပေါင်း ၅၀ ကျော်ခန့် ကြာသော အလောင်းများမှာ ပင်ကိုယ်ခန္ဓာ မပျက်စီးဘဲ မူလရုပ်မပျက်ဘဲ ရှိနေတတ်သည်။

ထိုဒေသမှာ ရုပ်အလောင်းကို သဂြိုဟ်ကြရာတွင် နည်းအမျိုးမျိုး ရှိကြရာ ရှေ့အခန်းများတွင် ထည့်သွင်းရေးသားဖော်ပြပါမည်။

နီမောင်တို့သုံးယောက်မှာ ရေဗူး၊ ရိက္ခာထုပ်များအပြင် အခြား လက်နက် ကိရိယာတို့လည်း ပါလာကြသည်။ ဓား၊ လှံ၊ ဒူးလေး၊ မြားပူး၊ သံစူးချွန်၊ သံချိတ်၊ ကြိုးခွေ စသည်တို့ ပါလာကြသည်။ သူတို့သည် အလောင်းများထည့်ထားသော ကျောက်တောင်ကြီးများ အနီးမှ ဖြတ်ကာ တောလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်စူးစူးသို့ ခရီးဆက်ခဲ့ကြသည်။

ထိုနေရာသည် ပင်လယ်နှင့် နီးသောနေရာ ဖြစ်ပြီး ကျောက်တောင်၊ ကျောက်ဆောင်များလည်း များသည်။

နောက်ဆုံးမှာတော့ ကျောက်ဆောင်မြင့်ကြီးများ အစီအရီ ရှိနေသော နေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာသည် သစ်တောကြီးများနှင့် ပင်လယ်ကမ်းခြေနှင့်မဝေးသော ကြားနေရာလောက်တွင်ရှိသည်။ ထိုနေရာရောက်တော့ မွန်းလွဲပိုင်းအချိန် ရောက်နေလေသည်။

ထို့ကြောင့် သုံးယောက်သား ကြီးမားသော သစ်ပင်ကြီးတစ်ပင် အောက်မှာ ဝင်နားရင်း ပါလာသော အစားအသောက်တို့ကို စားသောက်ကြလေသည်။

ထိုသို့ စားသောက်နေစဉ် တစ်နေရာဆီမှ ပျံ့လွင့်လာသော အသံတစ်သံကို မသဲမကွဲ ကြားကြရလေသည်။

ထို့ကြောင့် နားစွင့်ကြည့်လိုက်ကြသည်။

သူတို့ နားစွင့်ကြည့်စဉ် အသံက ပြန်ပျောက်သွားလေသည်။ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စားသောက်စရာများကို စားသောက်ပြန်သောအခါ စောစောက ကြားရသောအသံမျိုး ထပ်ကြားရပြန်သည်။ အခြားတော့ မဟုတ်ပေ။

တစ်နေရာဆီမှ ပျံ့လွင့်လာ သောအသံမှာ ကလေးငိုသံလိုလို မပီမသနှင့် တစ်စုံတစ်ခု ပြောနေသော စကားသံများပင် ဖြစ်သည်။

ဒီတစ်ခါတော့ သဲသဲကွဲကွဲ ကြားကြရခြင်း ဖြစ်သည်။





"ကလေးငိုသံ မဟုတ်လား"

"စကားပြောသံလည်း ကြားရသေးတယ်"

"အသံကြားရတာတော့ ဒီနေရာတစ်ဝိုက်ကပဲ"

ထိုသို့ အချင်းချင်း ပြောပြီး ကြည့်လိုက်တော့လည်း သူတို့ ရောက်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ အခြားသစ်ပင်များနှင့် ထူထပ်စွာ ပေါက်နေသော ဝါးတောများကိုသာ တွေ့ရပြီး အခြားတော့ မတွေ့ရပေ။

နီမောင်က စားသောက်ရင်းနှင့် တစ်စုံတစ်ခုကို သတိပြုမိသွားလေသည်။ သူတို့ ရောက်နေသည့် သစ်ပင်ကြီး၏ ပင်စည်တွင် လေးထောင့်ပုံသဏ္ဌာန် အပေါက်များ ရှိနေပြီး သစ်သားချပ်များနှင့် ပြန်ပိတ်ထားခြင်း ဖြစ်သည်။

ပိတ်ထားသော သစ်သားချပ်တို့မှာလည်း နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ဟန်ဖြင့် ကျီးပေါင်းများ တက်နေချေပြီ။

ကျီးပေါင်းတက်နေသော နေရာများမှာ အချို့ပျဉ်ပြားချပ်ကိုပင် မမြင်ရတော့ဘဲ ကျီးပေါင်းထုတက်နေပြီး ဖုလုံးကြီးများ ဖြစ်နေလေတော့သည်။

"စောစောက ကြားရတဲ့ အသံက ဒီသစ်ပင်ကြီးထဲက ကြားရတာ ဖြစ်မယ်၊ ပင်စည်မှာ လေးထောင့်အပေါက်ပေါင်းတွေ ရှိတယ်"

နီမောင်က ပြောလိုက်သည်။

"လူသေအလောင်းထည့်တဲ့ ခေါင်းတလားတွေများ ထည့်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သစ်ပင်ထဲတော့ ခေါင်းတလားထည့်ဖို့ မဖြစ်နိုင်ဘူး"

"ဖောက်ကြည့်မလား"

"အစီအရင် လုပ်ထားတာဆိုရင် ငါတို့အတွက် အန္တရာယ် တွေ့နိုင်တယ်၊ ထားလိုက်တာပဲ ကောင်းပါတယ်"

ဟု နီမောင်က ပြောရာ ကျန်နှစ်ယောက်က ထွေထွေထူးထူး ထပ်မပြောကြတော့ပေ။

စားသောက်ပြီးသောအခါ သုံးယောက်သား ကျောက်တောင်များ ရှိရာသို့ ဆင်းလာကြသည်။ ထိုနေရာ ရောက်တော့ အခြားကျောက်တောင်များနှင့် မတူဘဲ တစ်မူထူးခြားနေသော ကျောက်တောင်ကြီးတစ်တောင်ကို လှမ်းမြင်ကြရသည်။

ထိုကျောက်တောင်ကြီး၏ပုံသဏ္ဌာန်မှာ လေးထောင့်ပုံသဏ္ဌာန် ရှိပြီး အလျားလိုက် ရှည်မျောမျော ဖြစ်နေသောကြောင့် ခေါင်းတလားကြီးတစ်လုံး ချထားသည်နှင့် များစွာ တူလှပေသည်။

"ဒါကျောက်တလားတောင် ဖြစ်ရမယ်၊ ပုံသဏ္ဌာန် ကြည့်ရတာတော့ စိတ်ထဲက မနှစ်မြို့ချင်စရာပဲ"

ငမဲအောင်က ပြောသည်။

"ငါတို့က ဒီကျောက်တောင်ကြီး ယူသွားမှာမှ မဟုတ်တာ၊ ဒီကျောက်တောင်ပေါ်မှာ ရှိတဲ့ ငှက်သိုက်တွေပဲ ယူမှာဆိုတော့ ကြောက်စရာ မလိုပါဘူး"

ငမဲအောင်က ပြန်ပြောပြီး ကျောက်တောင်ခြေသို့ သွားကြလေသည်။ ကျောက်တောင်ကြီးနှင့် မနီးမဝေး ရောက်တော့





ဇီဝဇိုးငှက် အမြောက်အမြား ပျံသန်းနေသည်ကို လှမ်းမြင်ရသည်။ အချို့နေရာတို့တွင် ပြုတ်ကျနေသော ငှက်သိုက်အချို့ ရှိနေသော်လည်း အကောင်းတော့ မဟုတ်ပေ။ ပြုတ်ကျသော ငှက်သိုက်များကို တောတိရစ္ဆာန်တို့က လာရောက်စားသောက်ကြသဖြင့် အပိုင်းအစလေးများသာ ကျန်ခဲ့တော့သည်။

တောင်နံရံကို မော့ကြည့်လိုက်တော့ အံ့သြဖွယ်ရာကောင်းသော မြင်ကွင်းအချို့ကို လှမ်းမြင်ရသည်။

အချို့နေရာများတွင် ကျောက်တောင်နံရံကို အပေါက်ဖောက်ပြီး ခေါင်းတလားများကို ထည့်ထားသည်။

အချို့နေရာမှာတော့ အထဲသို့ မထည့်တော့ဘဲ နံရံမှာပင် တန်းဖြင့်တင်ထားသည်။ အချို့က ချိတ်ဆွဲထားသည်။

ချိတ်ဆွဲထားသည်ဆိုသော်လည်း ကျောက်စွန်းများပေါ်တွင် တင်ထားခြင်းဆိုက မမှားပေ။ နှစ်ပရိစ္ဆေဒ ကြာမြင့်ပြီ ဖြစ်သောကြောင့် အချို့မှာ ပျက်စီးနေသည်။

အချို့ ဖရိုဖရဲ ဖြစ် နေကြသည်။ ထိုသို့ ခေါင်းတလားများ ပျက်စီးနေသောကြောင့် အတွင်းမှာရှိသော အရိုးများက တစွန်းတစနှင့် အပြင်ထွက်နေကြသည်။

တစ်နေရာမှာတော့ အပေါ်မှ နွယ်ကြိုးများကျနေ သဖြင့် အတွင်းသို့ လှမ်းမမြင်ရသော်လည်း ကျောက်နံရံ၌ လိုဏ်ခေါင်းကြီးရှိနေပြီး အတွင်း၌ အရာဝတ္ထုအချို့ ရှိနေသည်ကို တော့ သတိပြုမိလေသည်။

နီမောင် စိတ်ထဲမှာတော့ ဒီလောက် ဇီဝဇိုးငှက်များ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်များသည့် နေရာသို့ ငှက်သိုက်ရှာဖွေသူများ အဘယ်ကြောင့် မလာဝံ့ကြသော အချက်ကို စဉ်းစားနေလေသည်။

သို့သော်လည်း သူတို့ အနေဖြင့် ထိုနေရာသို့ ယခု အကြိမ်မှသာ ရောက်ဖူးခြင်း ဖြစ်သောကြောင့် ဘာမှမသိကြရ သေးနိုင်ပေ။

ထို့နောက်မှာတော့ သုံးယောက်သား ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သင့်တော်သော နေရာ၌ စခန်းချပြီး နောက် ကျောက်တောင်ပေါ် တက်ရန် ပြင်ကြလေသည်။

"နီမောင်ရေ၊ ငါတော့ ဒီကျောက်တောင်ကြီး ကြည့်ရ တာ စိတ်ထဲမှာ တစ်မျိုးပဲ၊ ဘာပဲဖြစ်ဖြစ် အလုပ်လုပ်ကြတဲ့ နေရာ မှာတော့ သတိဝီရိယလေးနဲ့ လုပ်ကြဟေ့"

ငမဲအောင်က ပြောသည်။

"ဘာမှ စိုးရိမ်မနေပါနဲ့ကွာ၊ ဘယ်နေရာမှာ ဘာပဲလုပ် လုပ် သတိရှိနေဖို့ပါပဲ၊ နောက်တစ်ချက်က စိတ်ထဲမှာ ဥပါဒ်ဒဏ် မရှိကြစေနဲ့၊ ဥပါဒ်ဒဏ်ရှိနေရင် အဲဒါက ကိုယ့်ကို ပြန်ပြီး အန္တရာယ်ပေးတတ်တယ်၊ နောက်တစ်ချက်က ဘာပဲလုပ်လုပ် ဖြစ်ရမယ်၊ အောင် မြင်ရမယ်လို့ပဲ စိတ်ထဲမှာ ထားပြီး လုပ်ကြရ တယ်ကွ၊ ဒီလိုဆိုရင် ဘာမဆို အောင်မြင်နိုင်ပါတယ်"

ဟု အားပေးစကားပြောလိုက်ရာ ကျန်နှစ်ယောက် လည်း ဘာမှ ထပ်မပြောကြတော့ပေ။



# အခန်း(၅)
# အမှောင်ထဲမှ ဖုတ်ကောင်များ

ကျောက်တောင်နှင့် ကျောင်းဆောင်အမြင့်ဖျားအပေါ် သို့ ရောက်အောင် တက်ရသော ကိစ္စမှာ လွယ်ကူလှသည်တော့ ဟုတ်ပါချေ။

အများအားဖြင့်တော့ တောင်ထိပ်ရောက်အောင် တက် သောလမ်း မရှိသည်က များသည်။

ထို့ကြောင့် တက်ရောက်ရန် မလွယ်ကူလှပေ။

အချို့ကျောက်တောင်တို့မှာ လူသားတို့ကို အလွယ် တကူ အပေါ်သို့ မရောက်စေလိုသဖြင့် နည်းအမျိုးမျိုးဖြင့် ဟန့် တားထားကြသည်။

အချို့ကျောက်တောင်များမှာ အချို့အပေါ်၌ သစ်ပင် များရှိပြီး အချို့မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များ ရှိနေလျှင် တက်ရတာ လွယ်ကူသော်လည်း သစ်ပင်မရှိဘဲ ပြောင်ဖြစ်နေလျှင်တော့ တက်ရတာခက်သည်။

ယခု မြင်နေရသော ကျောက်တလားတောင်မှာ လေးထောင့်ပုံသဏ္ဍာန် ရှိသော ကျောက်တုံးကြီးကို ဒီအတိုင်း ချထားသကဲ့သို့ ထီးထီးကြီး ရှိနေသော တောင်မျိုး ဖြစ်လေသည်။

တောင်အရွယ်အစားက ကြီးသလောက် မတ်စောက်လှသည်။

ကျောက်နံရံတွင် ခေါင်းတလားထည့်ထားသော အပေါက်များ ရှိနေသည်ကလွဲပြီး အခြား ဘာမှမရှိပေ။

ထိုကျောက်တောင်ကြီး၏ ကျောက်နံရံများမှာတော့ ခေါင်းတလားထည့်သော အပေါက်များစွာ ရှိသလို ဇီဝစိုးငှက်များအသိုက်ပြုလုပ်ထားသော နေရာများလည်း ရှိနေဟန်တူသည်။

ကောင်းကင်ပေါ်၌ ပျံဝဲနေကြသော ဇီဝစိုးငှက်ကလေးများကို လှမ်းမြင်ရသည်။

ထို့နောက်မှာတော့ သုံးယောက်သား လိုအပ်သော ပစ္စည်းများကို အိတ်တစ်လုံးစီဖြင့် ကျော၌လွယ်ကာ ကျောက်တောင်ပေါ်သို့တက်ရန် ပြင်ကြသည်။

သူတို့သည် အပေါ်သို့တက်ရန် အဆင်ပြေနိုင်မည့် လမ်းကို ရွေးချယ်ပြီးနောက် သံစူးချွန်များ၊ သံချိတ်များ၊ တူကြီးများကို အသုံးပြုကာ ကျောက်တောင်ပေါ်သို့ စတင်တက်ကြသည်။ ကတူးကနန်းဒေသဘက်၌ နေထိုင်ကြသော ပျူးလိုက်





မှုဆိုးတို့သည် ပျားအုံရှိသော သစ်ပင်များပေါ် တက်သည့် နည်းမျိုးပင် ဖြစ်သည်။

အပင် လုံးပတ်ကကြီး၊ အကိုင်းအခက်၊ အဖုအထစ်မရှိသော သစ်ပင်မြင့်များပေါ် တက်သည့်အခါ စို့များရိုက်ပြီး တစ်ဆင့်ချင်း တက်ကြရသည်။

သံစို့ မသုံးနိုင်သဖြင့် သစ်သားစို့တို့ကို သုံးကြသည်။

သစ်ပင်၌ ရိုက်သွင်းထားသော စို့မှာလည်း လူတစ်ယောက်အလေးချိန် ခံနိုင်မှဖြစ်သည်။

စို့တစ်ချောင်းရိုက်လိုက်၊ အပေါ်တက်လိုက်၊ နောက်စို့တစ်ချောင်း ရိုက်လိုက် အပေါ်တက်လိုက်ဖြင့် သစ်ပင်ခွကြားရောက်သည်အထိ တက်သွားကြသည်။

ယခု ကျောက်တောင်နံရံများမှ တက်သောအခါမှာတော့ သစ်သားစို့များ အသုံးပြု၍ မရသောကြောင့် သံစို့များကို အသုံးပြုရသည်။

ကျောက်သားများ ဟနေသော ကွဲမနေသော နေရာအတွင်းသို့ သံစို့ ရိုက်ထည့်ပြီး ကြိုးများဖြင့် ဆွဲတက်ကြရခြင်းဖြစ်သည်။

ထိုသို့ တက်သွားကြရာ ခေါင်းတလားများရှိသော ဂူပေါက်ဝသို့ရောက်လျှင် ခဏနား၍ရသည်။

ဂူပေါက်များ အတွင်းမှာတော့ အရိုးစုများနှင့် ကျိုးပဲ့ပျက်စီးနေသော ခေါင်းတလား အချို့ကို တွေ့ရသည်။

အချို့ အရိုးစုများပင် မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလားများ ထည့်သွင်းထားသော နေရာများမှာ ကျောက်တောင်နံ့ရံ အလယ်နေရာလောက်၌ရှိသောကြောင့် ပေ အတော်မြင့်သောနေရာမျိုး ဖြစ်သည်။

ကျောက်တောင်က မတ်စောက်ပြီး မြင့်လှသော ထိုနေရာများတွင် ကျောက်တောင်နံရံကို ခေါင်းတစ်လုံးစာထည့်၍ ရအောင် မည်သို့မည်ပုံ ထွင်းခဲ့ကြသည်။

ထိုနေရာရောက်အောင် လေးလံလှသော ခေါင်းတလားကြီးများ မည်သို့မည်ပုံ တင်ခဲ့ကြသည်ကိုတော့ မသိနိုင်ကြပေ။

အီဂျစ်ပြည်၌ ပိရမစ်များ ဆောက်လုပ်စဉ် တန်ချိန်ပေါင်းများစွာ လေးသော ကျောက်တုံးကြီးများကို မြင့်လှသော နေရာများသို့ မည်သို့မည်ပုံ ရောက်အောင် မ,တင်ခဲ့ကြသည်ကို သိပ္ပံပညာရှင်များက မသိကြပေ။

ထိုအချိန်က စက်ယန္တရားကြီးများ မရှိသေးသောကြောင့် လူအင်အားဖြင့် မည်သို့မည်ပုံ တင်ခဲ့ကြသည်ကို သိပ္ပံပညာရှင်များ၊ သုတေသီများက မစဉ်းစားတတ်အောင် ဖြစ်ခဲ့ကြသည်။

မဟာဂန္ဓာရီ ပညာရှင်များကတော့ တန်ချိန်ပေါင်းများစွာလေးလံသော ကျောက်တုံးကြီးများအား လိုသောနေရာရောက်စေရန် လူအားဖြင့် တင်ခဲ့ခြင်းမဟုတ်ဘဲ မန္တာန်စွမ်းအားဖြင့် စေခိုင်းကာ လိုသောနေရာရောက်အောင် တင်ခဲ့ကြသည်ဟု ယူဆကြသည်။





ယခုလည်း လေးလံလှသော ခေါင်းတလားကြီးများအား မန္တာန်စွမ်းအားဖြင့် သူ့အလိုအလျောက် လေထဲမှာပျံဝဲတက်သွားပြီးနောက် လိုသောနေရာရောက်အောင် ပို့ပေးခဲ့ကြလေသလားတော့ မသိပါချေ။

သုံးယောက်သား တဖြည်းဖြည်းနှင့် ကြိုးစားတက်သွားကြရာ နောက်ဆုံးတွင် ကျောက်တလားတောင်ထိပ်ပေါ်သို့ ရောက်သွားကြလေသည်။

ကျောက်တောင်ပေါ် ရောက်တော့ ညနေပိုင်းအချိန် ရောက်နေချေပြီ။

ကျောက်တောင်မှာ အတော်မြင့်သောကြောင့် ထိုနေရာမှကြည့်လျှင် အဝေးမှ ရှုခင်းများ၊ မြင်ကွင်းတို့ကို လှမ်းမြင်ရသည်။

စိမ်းညို့နေသော သစ်တောကြီးများ၊ တောင်ညိုတောင်တန်းများ၊ မီးတောင်များ၊ ကျောက်ဆောင်၊ ကျောက်တောင်များ အပြင် ပင်လယ်ရေပြင်ကို တစွန်းတစ လှမ်းမြင်ရသည်။

အဝေးမှ အိပ်တန်းပျံလာသော ပင်လယ်ငှက်မျိုးစုံတို့ကို တွေ့ရသည်။

အများဆုံးကတော့ ဇီဝစိုးငှက်ကလေးများ ဖြစ်ကြသည်။

ငှက်ကလေးများက အသိုက်ပြုလုပ်ထားကြသော နေရာသို့ ပျံလာကြခြင်းဖြစ်ရာ ကောင်းကင်၌ စက္ကူစများ ပြန့်ကြဲထားသကဲ့သို့ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရောက်နေသော ကျောက်တလားတောင်တစ်ဝိုက်မှာလည်း အများဆုံး တွေ့ရသည်။

ငှက်ကလေးများက ငှက်သိုက်များ ပြုလုပ်ထားရာ ကျောက်တောင်ပေါ်သို့ လူများ ရောက်နေသည်ကို မြင်ကြသော်လည်း ကြောက်ရွံ့ခြင်း မရှိဘဲ ၎င်းတို့ပြုလုပ်ထားသော အသိုက်ရှိရာသို့ ပျံဝင်သွားကြသည်။

ငှက်များ အိပ်တန်းတက်ကြလေပြီ။

"နီမောင် ဘယ်လိုလုပ်မလဲ၊ ဒီကနေ့တော့ ငှက်သိုက်ခွာဖို့ အချိန် မရှိတော့ဘူး"

"ဒီအချိန်က ငှက်တွေ အိပ်တန်းတက်ချိန်ဆိုတော့ သူတို့ကို အနှောင့်အယှက်ပေးလို့ မဖြစ်တော့ဘူး၊ ဒီအချိန်မှာ သူတို့ အသိုက်ကို ခွာယူရင် ကျိန်ဆဲကြလိမ့်မယ်"

"ဘယ်လိုကျိန်ဆဲမှာလဲ"

"ပျားဖွပ်သလိုပေါ့ကွာ၊ သူတို့ဆောက်ထားတဲ့အိမ်ကို ဖျက်ပြီး သူတို့ ရှာဖွေစုဆောင်းတာကို လုယူသွားတဲ့ လူတွေကို ပျားကောင်တွေက ကြည်ကြည်ဖြူဖြူပေးလိုက်တာမှ မဟုတ်တာ"

နီမောင်စကားကို ကျန်နှစ်ယောက်က နားထောင်နေကြသည်။

"ဒီတော့ သူတို့က ကျိန်ဆဲကြတယ်၊ သူတို့ အသိုက်အအုံဖျက်တဲ့လူတွေ ဘေးအန္တရာယ်နဲ့ တွေ့ပါစေလို့ ကျိန်ဆဲကြတယ်"

"ပျားဖွပ်တဲ့လူတွေကတော့ သိကြမှာ မဟုတ်ဘူးနော်"





"ဇီဝစိုးငှက်ကလေးတွေလည်း ဒီလိုပဲ၊ သူတို့အန်ဖပ်ဘလေးတွေနဲ့ လုပ်ထားတဲ့ အသိုက်ကို လူတွေခွာယူသွားရင် ပြန်လုပ်ရတယ်၊ အကြိမ်ကြိမ် ခွာယူလို့ အကြိမ်ကြိမ် ပြန်လုပ်ရချင်တော့ သွေးအန်ပြီး သေကြရတယ်"

စောထီးနဲ့ငမဲအောင်က သက်ပြင်းချလိုက်ကြသည်။

သူတို့ သက်ပြင်းချပုံက စိတ်မသက်မသာ ဖြစ်သဖြင့် ချလိုက်သော သက်ပြင်းချသံမျိုး ဖြစ်သည်။

"ငါတို့လည်း ပျားဖွပ်တဲ့လူတွေလိုပဲ နေမှာပါပဲ၊ ဇီဝစိုးငှက်ကလေးတွေရဲ့ ကျိန်ဆဲတာ ခံချင်ခံကြရမှာပဲနော်"

"ဒီလိုလည်း မတွေးနဲ့ပေါ့ကွာ၊ ဆင်းရဲတော့လည်း ဒီလိုပဲလုပ်ကြရတာပဲပေါ့၊ တစ်ခုတော့ရှိတယ်၊ ဘယ်အလုပ်ပဲ လုပ်လုပ်၊ စည်းကမ်းနဲ့လုပ်ရင်တော့ ခံရတဲ့သူလည်း သက်သာတယ်၊ လုပ်တဲ့သူလည်း အပြစ်သက်သာနိုင်မှာပေါ့"

"ဘယ်လိုမျိုးလဲကွာ၊ ပြောပါဦး"

"ဥပမာပြောရရင် ပျားဖွပ်ကြတယ်ဆိုပါစို့၊ ပျားအုံကို ဖျက်ဘဲ ပျားရည်ရှိတဲ့ ပျားသလက်ကို တစ်ဝက်ယူ၊ တစ်ဝက်ချန်ထားခဲ့တာမျိုး၊ ဇီဝစိုးငှက်သိုက်ယူရင်လည်း သွေးစလေးတွေပါတဲ့ ငှက်သိုက်မျိုးတွေ့ရင် မယူဘဲ ထားခဲ့တာ ပိုကောင်းတာပေါ့"

"ဒါပေမယ့်ကွာ စီးပွားရှာတဲ့သူတွေက ဒီလိုဆင်ခြင်နိုင်ကြတာ သိပ်မရှိပါဘူး၊ တွေ့တာနဲ့ အခွင့်အရေးရတာနဲ့ အကုန်ယူကြတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကြသည်။

ညနေပိုင်း အချိန်တွင် အိပ်တန်းပျံလာသော ငှက်သံများဖြင့် ဆူညံနေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ ညဦးပိုင်း အချိန်ရောက်သောအခါ တဖြည်းဖြည်းနှင့် အသံများပျောက်သွားတော့သည်။

အနောက်ဘက် ကောင်းကင်ပြင်၌ ဆည်းဆာ၏လက်ကျန်ဖြစ်သော တိမ်နီများ ရှိနေသေးသော်လည်း တောင်ထိပ်ပေါ်မှာတော့ မှောင်သွားချေပြီ။

ထို့ကြောင့် သုံးယောက်သား တစ်ညနားရန်အတွက် လေကွယ်မိုးကွယ်ဖြစ်မည့် နေရာတစ်ခုကို လိုက်လံရှာဖွေကြရာ ကျောက်တုံးကြီးများကြား တစ်နေရာ တွေ့သဖြင့် ထိုနေရာမှာပင် တစ်ညအိပ်ရန် ဆုံးဖြတ်ကြလေသည်။

ကျောက်တလားတောင်မှာ အတော်ကြီးသော တောင်ဖြစ်သည်။

တောင်ထိပ်တွင် မီးတောင်ကဲ့သို့ တွင်းပေါက်ဟောင်းများရှိသည်။

ကျောက်တုံးကြီးများ ရှိသည်။

သို့သော် သစ်ပင်တော့ မရှိပေ။

ညအချိန် ရောက်လာတော့ ပင်လယ်ပြင်မှ တိုက်ခတ်လာသောလေကြောင့် အေးလာသော်လည်း မီးမွှေး၍မရပေ။

လေတိုက်နေသည်ကတစ်ကြောင်း၊ မီးဖိုရန် ထင်းမရှိသောကြောင့် ဖြစ်သည်။





"အေးလာပြီ မီးဖိုရှိရင် ကောင်းမယ်"

"ထင်းမှ မရှိတာ၊ ဘယ်လိုလုပ်မလဲ"

"ကျောက်တောင်နံရံမှာ ခေါင်းတလားတွေရှိတယ်၊ အဲဒါတွေ ဆွဲယူပြီး မီးမွှေးရင်ရမယ်"

"သေတဲ့လူတွေက သူတို့ခေါင်းတလားတွေယူပြီး မီးရှို့ရင် သဘောကျမယ် မထင်ဘူး၊ ဒီတစ်ညတော့ ဒီလိုပဲနေကြတာပေါ့ကွာ"

ဟု ပြောဆိုပြီး လေကွယ်သော ကျောက်တုံးနံဘေးသို့ ဘပ်ကာ ပါလာသော အစားအသောက်တို့ကို စားသောက်ပြီးနောက် ကျောက်တုံးကို ကျောမှီပြီး အိပ်ကြလေသည်။

ပင်ပန်းလာကြသည်က တစ်ကြောင်း၊ ပင်လယ်လေ တဖြူးဖြူးနှင့် ရှိနေသောကြောင့် မကြာခင် အိပ်ပျော်သွားကြလေသည်။

နီမောင်က တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးသော နေရာတစ်ခု ရောက်နေသောကြောင့် စိတ်ချလက်ချ မရှိဘဲ သတိထားပြီး အိပ်လေသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ တစ်စုံတစ်ခုကြောင့် ဖျပ်ကနဲ ပြန်နိုးလာသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေသည်။

ကောင်းကင်မှာ လရောင် အသင့်အတင့် ရှိနေသောကြောင့် ဝိုးတဝါးတော့ မြင်နေရသည်။

သူပြန်နိုးလာသောအချိန်မှာ ဘယ်အချိန်ရှိနေမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



ရသော်လည်း ညဦးပိုင်း အချိန်လောက်တော့ လေမထိုက်တော့ပေ။

နီမောင်က ကျောက်တုံးများအပေါ်သို့ ကြည့်လိုက်သည်။

စိတ်ထဲမှာ ထိတ်ကနဲ ဖြစ်သွားလေသည်။

အခြား မဟုတ်ပေ။

ကျောက်တုံးများပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသည့် မည်းမည်းသဏ္ဍာန်များကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုသဏ္ဍာန်များကို လရောင်ဖြင့် ဝိုးတဝါးမြင်နေရရာ လူနှင့် ပုံပန်းသဏ္ဍာန်တူသော်လည်း လူတော့ မဖြစ်နိုင်ပေ။

တစ်ကိုယ်လုံး အရိုးပြိုင်းပြိုင်းကျကာ ပုံပျက်ပန်းပျက် ဖြစ်နေသော မိစ္ဆာကောင်များနှင့်ပင် တူလေသည်။

ထို့ပြင် ကျောက်တုံးပေါ်မှာ ထိုင်နေသည်က တစ်ကောင်တည်း မဟုတ်ပေ။

ပတ်ပတ်လည်၌ ရှိသော ကျောက်တုံးများပေါ်၌ ထိုင်နေခြင်းဖြစ်ရာ နှစ်ဆယ်ခန့် ရှိပေသည်။

"ဘာကောင်တွေလည်း မသိဘူး၊ ဒီကျောက်တောင်ထိပ်ပေါ်မှာ လူတွေနေတာတော့ မဟုတ်နိုင်ဘူး"

ဟု တွေးပြီး အိပ်ပျော်နေသော ကျန်နှစ်ယောက်ကို လက်ဖြင့် ပုတ်နိုးလိုက်သည်။

"ဟင်. . . ဘာလဲ"





"ဘာလဲ. . . နီမောင်"

စောထီးနှင့် ငမဲအောင် နိုးလာသောအခါ နီမောင်က ကျောက်တုံးများပေါ်သို့ ပြလိုက်သည်။

"ဟင်"

"ဘာကောင်တွေလဲ"

"ငါလည်း မသိဘူး၊ ငါတို့အိပ်နေတုန်း ကျောက်တုံးပေါ် တက်ဆောင့်ကြောင့်ထိုင်ပြီး ငုံ့ကြည့်နေတာပဲ"

"လူတွေတော့ မဟုတ်ဘူး၊ မကောင်းဆိုးဝါးတွေ ဖြစ်ရမယ်"

"ဒါပေမယ့် အခုထိတော့ ဘာမှ အန္တရာယ်မပေးသေးဘူး"

"အန္တရာယ်မပေးသေးတာက ကြောင်က ကြွက်ကိုစားတာနီး ထိုင်ကြည့်သလိုမျိုး ကြည့်နေတာကွ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"အခုမှတော့ ဘယ်လိုမှ လုပ်လို့မရဘူး၊ ပြေးလို့လည်း မဖြစ်တော့ဘူး၊ ဒီတော့ အခြေအနေသာ ကြည့်နေပေတော့"

ဟု အချင်းချင်း တီးတိုးပြောဆိုနေကြစဉ် အပေါ်ဘက်မှ အသံတစ်သံ ထွက်လာသည်။

"ဒီကို ဘာအတွက် ရောက်လာတာလဲ"

အသံက ခတ်လေးလေးပင် ဖြစ်သည်။

ထိုအခါ စောထီးက လေသံတိုးတိုးဖြင့် ပြောပြန်သည်။

"လူစကားပြောတတ်တယ်၊ သရဲတစ္ဆေတွေတော့ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဟန်မတူဘူး"

ထိုအချိန်၌ အပေါ်ဘက်မှ မေးသံထပ်ကြားရသည်။

"ဒီနေရာကို ဘာအတွက်လာတာလဲ"

"ငှက်. . . ငှက်သိုက်လာရှာတာပါ"

"ကျူးကျော်လှချည်လား၊ ဒီနေရာမှာ ငှက်သိုက်မယူရဘူးဆိုတာ မသိဘူးလား"

"ကျွန်တော်တို့က ဒီနယ်သားတွေ မဟုတ်ပါဘူး။ ဒီနယ်အကြောင်းလည်း ဘာမှမသိကြသေးပါဘူး၊ ဒါထက် ခင်ဗျားတို့က ဘယ်သူတွေလဲ"

နီမောင်က အရဲစွန့်ပြီး ပြန်မေးလိုက်သည်။

"ငါတို့က ဖုတ်ကောင်တွေပဲ"

စောစောကတည်းက မကောင်းဆိုးဝါးတွေနှင့် တူသည်ဟု ထင်နေကြရာ ယခုကဲ့သို့ 'ဖုတ်ကောင်'တွေဟု ပြောသောအခါ နည်းနည်းတော့ လန့်သွားသည်။

"ကျွန်တော်တို့က ဒီနေရာအကြောင်းတွေလည်း ဘာမှမသိကြပါဘူး၊ ငှက်သိုက်လိုချင်ရင် ဘယ်လိုလုပ်ရမလဲ"

"တစ်ခုခုနဲ့ လဲယူရမှာပေါ့"

"ဘာနဲ့ လဲရမှာလဲ"

"အသက်နဲ့ လဲယူရင်တော့ ရပါတယ်"

ထိုစကား အဓိပ္ပာယ်ကို ကြားသောအခါ ငမဲအောင်က

"အခုမှပဲ ရှင်းသွားတော့တယ်၊ ငှက်သိုက်ခွာရင် သတ်ပစ်မယ်လို့ ပြောတာပဲ"





ဟု တိုးတိုး ပြောသည်။

"ဒီလိုဆိုရင် အခုငါတို့က ငှက်သိုက်မှ မခွာရသေးတော့ မသတ်သေးမယ့်သဘော ဖြစ်မှာပေါ့"

စောထီးကလည်း သူလိုရာဆွဲတွေးကာ စိတ်သက်သာမှုရစေရန် ဝင်ပြောလိုက်သည်။

ထိုအခြေအနေမျိုး ရောက်မှတော့ နောက်ထပ် ဘာမှလည်းပြောစရာ မလိုတော့သဖြင့် သုံးယောက်သား ငြိမ်နေလိုက်ကြလေသည်။

အပေါ်မှ ဆောင့်ကြောင့်ထိုင်ပြီး ငုံ့ကြည့်နေကြသော မည်းမည်းသဏ္ဌာန်များထံမှလည်း နောက်ထပ် ဘာသံမှ မကြားရတော့ပေ။

အချိန်ကလည်း ညဉ့်နက်ပိုင်း ရောက်နေပြီမို့ လရောင်ကမြင့်တက်လာချေပြီ။

သို့သော်လည်း ကျောက်တုံးပေါ်မှ ဆောင့်ကြောင့်ထိုင်နေသော မည်းမည်းသဏ္ဌာန်များကတော့ မထသေးဘဲ ငုံ့ကြည့်မြဲငုံ့ကြည့်နေကြသည်။

ထိုသို့ ငုံ့ကြည့်နေသော်လည်း နောက်ထပ်ထွေထွေထူးထူး စကားတော့ ထပ်မပြောတော့ပေ။

နီမောင်တို့သုံးယောက်မှာလည်း ၎င်းတို့က ထိုင်ကြည့်နေသောကြောင့် အိပ်ဝံ့ဖို့မဆိုထားနှင့် မလှုပ်ဝံ့အောင်ပင် ရှိကြလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအချိန် ကျော်



www.burmeseclassic.com

www.burmeseclassic.com



လွန်ပြီးနောက် အရုဏ်တက်ချိန်သို့ပင် ရောက်တော့ပေမည်။

"အခုထိ မသွားကြသေးပါလား။ တစ်ညလုံး ငါတို့ကို ပွဲကြည့်သလိုမျိုး ထိုင်ကြည့် နေကြတာပါလား"

"ကြည့်ပေစေပေါ့ကွာ၊ မိုးလင်းတော့လည်း သူ့နေရာသူ ပြန်သွားကြမှာပေါ့"

ထိုသို့ပြောရင်းမှာပင် တဖြည်းဖြည်းနှင့် အရုဏ်တက်ချိန် ရောက်လာချေပြီ။

အရှေ့ဘက် ပင်လယ်ပြင်ပေါ်မှာ အရုဏ်ဦး အလင်းရောင်များ တက်လာချေပြီ။

ထိုအချိန်ရောက်သောအခါမှ ကျောက်တုံးများပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး သူတို့ကို ငုံ့ကြည့်နေသော ဖုတ်ကောင်များမှာ တစ်ကောင်ပြီးတစ်ကောင် ထသွားကြလေရာ အလင်းရောင်ရလာသောအခါ တစ်ကောင်မျှ မရှိကြတော့ပေ။

ထိုအခါမှပင် နီမောင်တို့ သုံးယောက်မှာ သက်ပြင်းချနိုင်ကြလေတော့သည်။



## အခန်း (၆)

# ထူးဆန်းစွာတွေ့ရသောမိန်းကလေး

နီမောင်တို့သုံးယောက်လည်း တစ်ညလုံး မအိပ်ကြရသဖြင့် အရုဏ်တက်ချိန်ရောက်ပြီး မိစ္ဆာများ ရှင်းသွားတော့မှ စိတ်ချလက်ချဖြစ်ကာ အိပ်ကြရလေသည်။

အချိန် မည်မျှကြာအောင် အိပ်ပျော်သွားကြသည် မသိသာ။

နေအတော်မြင့်သောအခါမှ အိပ်ပျော်နေရာမှ ပြန်နိုးလာကြလေသည်။

ထိုအခါမှထကာ အပြင်သို့ ထွက်ခဲ့ကြလေသည်။

ကျောက်တောင်ထိပ်ပေါ်မှာတော့ ကျောက်တုံးကျောက်ဆောင်များမှလွဲပြီး အခြား ဘာမှမမြင်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု သာယာနေသဖြင့် ကောင်းကင်၌ ဇီဝစိုးငှက်ကလေးများ ပျံဝဲနေကြလေသည်။

ယခုတော့လည်း တောင်ထိပ်ပေါ်မှာ ရှင်းလင်းနေကာ သာယာသော အခြေအနေမျိုး ဖြစ်နေပြန်သဖြင့် ရင်းတို့ ညက တွေ့ခဲ့ရသော၊ ကြားခဲ့ရသော အဖြစ်အပျက်တို့မှာ အမှန်ဟုတ်ပါလေစဟု သံသယဝင်ကြလေသည်။

ထို့နောက်မှာတော့ သုံးယောက်သား တောင်ထိပ်ဝန်းကျင်သို့ နေရာအနှံ့ လိုက်လံကြည့်ကြလေသည်။

တောင်ထိပ်မှာ အတော်ပင် ကျယ်ဝန်းသော်လည်း ထူးထူးခြားခြားတော့ ဘာမှမတွေ့ရပေ။

သစ်ပင်များမရှိဘဲ အချို့နေရာများတွင် ကျောက်တုံးကျောက်ဆောင်များ ရှိသည်။

အချို့နေရာများမှာတော့ မီးတောင်အပေါက်ဝကဲ့သို့ တွင်းပေါက်ဟောင်းများ ရှိသည်။

ညက တွေ့လိုက်ရသော မိစ္ဆာများမှာ ထိုတွင်းပေါက်များထဲမှ တက်လာကြသလားဟု ထင်သဖြင့် အံသေအခြာ ကြည့်တော့လည်း မဖြစ်နိုင်ပေ။

အဘယ်ကြောင့်ဆိုသော်. . .

တွင်းပေါက်ကြီးများမှာ အဖုအထစ်များ မရှိဘဲ ပြောင်ချောနေလျက်ရှိကာ တွင်းနက်ကြီးများ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

အချို့ တွင်းနက်ကြီးများမှာ အတော်ပင် ကျယ်ဝန်းလှ





ပေသည်။

ရှေးအခါက ချော်ရည်များ မှုတ်ခဲ့သော အခြေအနေမျိုး ရှိသော်လည်း အဖုအထစ်များမရှိဘဲ ပြောင်ချောလျက် ရှိလေသည်။

"ဒီတွင်းတွေက အတော်နက်တယ်၊ ညက တွေ့ရတဲ့ ဘုတ်ကောင်တွေက ဒီတွင်းတွေထဲက တက်လာတာများ ဖြစ်လေလေလား"

"မပြောနိုင်ဘူး၊ ဒီလိုမှ မဟုတ်ရင်လည်း ကျောက်တောင်နံရံမှာ ထည့်ထားတဲ့ခေါင်းတလားတွေထဲက ထလာတာတွေလည်း ဖြစ်နိုင်တယ်"

နီမောင် စကားကြောင့် ကျန်နှစ်ယောက်စလုံး ပခုံးတွန့်ပြကြလေသည်။

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"သူတို့ပြောတဲ့အတိုင်း ဘာမှမယူဘဲ ဒီနေရာက ပြန်ဆင်းသွားကြမှာလား"

"ဒါကတော့ မဖြစ်နိုင်ဘူးထင်တယ်၊ ဒီနေရာရောက်အောင် အတော်ကလေး ကြိုးစားပြီး လာခဲ့ကြရတာ၊ မိစ္ဆာတွေပြောလို့ ဒီအတိုင်း ဘာမှမရဘဲ ပြန်သွားရင် မကောင်းဘူးထင်တယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"နေ့ခင်းဘက်တော့ မိစ္ဆာတွေနဲ့ တွေ့မယ်မထင်ဘူး၊ ဒီတော့ တစ်နေ့လုံး ရသမျှ ငှက်သိုက်တွေခွာယူပြီးတော့ ည



www.burmeseclassic.com

www.burmeseclassic.com



နေပိုင်းရောက်တော့မှ တောင်အောက် ပြန်ဆင်းသွားကြရင် မကောင်းဘူးလား"

"မင်း သဘောပဲလေ၊ ငါတို့နှစ်ယောက်ကတော့ ဘာပဲဖြစ်ဖြစ် မကြောက်ကြပါဘူး"

ဟု ပြန်ပြောကြသည်။

ထိုသို့ တိုင်ပင်ကြပြီးနောက် ကျန်နေသေးသော အစားအသောက်များကို ဝမ်းပြည့်အောင် စားသောက်ပြီးနောက် ငှက်သိုက်ခွာရန် ပြင်ကြလေသည်။

ကျောက်တောင်ကြီးပေါ်၌ ရှိသော ကျောက်တောင်ကျောက်ဆောင်များတွင် ဦးစွာ လိုက်လံရှာဖွေကြသော်လည်း မတွေ့ရပေ။

ဇီဝစိုးငှက်တို့သည် ၎င်းတို့ပြုလုပ်သော ငှက်သိုက်များအား လူနှင့် အခြားတိရစ္ဆာန်တို့ နှောက်ယှက်ဖျက်ဆီးမည့် အန္တရာယ်မှ ကင်းဝေးစေရန် လွယ်ကူစွာ ရောက်နိုင်သောနေရာများ၌ မပြုလုပ်ကြပေ။

လူမတက်နိုင်သော၊ အခြားတိရစ္ဆာန်များ အလွယ်တကူ မရောက်နိုင်သော ကျောက်တောင်၊ ကျောက်ဆောင်နံရံတို့တွင် ပြုလုပ်လေ့ ရှိကြသည်။

ဂူကြီးများအတွင်း၌ ဆိုလျှင်လည်း အထက်မျက်နှာကျက်နှင့် ဘေးနံရံများ၌သာ ပြုလုပ်လေ့ရှိသည်။

အများအားဖြင့်တော့ လူသူမနီးသော ပင်လယ်ထဲမှ ကျောက်ဆောင်များ၌သာ ပြုလုပ်ကြလေသည်။





နီမောင်တို့ သုံးယောက်သည် ကျောက်တောင်အပေါ်၌ရှိသော နေရာများတွင် ရှာဖွေကြည့်သော်လည်း မတွေ့ရသဖြင့် ကျောက်တောင်နံရံများသို့ ဆင်းရန် ပြင်ဆင်ကြသည်။

ထိုသို့ ဆင်းရာ၌လည်း ကြိုး၊ သံစူး၊ သံချိတ်များကို အသုံးပြုကြရလေသည်။

ဦးစွာ ခိုင်ခံ့သော ကြိုးရှည်၏အဖျား တစ်စကို သစ်ပင်ရှိလျှင် သစ်ပင်၌ချည်ပြီး၊ သစ်ပင်မရှိပါက ကျောက်တုံးကျောက်ဆောင်များ၌ ချည်နှောင်ထားရသည်။

သို့မဟုတ် ချည်နှောင်စရာ ဘာမှမရှိလျှင်တော့ အသင့်ယူဆောင်လာသော သံချွန်များကို ကျောက်ကြားထဲသို့ ခိုင်မြဲအောင်စိုက်ပြီးမှ ခိုင်မြဲအောင် ချည်ထားရသည်။

ပြီးလျှင် ထိုကြိုးစကို ခါးမှာချည်ထားပြီး ကျောက်တောင်နံရံမှ တဖြည်းဖြည်းချင်း လျှောဆင်းရလေသည်။

ခါးတွင် ဓား၊ သံချွန်၊ ငှက်သိုက်ခွာရန် ခက်ရင်း၊ ငှက်သိုက်ထည့်ရန် ခြင်း၊ မီးခြစ် စသည်တို့ကို တစ်ပါတည်း ယူဆောင်သွားကြသည်။

ဇီဝစိုးငှက်သိုက်များမှာ ကျောက်တောင်နံရံရှိ ချိုင့်ခွက်များ၊ ကျောက်စွန်းများပေါ်မှာ ပြုလုပ်ကြသည်။

ငှက်ကလေးများက အန်ထုတ်လိုက်သော အချွဲရည်တို့ဖြင့် အသိုက်ပြုလုပ်ကြသည်။

အများအားဖြင့်တော့ အဖြူရောင်ဖြစ်ပြီး အချို့မှာ အညိုရောင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ကာစတွင် ပျော့နေသော်လည်း နောက်တွင် လေတိုက်၍သော်လည်းကောင်း၊ နေအပူရှိန်ကြောင့်သော်လည်းကောင်း ချက်ချင်းခြောက်ကာ မာသွားလေသည်။

ထိုငှက်သိုက်ကလေးများကို စူးချွန်၊ ခက်ရင်းတို့ဖြင့် စိမ်ပြေနပြေ ခွာယူပြီးနောက် ခြင်းထဲထည့်ယူရသည်။

ငှက်ကလေးများမှာ ၎င်းတို့ပြုလုပ်သော ငှက်သိုက်ကလေးများကို တစ်ကြိမ်ခွာယူသွားပါက နောက်တစ်ကြိမ် ထပ်လုပ်သည်။

ထိုငှက်သိုက်ကိုလည်း ငှက်သိုက်ရှာဖွေသူများ တွေ့သဖြင့် ရှာဖွေယူသွားလျှင်သော်လည်းကောင်း၊

အခြားအကြောင်း တစ်ခုခုကြောင့် ပျက်စီးသွားပါက နောက်တစ်ကြိမ် ထပ်လုပ်ရပြန်သည်။

ဤသို့ဖြင့် အကြိမ်ကြိမ် ပြုလုပ်ရသောအခါ အန်လိုက်သော အန်ဖပ်ထဲတွင် သွေးစကလေးများ ပါလာတတ်သည်။

ထိုကဲ့သို့ သွေးစပါလာသော ငှက်သိုက်ကို ထပ်မံအယူခံရ၍ ထပ်မံလုပ်ရလျှင်တော့ အန်ရဖန်များသဖြင့် ရင်ကွဲပြီး သေလေတော့သည်။

ထို့ကြောင့် အချို့ငှက်သိုက် ရှာဖွေသူတို့က ငှက်သိုက်တွင် သွေးစသွေးနကလေးများ ပါနေသည်ကို တွေ့မြင်ရပါက မခွာဘဲ ချန်ထားပေးခဲ့ကြသည်။

လောဘကြီးသူများနှင့် တွေ့ပါက အလွတ်မပေးဘဲ ခွာယူကြလေသည်။





နီမောင်တို့သုံးယောက် စွန့်စွန့်စားစား ရောက်နေကြသော နေရာမှာ ကျောက်တလားတောင်ပင် ဖြစ်၏။

ခေါင်းတလားကြီးတစ်လုံးနှင့် ပုံသဏ္ဌာန်တူသည်က တစ်ကြောင်း၊ ကျောက်တောင်နံရံ၌ ရှေးအခါကတည်းက မြှုပ်နှံခဲ့သော ခေါင်းတလားများ ရှိသည်က တစ်ကြောင်းကြောင့် ကျောက်တလားတောင်ဟု အမည်ပေးထားကြဟန် ရှိသည်။

ထိုကျောက်တောင် ရှိသော နေရာမှာ လူနေရွာများနှင့် ဝေးလံသော နေရာ၌ ရှိလေသည်။

ဒေသခံများက ထိုကျောက်တောင်ရှိသော နေရာသို့ မလာကြပေ။ ထိုကျောက်တောင်၌ ငှက်သိုက်အလွန်ပေါသည်။

သို့သော် ငှက်သိုက်ရှာဖွေသူများက မလာကြပေ။

အခြား နေရာသို့သာသွားပြီး ထိုကျောက်တောင်ကိုတော့ ရှောင်ကြလေသည်။

'ဘာကြောင့်လဲ'ဟု မေးလျှင် ကြောက်စရာကောင်းသောကြောင့် မသွားကြခြင်း ဖြစ်ကြောင်း ပြန်ပြောကြသည်။

နီမောင်တို့ကတော့ ထိုနယ်သားများ မဟုတ်ပေ။

ထိုကျောက်တောင်ကို မရောက်ဖူးကြသလို ထိုတောင်နှင့် ဝတ်သက်သည့် အကြောင်းများကိုလည်း မသိကြပေ။

ထို့ကြောင့်လည်း ယခုကဲ့သို့ စွန့်စွန့်စားစား ရောက်လာကြခြင်း ဖြစ်လေသည်။

လူသူ အရောက်အပေါက် မရှိသောကြောင့်ပေလော မပြောတတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်တောင်နံရံများ၌ ငှက်သိုက်များ ပေါလှသည်။ ကျောက်နံရံတွင် ချိတ်ဆွဲထားသော ခေါင်းတလား အပျက်အစီးများ အပေါ်၌ပင် အတော်များများ ရှိနေသည်။

ထိုငှက်သိုက်တို့မှာ လေဒဏ်၊ မိုးဒဏ်၊ သဘာဝရာသီဥတုဒဏ်ကြောင့် သူ့အလိုအလျောက် ပြုတ်ကျနေခြင်း ဖြစ်သောကြောင့် အလွယ်တကူ ကောက်ထည့်ကြရုံသာ ဖြစ်သည်။

နေ့လည်ပိုင်း အချိန်အထိ သုံးယောက်သား တက်ညီလက်ညီ ငှက်သိုက်ခွာကြရာ အတော်ပင် ရကြလေသည်။

နေ့လည်အချိန်ရောက်တော့ ကျောက်တောင်ပေါ် ပြန်တက်ပြီး နားကြသည်။ အစားအသောက်များကို စားသောက်ရင်း စကားပြောနေကြသည်။

"အခုအချိန်ထိတော့ ဘာအနှောက်အယှက်မှ မတွေ့ရသေးဘူး၊ ညက မြင်ခဲ့ကြားခဲ့ကြတာတွေတောင် တကယ် ဟုတ်ရဲ့လားလို့ ထင်စရာပဲ"

"ဟုတ်တော့ ဟုတ်မှာပါ၊ နေ့အချိန်မို့ လာပြီး မနှောက်ယှက်ကြတာလည်း ဖြစ်မှာပါ"

"ငှက်သိုက်တွေလည်း အတော်ရနေပြီ၊ တစ်ရက် နှစ်ရက်လောက် စုလိုက်ရင်တော့ အတော်များများရမှာပဲ"

"ဒါထက် ညကျရင် ငါတို့ ဘယ်မှာ အိပ်ကြမလဲ၊ တောင်ခြေမှာ အိပ်မှာလား၊ တောင်ထိပ်ပေါ်မှာပဲ အိပ်ကြမှာလား"

"ဒီနေရာတွေမှာ တောကောင်မျိုးစုံ ရှိတာဆိုတော့ တောင်ခြေမှာ အိပ်ရတာ စိတ်မချရဘူး၊ တောင်ထိပ်ပေါ်မှာပဲ





တက်အိပ်ကြတာပေါ့"

"တောင်ထိပ်ပေါ်မှာ အိပ်တာကတော့ စိတ်ချရပါတယ်၊ ဒါပေမယ့် ညရောက်ရင် ဖုတ်ကောင်တွေများ ရောက်လာကြဦးမလား မသိဘူး"

"တကယ်လို့ ရောက်လာတော့လည်း အခြေအနေကြည့်လုပ်ကြတာပေါ့ကွာ"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ထို့နောက် စားသောက်ပြီး၍ မွန်းလွဲပိုင်းအချိန် ရောက်သောအခါ အလုပ်ပြန်လုပ်ရန် ပြင်ဆင်ကြသည်။

မနက်ပိုင်း ရှာဖွေခဲ့သော နေရာတစ်ဝိုက်တွင် ငှက်သိုက်မရနိုင်တော့သဖြင့် အခြားနေရာပြောင်းရန် တိုင်ပင်ကြလေသည်။

ကျောက်တလားတောင်မှာ အရှေ့နှင့် အနောက် သွယ်တန်းထားသောတောင် ဖြစ်ပြီး ပင်လယ်ဘက်သို့ မျက်နှာမူနေသော တောင်ဘက်ခြမ်းတွင် သစ်ပင်များ မရှိသော်လည်း သစ်တောများဘက် မျက်နှာမူနေသည့် မြောက်ဘက်ခြမ်းဘက်မှာမူ သစ်ပင်များ ရှိသည်။

ကျောက်တောင်ထိပ်တွင် သစ်ပင်များ ရှိသလို တောင်နံရံတို့၌ သစ်ပင်များ ပေါက်သည်။

ထို့ကြောင့် ထိုနေရာဘက်မှာ တွဲလောင်းကျနေသည့် နွယ်ကြိုးများ၊ သစ်ကိုင်းသစ်ခက်တို့က ရှုပ်ထွေးနေသည်။

ကျောက်တောင်နံရံမှာလည်း ချိတ်ဆွဲထားသော ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တလားအကျိုးအပျက်များ၊

ဂူပေါက်များထဲမှာ ထည့်ထားသော ခေါင်းတလားများ ရှိနေကြသည်။ ချိတ်ဆွဲထားသော ခေါင်းထားသည့် ခေါင်းတလားများမှာ လေဒဏ်မိုးဒဏ်ကြောင့် ပျက်စီးနေကြပေပြီ။

ထို့ပြင် နှစ်ပေါင်းများစွာ ကြာခဲ့သောကြောင့်လည်း ဆွေးမြေ့ပျက်စီးနေလေရာ အတွင်း၌ ထည့်ထားသည့် အရိုးစုများက အောက်သို့ ပြုတ်ကျသည်က ပြုတ်ကျ၊ တစ်ပိုင်းတစ်စ အပြင်ရောက်နေသည်က ရောက်နေနှင့် ဖရိုဖရဲ ရှိနေကြတော့သည်။

အချို့သော လူဦးခေါင်းခွံတို့မှာ ပြိုပျက်နေသော ခေါင်းတလား အတွင်းမှသော်လည်းကောင်း၊

အချို့လည်း ကျောက်စွန်းများပေါ်တွင် တင်နေကြရာ ရုတ်တရက် ကြည့်ပါက ထိုနေရာသို့ ရောက်လာသူတို့ကို စောင့်ကြည့်နေသကဲ့သို့ ရှိသည်။

သို့သော်လည်း ထိုနေရာတစ်ဝိုက်မှာလည်း ငှက်သိုက်များ ပေါများလှသောကြောင့် နီမောင်တို့သုံးယောက်မှာ ထိုကျောက်တောင်ဘက်တွင် ငှက်သိုက်ရှာကြလေသည်။

ထိုကျောက်တောင်ဘက်ခြမ်းတွင် သစ်ပင်များ ရှိသဖြင့် ထိုသစ်ပင်တို့တွင် ဆိုင်းကြိုးများချည်ကာ တောင်နံရံသို့ ဆင်းကြသည်။

သုံးယောက်သား တစ်နေရာနှင့်တစ်နေရာ မဝေးလှပေ။ နီမောင် ဆင်းသောဘက်၌ နွယ်ကြိုးများနှင့် သစ်ပင်





သစ်ကိုင်းများ ရှုတ်ထွေးလှသည်။

ထိုနေရာမျိုးတွင် မြွေဆိုးများ ရှိနိုင်ပေရာ သတိထားပြီး လုပ်ရလေသည်။

အချို့မလွတ်သော သစ်ကိုင်းနှင့် နွယ်များကိုလည်း ဓားဖြင့် ခုတ်ထွင်ဖယ်ရှားပစ်ရသည်။

အချို့နေရာများတွင် ကျောက်တောင်နံရံပေါ်မှာ ချိတ်ဆွဲထားသော ခေါင်းတလားအပျက်အစီးများပေါ်၌ တင်နေသော ငှက်သိုက်များကို အဆင်သင့် တွေ့ရသည်။

သဘာဝအလျောက် ပြုတ်ကျနေသည့် ငှက်သိုက်များပင် ဖြစ်သည်။

ထိုငှက်သိုက်များကိုတော့ ထွေထွေထူးထူး ခွာယူစရာမလိုဘဲ ခြင်းထဲသို့ ကောက်ထည့်ယူရုံသာ ဖြစ်သည်။

တစ်နေရာတွင် မပျက်စီးသေးသော ခေါင်းတလားကြီး တစ်လုံး တွေ့ရသည်။

အဖုံး မရှိတော့ပေ။

နီမောင်က အနီးသို့ ကပ်သွားပြီး အတွင်းသို့ ငုံ့ကြည့်လိုက်သည်။

အံ့ဩစရာကောင်းသော အချက်က ထိုခေါင်းတလားထဲမှာ လူအရိုးစု မရှိပေ။

အောက်ခံပျဉ်ချပ် ရှိနေသေးသော်လည်း ထည့်ထားသော အလောင်း၏အရိုးစု မတွေ့ရသဖြင့် အံ့ဩသွားသည်။

ခေါင်းတလားထဲမှာ လူအရိုးစု မရှိသော်လည်း အပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျနေသော ငှက်သိုက်များကတော့ အတော်များများ ရှိနေလေသည်။

နှစ်များစွာ အပေါ်မှ ပြုတ်ကျလာသော ငှက်သိုက်များကို ခေါင်းတလားကြီးဖြင့် ခံကာ စုပေးထားသကဲ့သို့ ရှိလေသည်။

နီမောင်က ထိုအခြေအနေကို မြင်သောအခါ များစွာ ဝမ်းသာသွားလေသည်။

"ငှက်သိုက်တွေ မနည်းပါလား"

ထိုသို့ တွေးတောကာ ခေါင်းတလားထဲ၌ ရှိသော ငှက်သိုက်တို့ကို ကောက်ယူကာ ခြင်းတောင်းထဲထည့်လေသည်။

ပလိုင်းတစ်လုံးစာမျှ ရလေသည်။

ထို့ကြောင့် အပေါ်ပြန်တက်ပြီး ရသမျှ ငှက်သိုက်တို့ကို တစ်နေရာမှာ စုထားပြီး နောက်တစ်ခေါက် ပြန်ဆင်းပြန်လေသည်။

အချိန်က ညနေပိုင်း အချိန်ဘက်သို့ ရောက်နေချေပြီ။

နေရောင်ခြည်ရသော နေရာများတွင် အလင်းရောင်ရနေသော်လည်း နေရောင်ခြည် မရှိသော နေရာများ၌ အမှောင်ရိပ်များ ကျနေလေသည်။

နီမောင် နောက်တစ်ကျော့ ပြန်ဆင်းသော နေရာမှာ နွယ်ကြိုးမျှင်များ ရှိနေသောနေရာ ဖြစ်သည်။

တောင်အောက်၌ ရှိနေစဉ်က ထိုနေရာမှာ နွယ်ကြိုးများ ရှိနေသောကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။

အပေါ်ရောက်ပြီး နွယ်ကြိုးများကို ဖယ်ကြည့်တော့မှ





အံ့ဩဖွယ်ကောင်းသော မြင်ကွင်းကို တွေ့ရလေသည်။

အခြားမဟုတ်ပေ။ ကျောက်တောင်နံရံမှာ လိုဏ်ခေါင်းရှည်ကြီး ရှိနေသည်။

လိုဏ်ခေါင်းရှည်ကြီးမှာ တောင်နံရံတလျှောက် အလျားလိုက်ရှိနေရာ လူတို့ထွင်းထားသကဲ့သို့ ရှိသည်။

ထိုလိုဏ်ခေါင်းကြီးထဲတွင် လူအရိုးခေါင်းခွံများ တန်းစီပြီး ထည့်ထားသောကြောင့် ဖြစ်သည်။

လူ၏ခန္ဓာကိုယ် အစိတ်အပိုင်းမှ အရိုးများနှင့် ဦးခေါင်းခွံတို့မှာ တစ်စုံတစ်ယောက်က အစီအရီတင်ထားသည်နှင့် တူလေသည်။

တကယ်တော့ ကျောက်တလားတောင်ဆိုသည်မှာ. .

ပုံသဏ္ဌာန်က ခေါင်းတလားကြီးနှင့် တူသည် သာမကပဲ လူသေပေါင်းမြောက်များစွာတို့၏ အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့သော ကျောက်တောင်သင်္ချိုင်းကြီးပင် ဖြစ်ပေတော့သည်။

ထိုနေရာတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာက ရွာကြီးများ ရှိခဲ့ဟန်တူသော်လည်း ယခုတော့ အစအနမျှပင် မတွေ့ရတော့ပေ။

နေထိုင်သူများ မရှိတော့သော်လည်း ၎င်းတို့ မြှုပ်နှံထားခဲ့သော အလောင်းများ၊ အရိုးစုများကတော့ ရှိနေကြသည်။

နီမောင်က တအံ့တဩဖြင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံကြည့်ရှုရာ အရိုးစုများမှလွဲပြီး ငှက်သိုက်များတော့ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ထို့ကြောင့် အခြားတစ်နေရာသို့ ရွှေ့သည်။

နောက်တစ်နေရာရောက်တော့ ကျောက်တောင်နံရံ၌ ချိတ်ဆွဲထားသော ခေါင်းတလားတစ်လုံးကို တွေ့ရပြန်သည်။

ထိုခေါင်းတလားမှာလည်း နှစ်ပေါင်းများစွာ ကြာခဲ့ဟန်ဖြင့် ပျက်စီးယိုယွင်းနေသည်။ အဖုံး ရှိနေသေးသော်လည်း ကျိုးပျက်ပေါက်ပြဲနေသည်။

အပေါ်မှာလည်း သစ်ရွက်ခြောက်များက ဖုံးနေသဖြင့် လက်ဖြင့် ဖယ်ချလိုက်သည်။ ပြီးမှ ကျိုးပျက်နေသော ခေါင်းတလားအဖုံးကို အသာဖယ်ကြည့်လိုက်သည်။

သူမျှော်လင့်ထားသလို ခေါင်းတလားထဲတွင် ငှက်သိုက်များ မတွေ့ရပေ။

အလောင်းတစ်လောင်းတော့ ရှိနေသည်။

အသက် ၂၀ ကျော်လောက်သာ ရှိသေးသော မိန်းမတစ်ယောက်၏အလောင်းပင် ဖြစ်၏။

အဘယ်ကြောင့် အသက် ၂၀ ကျော်ခန့် ရှိသည်ဟု ပြောနိုင်သလဲဆိုပါမူ ခေါင်းတလားထဲမှာ ရှိနေသော အမျိုးသမီးမှာ အရိုးကျနေသော အလောင်းမျိုး မဟုတ်ဘဲ မကြာသေးခင်ကမှ သေသဖြင့် လာထည့်ထားသော အလောင်း ဖြစ်သဖြင့် အကောင်းပကတိအတိုင်းပင် ရှိနေသေးသောကြောင့်ပင် ဖြစ်ပေသည်။

နီမောင်မှာ မမျှော်လင့်သော မြင်ကွင်းကို မြင်ရသဖြင့် တအံ့တဩဖြင့် ငုံ့ကြည့်နေစဉ် ခေါင်းထဲမှာ ရှိနေသော အမျိုး



သမီးက ဖျပ်ကနဲ မျက်လုံးပြန်ပွင့်လာသည်။

"ဟင်"

မိမိကို သရဲခြောက်နေသည် ထင်သဖြင့် ထိတ်လန့်သွားစဉ် ခေါင်းထဲမှ အမျိုးသမီးက ကိုယ်တစ်ပိုင်း ထလာလေသည်။

သေခြာပေပြီ။ သေဆုံးနေသော အလောင်းကောင်ကို ဖုတ်ဝင်လေပြီ။ ထိုအခြေအနေကို မြင်သည်နှင့် နီမောင်က အပေါ်သို့ ပြန်တက်ပြေးရန် ပြင်လိုက်လေသည်။

"နင် ဘယ်သူလဲ"

ထိုအမျိုးသမီးထံမှ စကားသံထွက်လာသည်။

"ဟင်. . နင်က သေနေတဲ့သူ မဟုတ်လား"

"မသေလို့ ထလာပြီး စကားပြောတာပေါ့။ ဘာလဲ နင်က ငါ့ကို ဖုတ်ဝင်လာတယ်လို့ ထင်လို့လား"

"မ. . မဟုတ်ပါဘူး၊ ဒါထက် နင်က ဘာကြောင့် ဒီခေါင်းထဲ ရောက်နေရတာလဲ"

"တောထဲမှာ အမဲလိုက် ထွက်လာရင်း နောက်က ရန်သူတွေ လိုက်လာလို့ ဒီအထဲ တက်ပုန်းနေတာ၊ ဒါထက် နင်က ဘယ်သူလဲ"

"ငါတို့က တိုရာဂျာရွာကပါ၊ ဒီတောင်မှာ ငှက်သိုက်လာရှာတာ၊ ဟိုဘက်မှာ အဖော်နှစ်ယောက် ပါသေးတယ်"

"ဒီတောင်ကို ဘယ်သူမှ မလာဝံ့ဘူး"

"ဘာဖြစ်လို့လဲ"

"ဒီတောင်မှာ ဖုတ်ကောင်တွေ ရှိတယ်၊ လာသမျှ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဒုက္ခပေးလို့ ဘယ်သူမှ မလာဝံ့ကြတာ၊ နင်တို့က မကြောက်ဘူးလား"

"မကြောက်ပါဘူး၊ ငါတို့က ဒီနယ်သားတွေမှ မဟုတ်တာ၊ သိလည်းမသိပါဘူး၊ ကြောက်လည်းမကြောက်ပါဘူး၊ ဒါထက် နင်က ဘယ်ရွာမှာ နေတာလဲ"

"မဝေးပါဘူး၊ ဒါပေမယ့် ငါတစ်ယောက်တည်းတော့ မပြန်ဝံ့တော့ဘူး၊ နင်တို့နဲ့တွေ့တာ အတော်ပဲ၊ ငါ့ကို ငါနေတဲ့ နေရာလိုက်ပို့ပေးပါလား"

မိန်းကလေး စကားကြောင့် နီမောင်က စဉ်းစားနေစဉ် စောထီးနှင့် ငမဲအောင်တို့က လှမ်းမေးကြသည်။

သစ်ပင်သစ်ကိုင်းများ ကွယ်နေသဖြင့် တစ်နေရာနှင့် တစ်နေရာ မဝေးကွာသော်လည်း မမြင်ရပေ။

"နီမောင်၊ မင်း ဘယ်သူနဲ့ စကားပြောနေတာလဲ"

"မင်းတို့နှစ်ယောက် ဒီဘက်လာခဲ့ကြဦးဟေ့"

ဟု နီမောင်က လှမ်းခေါ်ရာ အတန်ကြာတော့ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ရောက်လာကြသည်။

ခေါင်းထဲမှာ ထိုင်နေသော မိန်းကလေးကို မြင်ရသောအခါ နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။



# အခန်း(၇)

## ဝိညာဉ်လောကသားတို့နေရာ

အချိန်က နေဝင်ရီတရောအချိန်သို့ ရောက်နေခဲ့ပေပြီ။

ထို့ကြောင့် ကျောက်တလားတောင်တစ်ဝိုက်၌ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။

တောင်နံရံတစ်ဝိုက်မှာတော့ အိပ်တန်းပြန်လာကြသော ငှက်များ၏အော်သံများကြောင့် ဆူညံလျက် ရှိနေသည်။

နီမောင်တို့သုံးယောက်မှာ ၎င်းတို့ရှာဖွေထားသော ငှက်သိုက်တို့ကို အိတ်တစ်လုံးဖြင့် စုဆောင်းထုပ်ပိုးပြီးနောက် ခေါင်းအလားထဲမှာ ဝင်ပုန်းနေသော မိန်းကလေးအား သူမနေသော နေရာသို့ လိုက်ပို့ပေးကြရန် ပြင်နေကြသည်။

"နင့်နာမည်က ဘယ်လိုခေါ်သလဲ"

"စာမရီ. ."



www.burmeseclassic.com

www.burmeseclassic.com



"စာမရီဆိုတော့ တိရစ္ဆာန်နာမည်မျိုးပဲ"

ငမဲအောင် စကားကြောင့် စာမရီဆိုသောမိန်းကလေး မျက်နှာမှာ ရှုံ့တွသွားသည်။

"ငါက တိရစ္ဆာန်မှ မဟုတ်တာ"

"ဟုတ်ပါတယ်၊ နာမည်တူတာကိုသာ ပြောတာပါ"

မျက်စောင်း တစ်ချက်ထိုးသည်။

"နင်တို့ရွာက ဘယ်နေရာမှာပဲ"

"နီးနီးလေးပါ၊ ဒါပေမယ့် ဒီအချိန်ရောက်မှတော့ ငါ တစ်ယောက်တည်း မပြန်ဝံ့တော့ဘူး၊ နင်တို့လိုက်ပို့ပေးမှာလား ဟင်"

"ပို့ပေးပါ့မယ်၊ နင်က လမ်းပြပြီးသာ သွားပေတော့"

ဟုပြောကာ လေးယောက်သား ထိုနေရာမှ ထွက်ခဲ့ကြလေသည်။

အပြင်မှာ အလင်းရောင် အနည်းငယ် ရှိနေသော်လည်း တောထဲရောက်တော့ မှောင်နေပေပြီ။

စာမရီဆိုသောမိန်းကလေးက သူတို့သုံးယောက်ကို ကျောက်တလားတောင်ကြီး အနီးမှပင် ခေါ်သွားခြင်း ဖြစ်သည်။

တစ်နေရာ ရောက်တော့ ရပ်လိုက်သည်။

"နင်တို့ရွာ ရောက်ပြီလား"

"ရောက်ပြီ၊ ငါတို့ရွာက ဒီဂူထဲမှာ"

သုံးယောက်သား ကြည့်လိုက်တော့ ဂူပေါက်ဝတစ်ခုကို တွေ့ကြရသည်။



အတွင်းမှာလည်း မှောင်နေသည်။

"နင်တို့က ဒီဂူထဲမှာ နေတာ ဟုတ်လား"

"ဟုတ်တယ်၊ ငါ အထဲက လူတွေကို ခေါ်လိုက်ဦးမယ်"

ဟု ပြောက ဂူပေါက်ဝ ရှိရာဘက်သို့ လျှောက်သွားလေသည်။ ထိုအခါမှ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြရလေတော့သည်။

"နီမောင် ကြည့်လည်းလုပ်ဦးနော်၊ ဒီလိုနေရာမျိုးမှာ လူတွေနေတဲ့ရွာ ရှိတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

"ငါတို့ကို နာနာဘာဝတွေ၊ ကျတ်တွေက လှည့်စားပြီး ခေါ်လာတာလည်း ဖြစ်နေဦးမယ်၊ ဟိုကောင်မလေး ကြည့်ရတာ သိပ်ဟန်ပုံ မပေါ်ဘူး"

"ငါတို့ ညက တွေ့လိုက်တဲ့ ဖုတ်ကောင်တွေလည်း ဖြစ်နေဦးမယ်၊ သူ့ကို ဒီအတိုင်းထားခဲ့ပြီး သွားကြရင် မကောင်းဖူးလား"

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က စိတ်ပူစွာ ပြောနေကြသော်လည်း နီမောင်ကတော့ အေးအေးဆေးဆေး အမူအယာဖြင့် စာမရီဆိုသော မိန်းကလေး အခြေအနေကို လှမ်းကြည့်နေပြီးမှ. . .

"အချိန် မရှိတော့ဘူး၊ ဒီအချိန်မျိုးမှာ တောထဲလျှောက်သွားနေရင် အန္တရာယ်နဲ့ တွေ့ဖို့ ပိုပြီး နီးစပ်တယ်၊ သူ့အခြေအနေ အကဲခတ်ပြီး မီးစင်ကြည့်ကတာ ပိုကောင်းလိမ့်မယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိုး ပြန်ပြောလိုက်သည်။

ထိုအချိန်တွင် စာမရီက ဂူပေါက်ဝမှ အသံပေးလိုက်ရာ ခဏကြာတော့ မီးတုတ်များ ကိုင်ထားသော လူအချို့ ထွက်လာလေသည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေး အရှည်များ ရှိသော အဘိုးကြီးတစ်ယောက်က ရှေ့မှ ဦးဆောင်ထွက်လာခြင်း ဖြစ်လေသည်။

စုစုပေါင်း သုံးယောက် ဖြစ်သည်။

"စာမရီ၊ ဟိုသုံးယောက်က ဘယ်ကလဲ"

"တောထဲမှာ တွေ့လို့ ခေါ်လာခဲ့တာ အဘိုး"

ထိုအခါ အဘိုးကြီးက လက်တစ်ဖက်က မီးတုတ်ကိုင်ကာ ရှေ့သို့ ထွက်လာပြီး မီးရောင်ဖြင့် မြောက်ကြည့်သည်။

"မင်းတို့က ဘယ်ကလာတာလဲ၊ ဒီနေရာကို ဘာလာလုပ်တာလဲ"

ဟု မေးသည်။

"ကျွန်တော်တို့က တိုရာဂျာရွာကပါ၊ ဒီနေရာမှာ ငှက်သိုက်လာရှာကြတာပါ"

နီမောင် စကားကြားတော့ အဘိုးကြီးက မျက်မှောင်ကျုံ့လျက် စဉ်းစားနေလေသည်။

"မင်းတို့ ကြည့်ရတာ ဒီနယ်သားတွေ ဟုတ်ဟန် မတူဘူး"

"မှန်ပါတယ်၊ ကျွန်တော်တို့က ကော့သောင်းဘက်က





လာကြတဲ့သူတွေပါ"

"အင်း. . . ဒါကြောင့် ဒီနေရာအထိ လာခဲ့ကြပေတာကိုး၊ ဒါထက် အခု ဘယ်သွားကြမှာလဲ"

"ပြန်ကြတော့မှာပါ"

"ဒီအချိန်မျိုးသာ တောထဲလျှောက်သွားနေလို့ကတော့ သားရဲတိရစ္ဆာန်တွေကို အလှူပေးသလို ဖြစ်ပြီး အသက်ရှင်ရက်နဲ့ ရွာပြန်မရောက်တာတော့ သေခြာတယ်၊ ကဲ. . ဒီလိုလုပ်ကြ၊ ဒီတစ်ညတော့ ငါတို့ရွာမှာ လိုက်အိပ်ကြ၊ မနက်လင်းတော့မှ မင်းတို့ သွားလိုရာ သွားကြတာ ကောင်းပါတယ်"

"ကျေးဇူးတင်ပါတယ် အဘ"

ထို့နောက်မှာတော့ ဂူထဲမှ ထွက်လာသူများက နီမောင်တို့သုံးယောက်ကို သူတို့နှင့်အတူ ဂူအတွင်းသို့ ခေါ်သွားလေတော့သည်။

ထိုဂူကြီးမှာ ကျောက်တလားတောင် အတွင်းဘက်သို့ တောက်လျှောက်ပေါက်နေသည့် ဂူမျိုး ဖြစ်ကာ အတွင်းရောက်တော့ အတော်ကျယ်ဝန်းလေသည်။

သို့သော်လည်း နေရာအတော်များများမှာ အမှောင်ထုများက ဖုံးနေလေသည်။

ရှေ့မှ ခေါ်သွားသော အဘိုးကြီး အပါအဝင် လူသုံးယောက်တို့ ကိုင်ထားသော မီးတုတ်မှ မီးရောင်ကြောင့်သာ ပတ်ဝန်းကျင်တစ်ဝိုက်သို့ မြင်နေရခြင်း ဖြစ်သည်။

မီးရောင်ကြောင့် ဂူထဲမှာ ရှိနေကြသော ပျံလွှားငှက်၊



www.burmeseclassic.com

www.burmeseclassic.com



ဇိဝရိုးငှက်၊ လင်းနို့များ ပျံနေကြလေသည်။

နီမောင်က နောက်မှ လိုက်သွားရင်းနှင့် အခြေအနေကို ကြည့်လေရာ ရွာနှင့်တူသောနေရာ၊ လူအများ နေထိုင်သော နေရာမျိုးတော့ မတွေ့ရသေးပေ။

အတွင်းပိုင်း ရောက်သောအခါ ဟိုးအတွင်းပိုင်းမှ ဆူဆူ ညံညံ အသံများ ကြားရသည်။

ပထမတော့ လူသံများ ဖြစ်သည်ဟု ထင်မိသော်လည်း အသေအခြာ နားထောင်ကြည့်တော့မှ မဟုတ်မှန်း သိရလေသည်။ ဂူအတွင်းပိုင်းမှ ကြားနေရသော အသံများမှာ လင်းနို့ လင်းဆွဲများ အော်သံများ ဖြစ်လေသည်။

တစ်နေရာ ရောက်သောအခါ အောက်ဘက်သို့ ဆင်းသော ကျောက်လှေခါးထစ်များ တွေ့သည်။

ထိုလှေခါးထိပ် ရောက်သောအခါမှ အောက်ဘက်မှ စကားသံများ ကြားလာရသည်။

ထိုနေရာ ရောက်သောအခါ ကျောက်လှေခါးထစ်များ အတိုင်း အောက်သို့ ဆင်းသွားကြသည်။

ကျောက်လှေခါးထစ် ၁၅ ထစ်သို့ ဆင်းသွားသောအခါ အောက်ခြေသို့ ရောက်သွားသည်။

ထိုနေရာ ရောက်သောအခါမှ လူအချို့ကို တွေ့ရသည်။

သို့သော် အသက်ရှိနေသူများတော့ မဟုတ်ပေ။

ကျောက်စင်များအပေါ်တွင် တင်ထားသော လူသေ အလောင်းများပင် ဖြစ်သည်။





အလယ်နေရာတွင် ရေများ စိုစွတ်နေသော လူသွားလမ်း ရှိပြီး ဘေးတစ်ဖက်တစ်ချက် ကျောက်စင်များပေါ်မှာတော့ လူသေအလောင်းအချို့ တင်ထားသည်။

ယောကျ်ားအလောင်း၊ မိန်းမအလောင်းတို့ ဖြစ်ကြသည်။

သို့သော်လည်း ပူပူနွေးနွေး သေဆုံးနေသော အလောင်းမျိုးတော့ မဟုတ်ပေ။

နှစ်အတန်ကြာကတည်းက သေဆုံးနေခဲ့သော အလောင်းများဖြစ်ပြီး အရိုးပေါ်အရေတင်နေပြီး ကမ္ဗလာနီးရုပ် ပေါက်နေသော အလောင်းများ ဖြစ်သည်။

အရောင်အဆင်းကလည်း အမည်းရောင်များ ဖြစ်သည်။

ထိုအလောင်းကောင်များ မြင်တော့ နီမောင် စိတ်ထဲမှာ ညက မိမိတို့ ရှိရာသို့ ရောက်လာကြသော မည်းမည်းသဏ္ဍာန်တို့မှာ ထိုအလောင်းကောင်များ ဖြစ်လေသလားဟု တွေးနေမိသည်။

ထိုနေရာ ရောက်သောအခါ ရှေ့မှ လျှောက်နေသည့် အဘိုးကြီးက ပြောသည်။

"သေပြီးသားလူတွေက ဘာမှ ကြောက်စရာမလိုပါဘူးကွယ်၊ သူတို့က ဝိညာဉ် မရှိကြတော့ မင်းတို့ကို ဘာမှ မလုပ်နိုင်ဘူးပါဘူး။ ကြောက်စရာကောင်းတာက အသက်ရှိနေတဲ့ လူတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီအလောင်းတွေက ဒီအထဲကို ဘာဖြစ်လို့ ထည့်ထားတာလဲဟင်"

နီမောင်က ခတ်တိုးတိုးမေးလိုက်သည်။

"သူတို့လည်း အသုံးချချင်တဲ့အခါ အသုံးချလို့ရအောင် ဒီမှာထားတာပေါ့၊ ကဲ လာကြ၊ လာကြ၊ ငါတို့နေတဲ့နေရာ သွားကြရအောင်"

ဟုပြောဆိုပြီး ခေါ်သွားရာ နောက်ဆုံးမှာတော့ ၎င်းတို့နေသောနေရာ ရောက်သွားလေသည်။

ထိုနေရာမှာ အဆောက်အဦးများ ရှိနေသည်တော့မဟုတ်ပေ။

ကျောက်ဂူပေါက်များထဲတွင် နေအိမ်များသဖွယ်စီမံပြုလုပ်ကာ နေကြခြင်း ဖြစ်ဟန် ရှိသည်။

ထိုအထဲတွင် လူအတော်များများ တွေ့ရသည်။

အသက်အရွယ်ကြီးသူများရော၊ ငယ်ရွယ်သူများ အပါအဝင် ယောကျ်ား မိန်းမတို့ ရှိနေကြသည်။

ထိုဂူကြီးထဲတွင် ထူးဆန်းသော အချက်က ဇီဝဖိုးငှက်ကလေးများ ရှိနေကြခြင်း ဖြစ်သည်။

မီးရောင်ကြောင့်သော်လည်းကောင်း၊ လူသံသူသံများကြားရသဖြင့်သော်လည်းကောင်း ထပျံနေကြရာ အတော်များများကို တွေ့မြင်ကြရသည်။

ထိုပြင် ငှက်ကလေးများ အသိုက်ပြုလုပ်ထားသော နေရာများမှာ ကျောက်ဂူနံရံများပေါ်၌သာ ဖြစ်ပြီး လူများ လ





သွမ်းမီလောက်သော နေရာတို့တွင် ပြုလုပ်ထားကြခြင်း ဖြစ်လေသည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်မှာ လျှို့ဝှက်လှသော ကျောက်ဂူထဲတွင် လူအချို့ နေထိုင်သည်ကို တွေ့မြင်ရသည်ထက် ပိုမိုအံ့သြမိကြလေသည်။

ဂူအတွင်းရောက်တော့ ခေါ်လာသော အဘိုးကြီးက ပြောသည်။

"အချိန် မရှိတော့ဘူး၊ သူတို့ကို နားရမယ့် နေရာတစ်နေရာကို လိုက်ပို့ပေးလိုက် စာမရီ၊ မင်းတို့ကလည်း ဘာမှ ကြောက်လန့်မနေနဲ့ အေးအေးသာ နေကြတော့"

ဟုပြောဆိုကာ ဂူပေါက်တစ်ပေါက်အတွင်းသို့ ဝင်သွားလေတော့သည်။

ထို့နောက်မှာတော့ စာမရီဆိုသောမိန်းကလေးက သူတို့သုံးယောက်ကို တစ်နေရာသို့ ခေါ်သွားလေသည်။

ထိုနေရာမှာ လူမရှိသော ဂူတစ်ဂူ ဖြစ်သည်။

"ဒီညတော့ ဂူထဲမှာ အိပ်ကြပေတော့၊ ဒီအထဲမှာ အိပ်တာ ဘာမှ ကြောက်စရာ မရှိပါဘူး၊ နင်တို့သုံးယောက် ညက တောင်ထိပ်ပေါ်မှာ အိပ်ကြတာ အနှောက်အယှက်တွေနဲ့ တွေ့ကြလို့ ကောင်းကောင်းမအိပ်ကြရဘူး မဟုတ်လား"

"မင်းက ဘယ်လိုသိတာလဲ"

"ငါက ဒီနေရာမှာ နေတာပဲ၊ သိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် နင်တို့ ဒီဂူထဲမှာ နေကြတာ အတော်ကြာပြီလားဟင်"

"ကြာပြီ ထင်တာပဲ၊ ငါသိရသလောက်တော့ ငါမွေးကတည်းက ဒီဂူထဲမှာ နေခဲ့ကြတာပဲ"

စာမရီမှာ အသက် ၂၀ ကျော်ခန့် ရှိနေပြီ ဖြစ်ရာ သူမသက်တမ်းထက် ကျော်ပြီး ထိုဂူထဲမှာ နေခဲ့ကြသည်ဆိုရာ နှစ်အတော်ကြာပြီဟု ခန့်မှန်းရသည်။

"ဇီဝဖိုးငှက်ကလေးတွေက ဒီဂူထဲမှာပဲ နေကြတာလားဟင်"

"ဟုတ်တယ်၊ သူတို့က ငါတို့နဲ့အတူတူ နေကြတယ်၊ ဘာဖြစ်လို့လဲ"

"သူတို့က လူတွေကို မကြောက်ကြဘူးလား"

"ငါတို့က အန္တရာယ်မှ မပေးကြတာ၊ ဘယ်ကြောက်မှာလဲ၊ သူတို့အသိုက်တွေတောင် ဒီဂူထဲမှာပဲ လုပ်ကြတာပဲ"

"နင်တို့က ငှက်သိုက်တွေကို မယူကြဘူးလားဟင်"

"ဘာဖြစ်လို့ ယူရမှာလဲ၊ သူများအသိုက် ဖျက်ဆီးရင် ငရဲခံရမှာပေါ့၊ ငါတို့က အောက်ကို ပြုတ်ကျနေတဲ့ ငှက်သိုက်တွေကိုပဲ ယူတယ်၊ သူတို့လုပ်ထားတဲ့ အသိုက်လေးတွေကို ဘယ်တော့မှ မဖျက်ဆီးကြဘူး"

ထိုစကားကြားသောအခါ ငှက်သိုက်များကို အထုပ်အပိုးဖြင့် သယ်ယူလာကြသော နီမောင်တို့သုံးယောက်မှာ မျက်နှာပူသကဲ့သို့ ရှိနေကြသည်။





"နောက်တစ်ခု နင့်ကို မေးချင်သေးတယ်"

"ဘာမေးမှာလဲ"

"ဂူအဝင်မှာ တွေ့ခဲ့တဲ့ လူသေအလောင်းတွေက ဘာကြောင့် ထားတာလဲဟင်"

"ဒါကတော့ အဘထားတာပါ၊ ဒီလူတွေကလည်း တခြားက မဟုတ်ပါဘူး၊ ဒီဂူထဲမှာ နေရင်း သေသွားကြတဲ့ ငါတို့ဆွေမျိုးသားချင်းတွေချည်းပါပဲ၊ ဘာကြောင့် ထားသလဲဆိုတာ နင်တို့သိချင်ရင် အဘနဲ့တွေ့တော့ မေးကြည့်ကြပေါ့"

ဟုပြန်ပြောလေသည်။

"ဒီနေရာမှာ နင်တို့နေကြတာ တခြားလူတွေ မသိကြဘူးလားဟင်"

"မသိပါဘူး၊ ဒီနေရာကို သူတို့ မလာဝံ့ကြပါဘူး၊ နင်တို့သုံးယောက်တောင် ဘာမှ မသိကြလို့ ရောက်လာကြတာ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလေသည်။

"ဟုတ်ပါတယ်၊ ငါတို့သုံးယောက်ကိုရော ပြန်လွှတ်ပေးမှာ မဟုတ်လားဟင်"

ထိုသို့ မေးသောအခါ စာမရီက သဘောကျစွာဖြင့် ပြုံးလိုက်လေသည်။

"နင်တို့ မနေချင်ရင် ခေါ်မထားပါဘူး၊ ဒါပေမယ့် ဒီကိစ္စတွေက အားလုံး အဘစီစဉ်တာဆိုတော့ မနက်ဖြန်လင်းရင် သူစီစဉ်ပေးမှာပါ၊ ငါသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ စာမရီက သူတို့သုံးယောက်ကို ထားခဲ့ပြီး ပြန်ထွက်သွားလေတော့သည်။

ထိုအခါ သုံးယောက်သား ပါ လာသော အထုပ်အပိုး များကိုချပြီး နားကြရလေသည်။

"နီမောင်၊ ငါတို့ရောက်နေတဲ့ နေရာက လူတွေနေတဲ့ နေရာမှ ဟုတ်ရဲ့လား"

"မင်းက ဘယ်လိုထင်လို့လဲ"

"ငါကြားဖူးတာကတော့ ကျတ်တွေ၊ ဥစ္စာစောင့်တွေက လည်း အခုလို လူယောင်ဖန်ဆင်းပြီး နေနိုင်ကြတယ်လို့ ကြား ဖူးတယ်၊ ဒီနေရာက ကျတ်တွေနေတဲ့ နေရာများ ဖြစ်နေမလား"

ငမဲအောင်က စိုးရိမ်သော အသံမျိုးဖြင့် တိုးတိုးပြော လိုက်လေသည်။

"ဖြစ်လည်းဖြစ်ပေါ့ကွာ၊ လောလောဆယ်မှာ ငါတို့ကို မသတ်သေးတာ၊ ဖြစ်သမျှအကြောင်း အကောင်းပဲလို့ သဘော ထားရင် စိတ်သက်သာပါတယ်"

နီမောင် စကားကြောင့် ကျန်နှစ်ယောက်က သက်ပြင်း ချလိုက်ကြသည်။

"တကယ်လို့ သူတို့က ပြန်ခွင့်ပေးရင် မနက်လင်းရင် ပြန်ကြမှာလား"

"ပြန်တော့ပြန်တာပေါ့၊ ဒါပေမယ့် ဒီနေရာမျိုးက နောက်တစ်ခေါက် ရောက်ဖို့ မလွယ်လှဘူး၊ ဒီတော့ ဒီလို အခွင့် အရေးရတုန်း သိချင်တာလေးတွေ သိရအောင် မေးကြည့်မလား





သို့ စဉ်းစားနေတယ်"

"မေးလည်းမေးပေါ့ကွာ၊ တော်ကြာ သူတို့လျှို့ဝှက်တာ တွေ မေးမိလို့ အသတ်ခံနေရဦးမယ်"

ဟု ပြောလေသည်။

အချိန်က ညဉ့်နက်ပိုင်းသို့ ရောက် လာချေပြီ။

စောစောပိုင်း အချိန်က ကြားနေရသော သံ အချို့ပင် တိတ်ဆိတ်ငြိမ်သက်သွားပေပြီ။

ဂူကြီးတစ်ဂူလုံးမှာ လူတစ်ယောက်တစ်လေမှ မရှိ သကဲ့သို့ တိတ်ဆိတ်ငြိမ်သက် သွားလေသည်။

ထို့ကြောင့် နီမောင်တို့သုံးယောက်လည်း ထွေထွေထူး ထူး တွေးတောမနေကြတော့ဘဲ ပါလာသော အစားအသောက် တို့ကို မျှဝေစားသောက်ပြီး အိပ်ကြလေရာ မကြာခင် အိပ်ပျော် သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

## ဖုတ်ဝင်သောအလောင်းနှင့် ဇိဝိုးကျိန်စာ

သုံးယောက်သား အနှောက်အယှက် မရှိဘဲ အိပ်ကြရပြီး နောက်တစ်နေ့ နံနက်ပိုင်းအချိန် ရောက်တော့မှ အသီးသီးနိုးလာကြလေသည်။

ထိုအချိန်မှာပင် စာမရီ ရောက်လာလေသည်။

"နင်တို့သွားကြတော့မလား"

"အင်း. . သွားကြတော့မယ်၊ ဒါပေမယ့် မင်းအဘနဲ့ တွေ့ပြီး နှုတ်ဆက်ရဦးမယ်"

"အဘနဲ့ တွေ့ချင်ရင် ငါ့နောက်က လိုက်ခဲ့ကြပါ"

ဟု ခေါ်သွားလေသည်။

နီမောင်တို့လည်း နောက်မှ လိုက်သွားကြရာ တစ်နေရာ

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အစားအသောက်များ စာသောက်ရင်းနှင့် သူတို့ကို စောင့်နေဟန်တူသော အဘိုးအိုကို တွေ့ကြရသည်။

"လာကြ၊ ဒီမှာထိုင်. . ဒါမင်းတို့အတွက် စီစဉ်ပေးထားတဲ့ အစားအသောက်တွေပဲ၊ စားသောက်လိုက်ကြဦး"

ဟုပြောသဖြင့် မနီးမဝေးမှာ ဝင်ထိုင်ကာ ကြည့်လိုက်ကြသည်။

ကျောက်စားပွဲပေါ်တွင် ကျောက်အိုးတစ်လုံး တင်ထားသည်။

ရေနွေးခရားနှင့်တူပြီး အဖုံးပိတ်ထားသည်။

အထဲမှ သင်းပျံ့သော အငွေ့များ ထွက်နေသည်။

နီမောင် စိတ်ထဲတွင် လက်ဖက်ရည်အိုး ဖြစ်မည်ဟု ခန့်မှန်းမိသည်။

ထိုကျောက်အိုးအနီးတွင် ပန်းကန်အချို့လည်း ရှိလေသည်။

ထို့ပြင် အစားအသောက်တို့လည်း ရှိနေသည်။

ကောက်ညှင်းဖြင့် ပြုလုပ်ထားသော အစားအသောက်များ၊ ငါးကင်၊ ပုစွန်ကင်နှင့် သစ်သီးအချို့ပင် ဖြစ်သည်။

သစ်သီးကတော့ ငှက်ပျောသီးနှင့် အုန်းသီးစိပ်များပင် ဖြစ်သည်။

အဘိုးကြီး ကျောက်အိုးထဲမှ အရေများကို တစ်ယောက်တစ်ပန်းကန်စီ ငှဲ့ထည့်ပေးသည်။

"သောက်ကြည့်ပါဦး"





ဟု ပြောသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သောက်ကြလေရာ များစွာ အရသာရှိကြောင်း သိရသည်။

နီမောင် ထင်သလို လက်ဖက်ရည်တော့ မဟုတ်ပေ။

"ဒါငှက်သိုက်ပေါင်းရည်ပဲ၊ တစ်ခွက်လောက် သောက်ရုံနဲ့ အားဖြစ်ပါတယ်၊ ကဲ. . ကဲ အစားအသောက်တွေ စားလိုက်ကြဦး"

နီမောင်တို့လည်း ဝမ်းဟာနေချိန် ဖြစ်သဖြင့် ချကျွေးသော အစားအသောက်တို့ကို ဝမ်းပြည့်အောင် စားသောက်ကြလေသည်။

စားသောက်ပြီးတော့မှ အဘိုးကြီးက ပြောသည်။

"ငါ့နာမည်က ဦးသက္ကလို့ ခေါ်တယ်၊ ငါတို့က လူတွေနဲ့ မတွေ့ချင်လို့ ဒီဂူထဲမှာ နေခဲ့ကြတာ နှစ်ပေါင်းအတော်ကြာပြီ"

"ဘာကြောင့်လဲဟင်"

"လောဘ၊ ဒေါသ၊ မစ္ဆရိယတွေများတဲ့ လူတွေ ကြားထဲမှာနေတော့ သူတို့အပူတွေက ကိုယ့်ဆီလည်း လာကူးတာပေါ့၊ လာဟပ်တာခံရတာပေါ့၊ ဝေးတဲ့နေရာတွေမှာ နေတော့ အေးတာပေါ့"

"မှတ်ပါတယ် အဘ၊ ကျွန်တော်တို့ သိချင်တာလေးတွေ မေးချင်ပါတယ်"

"မေးပေါ့ကွယ်"

"ဒီဂူတွေထဲမှာထားတဲ့ လူသေအလောင်းတွေကို မဖျက်ဆီးပဲ ဒီအတိုင်းထားတာ ဘာအတွက်လဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့မြင်တွေ့ခဲ့တဲ့ လူသေတွေက ဒီဂူထဲမှာ နေခဲ့ပြီး သေသွားကြတဲ့ ငါတို့ဆွေမျိုးသားချင်းတွေပါပဲ၊ သူတို့ရုပ်ကြလပ်တွေကို မဖျက်ဆီးပဲ ဒီအတိုင်းထားတာ အဖော်ရအောင်လို့ပါ"

"ဗျာ သေပြီးသားလူတွေက အဖော်ရတယ်၊ ဟုတ်လား အဘ"

"သူတို့ချည်းတော့ ဘယ်လုပ်နိုင်ပါ့မလဲ၊ သူတို့ကို အသုံးပြုချင်ရင်တော့ လုပ်လာအောင် ဖုတ်သွင်းပေးရတာပေါ့"

သုံးယောက်သား ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"အကြောင်းရှိလာရင် သူတို့ကို ဖုတ်သွင်းပြီး ခိုင်းတန်တာခိုင်းရတယ်၊ အထူးသဖြင့်တော့ ဒီကျောက်တောင်ရှိတဲ့ နေရာကို တခြားလူတွေ မလာဝံ့အောင် သူတို့ကို လုပ်ခိုင်းရတယ်"

"ဘာကြောင့်လဲ ဟင်"

"အကြောင်းရင်းကတော့ ဒီနေရာတစ်ဝိုက်မှာ ရှိကြတဲ့ ဇီဝစိုးငှက်ကလေးတွေကို အနှောက်အယှက် မပေးအောင်ပေါ့၊ နောက်တစ်ချက်က ငါတို့နေတဲ့နေရာကို သိမှာစိုးတာကြောင့် ကာကွယ်ထားတာပါပဲ"

ဦးသက္ကဆိုသော အဘိုးကြီးက ငှက်သိုက်ပေါင်းရည်ကို သောက်ရင်း အေးအေးဆေးဆေး ပြောပြနေသည်။

စာမရီကလည်း မနီးမဝေးမှာထိုင်လျက် နားထောင်နေသည်။

"အဘက ဖုတ်သွင်းတဲ့ပညာ တတ်သလား ဟင်"





"ဒီပညာက အဆန်းတကြယ်မှ မဟုတ်တာ၊ အင်ဒိုနီးရှားမှာနေကြတဲ့ သူတွေ အတော်များများ တတ်ကြတယ်၊ အများအားဖြင့်တော့ မြို့ရွာတွေမှာ နေကြတဲ့သူတွေထက် တောထဲမှာ နေတဲ့လူတွေက ပိုပြီး တတ်ကြတယ်၊ မင်းတို့က ဒီဒေသက မဟုတ်လို့ အဆန်းတကြယ်လုပ်ပြီး မေးကြတာပါ့"

"မှန်ပါတယ်၊ ကျွန်တော်တို့အတွက်တော့ အထူးအဆန်းပါပဲ"

"ဒီမှာက သေပြီးသားလူကို ဖုတ်သွင်းလိုက်လို့ ထလာတာထက် ပိုပြီးဆန်းကြယ်တာရှိတယ်၊ တချို့နေရာတွေ ရွာတွေမှာဆိုရင် လူတစ်ယောက်ဟာ တစ်နေရာမှာ သေသွားခဲ့ရင်တောင် သူ့ရွာ၊ သူ့မိသားစုတွေရှိတဲ့ နေရာကိုရောက်အောင် ဖုတ်ဝင်ပြီး ပြန်လာလေ့ရှိကြတယ်"

သေသွားသော အလောင်းကို မိမိတို့နေရာသို့ ပြန်ယူရသောကိစ္စမှာ ခက်ခဲလှသောကိစ္စ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တောတောင်ထူထပ်ပြီး တစ်နေရာနှင့်တစ်နေရာ သွားလာရန် ခက်ခဲလှသောကြောင့်ဖြစ်သည်။

သို့ကြောင့် အလောင်းကို သယ်ယူရန်ထက် ထိုအလောင်းကို ဖုတ်သွင်းပြီး သူ့အလိုလို လမ်းထလျှောက်ကာ ပြန်စေသောနည်းကို အသုံးပြုကြလေသည်။

၎င်းတို့ အယူအဆမှာ အရပ်တစ်ပါးတွင် သေဆုံးသွားသူကို သေသည့်နေရာမှာတင် မြှုပ်နှံသင်္ဂြိုလ်ခြင်းထက်၊ မိဘ



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးများရှိရာ ပြန်ရောက်စေခြင်းက ပိုကောင်းသည်ဟု ယူဆကြသည်။

ထိုသို့ ရောက်မှသာ မိဘဆွေမျိုးတို့က ဘဝကူးကောင်းအောင် ဓလေ့ထုံးစံအတိုင်း ဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်ပေသည်။

သို့ကြောင့် သေဆုံးသူသည် မည်သည့်နေရာမှာပင် သေသည်ဖြစ်စေ မိမိရွာ၊ မိမိဆွေမျိုးသားချင်းများ ရှိရာသို့ ပြန်ရောက်ရန် များစွာ အရေးကြီးလှပေသည်။

ထိုအရပ်ဒေသတွင် သေဆုံးပြီးသူ တစ်ယောက်က ဖုတ်ဝင်ပြီး မိမိရွာသို့ ပြန်လာသည်ကို တွေ့မြင်ပါက အနှောက်အယှက် မပြုရပေ။

သဘောပေါက် နားလည်စွာဖြင့် လမ်းဖယ်ပေးရသည်။

လူချင်းသိလျှင်သော်မှ နှုတ်ဆက်ခေါ်ငင်ခြင်း မပြုရပေ။

နာမည်ခေါ်ပြီး နှုတ်ဆက်လိုက်မိပါက ဖုတ်ဝင်ပြီး လမ်းလျှောက်လာသော အလောင်းမှာ လိုရာသို့ ဆက်မသွားနိုင်တော့ဘဲ ထိုနေရာမှာပင် လဲကျသွားတတ်လေသည်။

ဖုတ်ဝင်ပြီး လမ်းလျှောက်ပြန်လာသူကလည်း လူတွေနှင့် မတွေ့နိုင်သော လမ်းမျိုးမှရှောင်ချယ်ကာ ပြန်လာလေ့ ရှိကြသည်။

သေဆုံးပြီး ဖုတ်ဝင်ပြီး ပြန်ရောက်လာလျှင် ဆွေမျိုးသားချင်းတို့က ၎င်းအတွက် ယာယီခေါင်းတစ်လုံး ပြုလုပ်ကာ ထို





အထဲမှာထားသည်။

ထို့နောက်တွင် ထိုအလောင်းအား အစဉ်အမြဲထားမည့်နေရာအား စီမံပြုလုပ်ကြရသည်။

ကျောက်တောင်နံရံများ၌ အပေါက်ဖောက်ခြင်း၊ ကျောက်တောင်နံရံတွင် ခေါင်းတစ်လုံးသွင်းသာအောင် ထွင်းဖောက်ရသော လုပ်ငန်းမှာ မလွယ်ကူပေ။

အချိန်များစွာ ကြာမြင့်ပေသည်။

အကယ်၍ ကျောက်နံရံအမြင့်၌ ခေါင်းတလားဖြင့် တင်ထားမည်ဆိုပါကလည်း နှစ်ပေါင်းများစွာ ခိုင်ခံ့အောင် စီမံပြုလုပ်ရသဖြင့် အချိန်ပေးရသည်။

ကျောက်နံရံပေါ်တွင် ခေါင်းတလားကြီးတစ်လုံးရောက်အောင် တင်ဖို့ကလည်း လွယ်ကူသောအရာ မဟုတ်ပေ။

ထိုကဲ့သို့ ပြုလုပ်သော အစီအစဉ်များ မပြီးမချင်း အလောင်းကို သင်္ဂြိုလ်ခြင်း မပြုဘဲ ယာယီခေါင်းထဲမှာသာ ထားလေ့ရှိသည်။

တစ်ခု ဆန်းကြယ်သော အချက်မှာ. . .

ထိုကဲ့သို့ ဖုတ်သွင်းထားသော အလောင်းများမှာ ပုတ်ပွပျက်စီးသွားခြင်း မရှိဘဲ မူလရုပ်အတိုင်း ရှိနေခြင်းပင် ဖြစ်ပေသည်။

အသွေးအသားများ ခမ်းခြောက်သွားပြီးနောက် အရိုးပေါ်အရေတင်သည့် အခြေအနေမျိုး ဖြစ်သွားသည်။

အချို့အလောင်းများမှာ လပေါင်း အတော်ကြာသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ဆံပင်များ၊ မျက်ခုံးမွေးစသည်တို့ ရှိပြီး မူလရုပ်အတိုင်းပင် ရှိလေသည်။

ထိုအလောင်းများမှာ နှစ်ပေါင်းများစွာ မပျက်မစီးဘဲ ရှိကြလေသည်။

အင်ဒိုနီးရှားနိုင်ငံတွင် အချို့နေရာများတွင် တွေ့ရသော အလောင်းများမှာ ဆေးဝါးအစီအရင် ပြုလုပ်ထားခြင်း မရှိပါဘဲ နှစ်ပေါင်းတစ်ရာကျော်ကြာအောင် မူလရုပ်အတိုင်းပင် တွေ့ကြရသည်။

ရှေ့၌ ဖော်ပြခဲ့သည့်အတိုင်း ရပ်ဝေး၌ သေဆုံးသွားကြသူတို့မှာ ဖုတ်ကောင်ဘဝဖြင့် မိမိနေရပ်သို့ ရောက်အောင် ပြန်လာကြသည်။

ထိုသို့ ပြန်လာသောအခါ ဆွေမျိုးများက ယာယီခေါင်း ပြုလုပ်ထားကာ ၎င်းတို့အတွက် သင်္ချိုင်းနေရာသစ်ကို စီမံပြုလုပ်ပေးကြရသည်။

ပြီးသည်နှင့် ထိုအလောင်းကို ယာယီခေါင်းအတွင်းမှ ထစေသည်။

ဖုတ်သွင်းထားသဖြင့် သူ့ဖာသာ တလာခြင်း ဖြစ်လေသည်။

ထိုအခါ ကျန်ရစ်သူများက သေဆုံးသူနှင့် သက်ဆိုင်သော အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကို လဲလှယ်ဝတ်ဆင်ပေးပြီးနောက် အသင့်စီမံပြီးသော သင်္ချိုင်းသစ် ရှိရာသို့ ခေါ်ဆောင်သွားကြလေသည်။





အလောင်းကောင်က သူ့ဖာသာ လမ်းလျှောက်ပြီး သွားခြင်း ဖြစ်သည်။

ကမ္ဘာပေါ်တွင် အလောင်းသင်္ဂြိုဟ်သော ဓလေ့အမျိုးမျိုး ရှိကြရာ အင်ဒိုနီးရှားနိုင်ငံ၌ ရှိသော ဖုတ်သွင်းပြီး အလောင်းကို သင်္ဂြိုဟ်သောနည်းမှာ ဆန်းကြယ်လှသော နည်းတစ်မျိုးပင် ဖြစ်သည်။

ထိုသို့ အလောင်းကောင်ကို ဖုတ်သွင်းပြီးလိုသော နေရာသို့ ခေါ်ဆောင်သွားရာ၌ လိုက်ပါပို့သူများမှာ အသံမထွက်ရန် စကားမပြောရန် အရေးကြီးသည်။

အသံကြားပါက ဖုတ်ဝင်နေသော အလောင်းမှာ ဆက်မသွားနိုင်တော့ဘဲ နေရာမှာတင် လဲကျသွားတတ်သောကြောင့် ဖြစ်သည်။

တိတ်ဆိတ်စွာဖြင့် အသုဘပို့သော ဓလေ့ထုံးစံတစ်ခုလည်း ဖြစ်ပေသည်။

သင်္ချိုင်းသစ်ပြုလုပ်ထားသော နေရာရောက်လျှင် ခေါင်းပြုလုပ်ထားလျှင် အလောင်းက သူ့ဖာသာ ခေါင်းထဲဝင်သည်။

ကျောက်တောင်နံရံ၌ အပေါက်ဖောက်ထားပါက ၎င်းအတွက် ဖောက်ထားသော အပေါက်ရှိရာသို့ တက်သွားပြီး သူ့ဖာသာ ဝင်လေသည်။

ခေါင်းထဲဝင်လျှင် ခေါင်းအဖုံးကိုပိတ်၊ ကျောက်လိုဏ်ခေါင်းပေါက်အတွင်း ဝင်သွားလျှင် ထိုအပေါက်ကို ပိတ်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အသုဘသင်္ဂြိုဟ်သောကိစ္စ ပြီးသွားလေတော့သည်။

အထက်ပါ ရေးသားဖော်ပြသော အကြောင်းအရာများမှာ အလောင်းကို ဖုတ်သွင်းပြီး သင်္ဂြိုဟ်သော ဓလေ့အချို့ပင် ဖြစ်ပေသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဂမ္ဘီရဆန်သော နေရာများထဲတွင် ပါဝင်လေရာ ထိုကဲ့သို့သော ဖုတ်ဝင်သည့် ကိစ္စမျိုးမှာ အဆန်းတကြယ်တော့ မဟုတ်တော့ပါချေ။

"ကျွန်တော်တို့က ဒီနယ်ကို အခုမှ ရောက်ဖူးကြတာဆိုတော့ အခုလို တွေ့ရမြင်ရတာ အံ့ဩစရာပါပဲ၊ ဒါထက် ဒီတောင်က ဘာတောင်လို့ ခေါ်ပါသလဲ အဘ"

"ကျောက်တလားတောင်လို့ ခေါ်တယ်၊ ဒီလိုခေါ်တာကလည်း တောင်ရဲ့ပုံပန်းသဏ္ဌာန်က ခေါင်းတလားကြီးတစ်လုံးနဲ့ တူတာကတစ်ကြောင်း၊ နောက်ပြီး ရှေးတုန်းက ဒီတောင်ရဲ့ပတ်ဝန်းကျင်မှာ ရွာကြီးတွေ ရှိခဲ့တယ်"

"ဟုတ်ကဲ့"

"အဲဒီ ရွာကြီးတွေမှာ နေခဲ့ကြတဲ့ လူတွေဟာ ဖုတ်သွင်းတဲ့ ပညာကို တစ်ရွာလုံး တတ်ကြတယ်၊ မိသားစုတွေထဲက သေသွားသူတွေကို ဖုတ်သွင်းပြီး လိုတဲ့နေရာ ခေါ်သွားနိုင်တယ်၊ တစ်စုံတစ်ခု ခိုင်းစရာရှိရင် ခိုင်းစေကြတယ်"

"အံ့ဩစရာပါပဲ"

"ဒီကျောက်တောင်ကြီးမှာ သေတဲ့လူတွေကို မြှုပ်နှံခဲ့ကြလို့ သင်္ချိုင်းကြီးတစ်ခုဆိုလည်း မမှားပါဘူး၊ ဒါကြောင့် အချို့က





တော့ 'ကျောက်တလားတောင်သင်္ချိုင်း'လို့ ခေါ်ကြတယ်"

"ဒါကြောင့် ဒီနေရာမှာ အလောင်းတွေထားတဲ့ ဂူပေါက်တွေနဲ့ ခေါင်းတလားအကျိုးအပျက်တွေ အများကြီး ရှိနေတာကိုး၊ ဒါထက် ဒီနေရာကို တခြားနေရာက လူတွေ မလာဝံ့အောင် ဘယ်လိုလုပ်သလဲဟင်"

နီမောင်က မေးတော့ ဦးသက္ကဆိုသောအဘိုးကြီးက သောက်လက်စ ငှက်သိုက်ရည်ပန်းကန်ကို ပြန်ချထားလိုက်သည်။

"ငါတို့လည်း အရင်တုန်းက ဒီတောင်ရဲ့ အနီးတစ်ဝိုက်မှာ ရွာတည်ပြီး နေကြတာပါပဲ၊ ဒါပေမယ့် တခြားက လာတဲ့ လူတွေနဲ့ ဆက်ဆံရတာ စိတ်ပျက်လာကြတာနဲ့ ရွာတွေပျက်ပြီး ဒီကျောက်တောင်ထဲမှ ဝင်နေခဲ့ကြတာပါပဲ၊ ဒီတောင်မှာက ငှက်သိုက်တွေက ပေါတယ်၊ လူတွေက ငှက်သိုက်ယူဖို့ ဒီနေရာကို မကြာခဏ ရောက်လာကြတယ်"

"ဟုတ်တယ်"

"ဒါပေမယ့် ငှက်သိုက်တွေကို စည်းမဲ့ကမ်းမဲ့ ခွာယူကြတော့ ငှက်ကလေးတွေ သေကြရတယ်၊ ဒါကြောင့် မလာဝံ့အောင် ဖုတ်ကောင်တွေနဲ့ ခြောက်လှန့်ပစ်ရတယ်၊ ခြောက်လှန့်လို့မှ မရရင်တော့ မပြန်လမ်းပို့ပေးတန် ပို့ပေးရတာပေါ့၊ မင်းတို့တောင်ပေါ် ရောက်နေတုန်းက သူတို့လာကြည့်ကြသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါထက် ဖုတ်ကောင်တွေက လူတို့



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတတ်သလား အဘ"

ထိုညက ဖုတ်ကောင်များ ရောက်လာစဉ်က စကားပြောသံ ကြားရသည်ကို သတိရသဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

"သူတို့ကတော့ စကားမပြောနိုင်ပါဘူး။ ညက သူတို့နဲ့အတူတူ ငါပါလာပြီးတော့ သိချင်တာတွေ မေးကြည့်တာပါ"

"အော်. . ဒီလိုကိုး"

"ဒီလို မေးကြည့်တော့မှ မင်းတို့က ဒီနယ်ကလည်း မဟုတ်ဘူး။ နောက်ပြီး ရိုးသားပုံပေါ်လို့ အခုလို ကူထဲဝင်ခွင့်ပေးတာပေါ့ကွာ"

"ဒါဖြင့် တောင်ထိပ်ရောက်အောင် တက်နိုင်တဲ့ လမ်းတွေ ရှိသေးတာပေါ့နော်"

"မီးတောင်ဟောင်း အပေါက်တွေက တက်လာရင် တောင်ထိပ်ကို ရောက်ပါတယ်"

စားသောက်ရင်းနှင့် စကားပြောကြရာ နီမောင်တို့လည်း သိချင်တာ သိကြရပြီး အခြေအနေကို သဘောပေါက်သွားကြလေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် နေမြင့်သော အချိန်သို့ ရောက်လာလေသည်။

ပထမတော့ အဘိုးကြီးကို နှုတ်ဆက်ပြီး ထိုနေရာမှ ပြန်ထွက်ကြရန် စိတ်ကူးသော်လည်း စိတ်ဝင်စားဖွယ်ရာ အကြောင်းများကို နားထောင်နေရသဖြင့် တော်တော်နှင့် မပြန်နိုင်သေးဘဲ ရှိကြလေသည်။





ထို့ကြောင့် မေးလက်စနှင့် သိချင်တာ တစ်ခုကို ဆက်မေးရန် စိတ်ကူးလိုက်သည်။

"အဘကို နောက်တစ်ခု မေးပါရစေ၊ ဇီဝဇိုးငှက်ကလေးတွေကို ဘာကြောင့် ကာကွယ်ပေးနေတာလဲဟင်"

ထိုအခါ ဦးသက္ကက ဇီဝဇိုးငှက်များ အကြောင်းကို အောက်ပါအတိုင်း ပြောပြလေသည်။

ဇီဝဇိုးငှက်တို့သည် တိမ်ညွန့်စားသော ငှက်အမျိုးအစားပင် ဖြစ်ပြီး လေထဲမှာပင်နေကာ လေထဲမှာပင် အစာကို ရှာဖွေစားသောက်ကြသည်။

ဇီဝဇိုးငှက်သည် ပျံလွှားငှက်အမျိုးအစားနှင့် တူသော်လည်း သဘာဝကတော့ မတူပေ။

အခြားငှက်သတ္တဝါများကဲ့သို့ သစ်သီးဝလံ၊ ကောက်နှံ ဆပ်၊ အရွက်အညွန့်တို့ကိုလည်း မစား။

ပိုးကောင်၊ မွှားကောင်တို့ကိုလည်း မစား၊

ငါးသတ္တဝါတို့ကို ဖမ်းဆီးစားသောက်သော ငှက်အမျိုးအစား၌ မပါဝင်ပေ။

၎င်းတို့ စားသော အစားအစာမှာ မိုးတိမ်ညွန့်များကြား၌သာ ရှိသော ပရမာမြူမှုန်၊ မြူမှုန်ကလေးများပင် ဖြစ်လေသည်။

ပရမာမြူမှုန်များ ရဖို့ မြင့်လှသော ကောင်းကင်ယံထက်သို့ တက်မှ ရနိုင်လေသည်။

မြင့်မားလှသော ကောင်းကင်ထက်တွင် လေနှင့်အတူ မျောပါလာသော ပရမာမြူမှုန့်ကလေးများ ရရှိဖို့ လေထဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ပျံ့ဝဲနေကြရသည်။

ရင်းတို့သည် အစာအတွက် အခြားငှက်များကဲ့သို့ မြေ ပြင်သို့ ဆင်းစရာ မလိုဘဲ ကောင်းကင်၌သာ အချိန်အတော်များ များ နေသောကြောင့် တိမ်ညွန့်စားသော ဇီဝဝိုးငှက်များဟု တင် စားခေါ်ဝေါ်ကြသည်။

ပရမာမြူမှုန့်များကို ရှာဖွေစားရင်း လေထဲမှာ ပျံ့ဝဲနေ ထိုင်ရင်း သားပေါက်ရန် အချိန်နီးသောအခါတော့ လေထဲမှာ ဥပေါက်ရန် မဖြစ်သဖြင့် မလွဲမသွေ မြေပြင်သို့ ပြန်ဆင်းကြရ သည်။

သို့သော်လည်း လူသူနီးသော နေရာသို့ မဆင်းပေ။

အခြားတိရစ္ဆာန်တို့ အနှောက်အယှက်ပေးမည့် တော တောင်များသို့ မဆင်းဘဲ လူသူ မရောက်နိုင်သော ပင်လယ် သမုဒ္ဒရာထဲမှ ကျောက်ဆောင်များကြီး၌သာ ရင်းတို့အန်ဖပ်များ နှင့် အသိုက်ပြုလုပ်ကြသည်။

ရင်းတို့ ခံတွင်းမှ ထွေးအန်ထုတ်လိုက်သော ချွဲရေအန် ဖပ် များနှင့် အသိုက်ပြုလုပ်ပြီးမှ ဥချကာ သားပေါက်ကြလေ သည်။

ပြီးလျှင်တော့ ကောင်းကင်သို့ ပျံတက်သွားကြလေ သည်။

ငှက်သိုက်ဟောင်းများကတော့ ထိုနေရာ၌ပင် ကျန်ခဲ့ ကြသည်။

ထိုငှက်သိုက်ဟောင်းများကို ပင်လယ်ငှက် အပါအဝင်





အခြားငှက်များက အစာထင်မှတ်သဖြင့် သုတ်ချီယူခဲ့ကြရာမှ လူတို့ထံသို့ ရောက်သည်။

ပထမတော့ ငှက်သိုက်မှန်းလည်း မသိကြ။

စားသောက်ရမှန်းလည်း မသိကြပေ။

နောက်ပိုင်း နည်းလမ်းရှာပြီး အမျိုးမျိုး ပြုလုပ်ကာ စား သောက်ကြည့်သောအခါ နတ်ဆေးသုဒ္ဓါမှီဝဲရသကဲ့သို့ အရသာ ရှိမှန်း သိကြသည်။

ထို့ပြင် ခွန်အားတိုးပြီး ရောဂါကင်းစေသော အာဟာရ တစ်မျိုးဖြစ်မှန်း သိသောအခါ ငှက်သိုက်ကို သဘောကျသဖြင့် လိုက်လံရှာဖွေကြတော့သည်။

ပထမတော့ အောက်သို့ ကျနေသော ငှက်သိုက်တို့ကို ကောက်ယူစားသောက်ကြသည်။

အောက်၌ ရှာမတွေ့သောအခါ ကျောက်ဆောင်များ အပေါ်သို့ တက်ရောက်ရှာဖွေကြသည်။

ထိုကဲ့သို့ အစပြုကာ ငှက်သိုက်ရှာဖွေသော အလုပ်များ ပေါ်ပေါက်လာခြင်း ဖြစ်တော့သည်။

ဇီဝဝိုးငှက်မတစ်ကောင်သည် အသိုက်တစ်ခုအတွက် လေးလက်မခန့် ကျယ်ဝန်းပြီး အလျားအနည်းငယ်ရှည်ရန် လို အပ်သဖြင့် ငှက်သိုက်တစ်ခု ပြီးစေရန် အကြိမ်ပေါင်းများစွာ ထွေးအန်မှသာ ရနိုင်လေသည်။

သို့သော်လည်း အသိုက်တစ်ခုကို တစ်ခါတည်း ပြုလုပ် မရသဖြင့် ထွေးအန်လိုက်၊ ကောင်းကင်ပျံတက်ပြီး ပရမာမြူမှုန့်



www.burmeseclassic.com

www.burmeseclassic.com



များ စားလိုက်ဖြင့် အကြိမ်ကြိမ် ပြုလုပ်ကြရသည်။

ထိုသို့ ပြုလုပ်မပြီးခင်မှာ လူတို့က ခွာယူသွားပါက နောက်တစ်ကြိမ် အသစ်ထပ်လုပ်ရပြန်သည်။

သုံးကြိမ်လောက် ပြုလုပ်ရပါက အန်ဖတ်ရည်ထဲမှာ သွေးစများ သွေးမျှင်များ ပါလာတတ်သည်။

အချို့ကတော့ သွေးစပါနေသော ငှက်သိုက်တွေ့လျှင် ခွာမယူဘဲ ဒီအတိုင်း ချန်ထားခဲ့သည်။

လောဘကြီးသူများကတော့ ခွာယူသွားကြသည်။

သားပေါက်ရန် အချိန်နီးကပ်လာသောအခါ အသိုက်မရှိလျှင် မဖြစ်သောကြောင့် သွေးအန်သကဲ့သို့ အန်ကာ အသိုက်ပြုလုပ်ရင်းနှင့်ပင် ရင်ကွဲနာကျကာ သေကြရလေတော့သည်။

သွေးအန်၍ သေရသည်လား။

သားပေါက်ချိန် ပေါက်ခွင့် မရသောကြောင့် သေရသလားတော့ မပြောတတ်ပေ။

ရက်စက်သူများကတော့ ငှက်သိုက်များသာမကဘဲ ရင်ကွဲနာကျကာ သေဆုံးနေသော ဇီဝဇိုးငှက်ကလေးများကို ကောက်ယူလျက် ဆေးဖက်ဝင်သည်ဟုဆိုကာ ချက်ပြုတ်စားသောက်ကြလေတော့သည်။

ထိုနေရာရောက်တော့ ဦးသက္ကက စကားရပ်လိုက်သည်။

"မင်းတို့ အခုလို နားထောင်ရတော့ ဘယ်လို သဘောရကြသလဲ"





ဟု မေးသည်။

"သနားစရာပေါ့ အဘရယ်၊ မသိလို့ ယူလာမိတဲ့ ငှက်သိုက်တွေကိုတောင် တစ်နေရာမှာ ထားခဲ့ချင်စိတ် ပေါ်လာမိပါတယ်"

"ဒီလိုတော့ မလုပ်ပါနဲ့၊ ရတဲ့ဟာတွေတော့ ယူသွားပါ။ ငါသိသလောက်တော့ မင်းတို့ယူလာကြတာ ပြုတ်ကျနေတဲ့ ငှက်သိုက်တွေက ပိုများပါတယ်၊ ဒီလို ငှက်သိုက်မျိုးတွေ ယူတာက အပြစ် မရှိပါဘူး။ ငါတို့တောင် ဒီဂူထဲမှာ ပြုတ်ကျနေတဲ့ ငှက်သိုက်တွေ ကောက်ယူပြီး စားကြတာပါပဲ၊ ဒီငှက်သိုက်ပေါင်းက အဲဒီလို ရတာပေါ့"

ဟု ပြောပြသည်။ ထိုအခါ အနားမှာထိုင်နေသော စာမရီက ဝင်မေးသည်။

"နင်တို့ ငှက်သိုက်ရှာတော့ ခေါင်းတလားအလွတ်တစ်လုံးထဲမှာ ငါစုပြီး ထည့်ထားတဲ့ ငှက်သိုက်တွေ တွေ့လို့ ယူလာခဲ့ကြတယ် မဟုတ်လား"

ထိုစကားကြားသောအခါ သုံးယောက်သား ခိုးထုပ်ခိုးသည်နှင့် အမိခံရသကဲ့သို့ ဖြစ်သွားလေသည်။

"ခေါင်းထဲမှာ တွေ့တဲ့ ငှက်သိုက်တွေက နင်စုထားတာတွေလား၊ ဒီလိုဆိုရင် ပြန်ပေးပါ့မယ်"

နီမောင် စကားကြောင့် စာမရီက ပြုံးလိုက်သည်။

"မပေးပါနဲ့၊ ငါက နင်တို့အတွက် တမင်စုထားပေးတာပါ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သဘောပေါက်သွားကြလေသည်။

"ကျေးဇူးတင်ပါတယ်၊ ဒါဖြင့် ရန်သူတွေ လိုက်တာ မဟုတ်ဘဲ၊ ခေါင်းတလားထဲ ဝင်အိပ်နေတာကရော တမင်လုပ်တာပဲလား"

ဟု မေးသောအခါ အပြုံးဖြင့် ခေါင်းညိတ်ပြလေသည်။

ထိုနေ့ကလည်း စကားကောင်းနေကြရာ အချိန်မရှိတော့သဖြင့် မပြန်နိုင်သေးဘဲ ထိုဂူထဲမှာပင် နောက်တစ်ရက် နေကြရပြန်လေသည်။



## အခန်း(၉)

## စာမရီနှင့် ထူးဆန်းသော လက်ဆောင်

နေ့လည်ပိုင်းအချိန် ရောက်သောအခါ စာမရီတို့ ကျွေးသော အစားအသောက်တို့ကို စားသောက်ကြရသည်။

စားသောက်ပြီးသောအခါ စာမရီက ပြောသည်။

"အဘက ငါ့ကို မှာထားတယ်၊ နင်တို့ကို ပြန်ကာနီးမှာ လက်ဆောင်ပေးရမယ်လို့ မှာထားတယ်"

"ဟင် ဘာတွေ လက်ဆောင်ပေးမှာလဲဟင်"

"ဟိုရောက်တော့ တွေ့ကြရမှာပေါ့၊ ငါ့နောက်က လိုက်ခဲ့ကြပေါ့"

ဟု ပြောပြီး ခေါ်သွားရာ နီမောင်တို့သုံးယောက်လည်း နောက်မှ လိုက်သွားကြလေသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရောက်နေသောနေရာမှ အတွင်းပိုင်းသို့ ဝင်သွားသောအခါ ဇီဝဖိုးငှက်များ ဂူတွင်းသို့ အဝင်အထွက် ပြုလုပ်နေသည်မှာ ထိုနေရာမှ ဖြစ်ကြောင်း တွေ့ရလေသည်။

တစ်နေရာ ရောက်သောအခါ အောက်သို့ ဆင်းသော ကျောက်လှေခါးများ တွေ့ရပြီး လှေခါးထစ်များအတိုင်း အောက်သို့ ဆင်းသွားကြသည်။

ထိုနေရာတလျှောက်တွင် ဇီဝဖိုးငှက်များ ဝင်ထွက်သွားလာနေသည် သာမကဘဲ ဂူတွင်းမှာ နေထိုင်ကြသော လူအချို့လည်း သွားလာလျက် ရှိနေကြသည်။

၎င်းတို့က စာမရီကို မြင်သောအခါ နှုတ်ဆက်သွားကြလေသည်။

ကျောက်လှေခါးထစ်များမှ ဆင်းသွားရာ တစ်ဝက်ခန့် ရောက်သောအခါ အပြင်ဘက်မှ ဝင်လာသော လေနှင့် ထိတွေ့ရပြီး ရေလှိုင်းလှုပ်သံများပါ ကြားရသည်။

ထိုအတိုင်း ဆက်သွားရာ နောက်ဆုံးမှာတော့ အောက်သို့ ရောက်သွားလေသည်။

ထိုနေရာသည် ဂူအတွင်းပိုင်းမှာပင် ဖြစ်သော်လည်း ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်း ရှိနေသော နေရာပင် ဖြစ်ဟန်ရှိသည်။

အပြင်ဘက်မှ တိုက်ခတ်နေသော လေသည် ထိုနေရာသို့ ပင်လယ်ဒီရေတို့လည်း ရောက်နေသော နေရာလည်း ဖြစ်သည်။





ရေတက်သော နေရာများတွင် ကျောက်စွန်းကျောက်ဆောင်များနှင့် နွံများရှိသည်။

ပင်လယ်ဒီရေမြင့်တက်လာသော အချိန်တွင် ထိုနေရာသို့ ရေများရောက်ကာ ပြည့်တက်နေပြီး ရေပြန်ကျသွားလျှင်တော့ အချို့နေရာများ၌သာ ရေရှိပြီး အချို့နေရာများမှာတော့ မရှိပေ။

ထိုနေရာတစ်ဝိုက်တွင် ပင်လယ်ကမ်းခြေတစ်ဝိုက်တွင် တွေ့ရလေ့ရှိသော ငါး၊ ပုစွန်၊ ခရု၊ ကမာကောင်၊ ဂဏန်းတို့ကို တွေ့ရသည်။

"ဒါ ပင်လယ်ကမ်းခြေလား"

"ဟုတ်တယ်၊ ဟိုရှေ့မှာ မြင်နေရတဲ့ ကွေ့ကို ကျော်လိုက်ရင် အပြင်ရောက်သွားပြီး ပင်လယ်ကမ်းခြေကို ရောက်တယ်"

"ဇီဝဖိုးငှက်ကလေးတွေက ဒီနေရာက ဝင်လာကြတာလား"

"ဟုတ်တယ်၊ ငါတို့တွေ ငါး၊ ပုစွန် လိုချင်ရင် ဒီမှာ သာဖမ်းကြတယ်၊ တစ်ခါတလေ ဒီဂူထဲကို ငှက်သိုက်ရှာတဲ့ သူတွေ ရောက်လာတတ်တယ်၊ ဒါပေမယ့် ပြန်ပြေးကြရတာပါပဲ"

ဘယ်လိုကြောင့် ပြန်ပြေးရသည်ကိုတော့ သိကြပြီး ဖြစ်သောကြောင့် မမေးတော့ပေ။

"ငါတို့ကို ဘာလက်ဆောင်ပေးမှာလဲ"

"ဟိုဘက်မှာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ရှေ့မှ ဦးဆောင်ပြီး ခေါ်သွားရာ နောက်မှ လိုက်သွားကြရာ အတန်ကြာတော့ ထူးခြားသော နေရာသို့ ရောက်သွားကြသည်။

ထိုနေရာသည် ကျောက်ဆောင်များ ပေါ်ပြီး ပင်လယ်ရေ တိုက်ရိုက်ရောက်သော နေရာ ဖြစ်လေသည်။

ရေအိုင်ကြီးတစ်အိုင်ကဲ့သို့ ဖြစ်နေပြီး ရေ၏အရောင်က တော့ တစ်မူထူးခြားနေသည်။

သာမန်ပင်လယ်ရေ အရောင်မျိုး မဟုတ်ဘဲ အနက်ရောင်သမ်းနေသော ရေများ ဖြစ်လေသည်။

ပထမဂူထဲမှာ အလင်းရောင် မရှိသောကြောင့် ရေအရောင်ပြောင်းနေသည်ဟု စိတ်ထဲမှာ ထင်မိသောကြောင့် အသေအချာ ကြည့်သောအခါမှာ ရေ၏အရောင်မှာ အရောင်ပြောင်းကာ အနက်ရောင် ဖြစ်နေလေသည်။

"ဒီရေတွေက ဘာကြောင့် နက်နေတာလဲ"

"ငါလည်း မသိဘူး၊ ဒီရေအိုင် ရှိနေတာ နှစ်ပေါင်းအတော်ကြာပြီ၊ ဒီအတိုင်းပဲ၊ နင်တို့ကို ပေးမယ့် လက်ဆောင်တွေက ဟိုအပေါ်မှာ ပုံထားတယ်"

ဟု ပြောကာ ရေစပ်နှင့် မနီးမဝေးမှာ ရှိသော ကျောက်ကလပ်တစ်ခု ရှိရာသို့ ခေါ်ပြသည်။

ကျောက်ကလပ်ပေါ်မှာ ပုံထားသော အရာများမှာ အခြား မဟုတ်ပါချေ။

ကမာကောင်များပင် ဖြစ်သည်။





ကမာကောင်များမှာ ပင်လယ်ထဲမှာ တွေ့နေကျ ကမာကောင်မျိုး ဖြစ်သော်လည်း အနက်ရောင်များ ဖြစ်သည်။

အသက် မရှိကြတော့သော ကမာကောင်များလည်း ဖြစ်သည်။

"အဲဒီ ကမာကောင်တွေက ဒီရေအိုင်ထဲကပဲ၊ သူတို့ ပါးစပ်ထဲမှ ပုလဲလုံးတွေ ရှိတယ်၊ နင်တို့ လိုချင်သလောက် ယူသွားပေတော့"

"ဟင်. ."

နီမောင်တို့သုံးယောက်မှာ စိတ်လှုပ်ရှားမှုများနှင့်အတူ ကမာကောင်များ ပုံထားသော ကျောက်ကလပ် အနီးသို့ သွားကာ ကမာကောင် ပါးစပ်တို့ကို ဟကြည့်သောအခါ အတွင်း၌ ပုလဲလုံးများကို တွေ့ကြရသည်။

အားလုံး အနက်ရောင်များ ဖြစ်နေသော ပုလဲနက်များပင် ဖြစ်ကြလေသည်။

"ဟင်. . ပုလဲနက်တွေပါလား"

"ဟုတ်တယ်၊ ဒီရေအိုင်ထဲမှာ ရှိတဲ့ ကမာကောင်တွေက အနက်ရောင်တွေချည်းပဲ၊ ဒါကြောင့် ဒီကမာကောင်တွေထဲက ရတဲ့ ပုလဲတွေကလည်း အနက်ရောင်တွေချည်းပဲ၊ နင်တို့လိုချင်သလောက် ယူသွားပေတော့"

ဟု ခွင့်ပေးရာ များစွာ ဝမ်းသာသွားကြသည်။

ပုလဲသည် ရတနာတစ်မျိုး ဖြစ်သည်။

ရှားပါးပြီး တန်ဖိုးကြီးသော အရာလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးနှစ်ပေါင်းများစွာကတည်းက လူတို့ မက်မောတန်ဖိုးထားခဲ့ကြသော ရတနာတစ်ပါးလည်း ဖြစ်ပေသည်။

ပုလဲနှင့် ပတ်သက်သော ထူးခြားမှုများမှာ. . .

ပုလဲသည် လူတို့ အသုံးအဆောင် အမြဲတေ ရတနာတစ်ပါး ဖြစ်သည်။

အမြဲတေဟူသည် 'အမြိတ'ဟူသော သက္ကတဘာသာမှ လာသည်။

အဓိပ္ပါယ်မှာ 'မကျေပျောက်နိုင်သည့် သတ္တဝါတို့၏ သဏ္ဍာန်မှ အဆီသြဇာဓာတ် အထူးကိုစွဲ၍ ဖြစ်သော အနှစ်အခဲ'ဟူ၍ ဖြစ်သည်။

ပုလဲသည် အမာခံကို ပုလဲအလွှာအလွှာလေးများ ဖုံးလွှမ်းလျက် ဖြစ်ပေါ်လာသည့် အလွန်လှပသော အရောင်အသွေးရှိသော အမြဲတေ ရတနာတစ်ပါးပင် ဖြစ်သည်။

'လှိုင်းလေတွေကြားက ရှာဖွေရရှိခဲ့တဲ့ သော်တာလမင်းလိုမျိုး ဂုဏ်ကျက်သရေများနဲ့ ပြည့်စုံနေတဲ့ ပုလဲလုံးလေးတစ်လုံးကို ရှင်ဘုရင်တွေက သူတို့ရဲ့ ဘဏ္ဍာတိုက် အသစ်အတွက် ဝယ်ယူကောင်းဝယ်ယူမှာပါ'ဟု မက်သူးအာနိုး (၁၈၂၂-၁၈၈၈)က ဆိုခဲ့သည်။

ပုလဲသည် ထာဝရပျော်ရွှင်ခြင်းနှင့် လှပသော အရာတစ်ခု ဖြစ်ပါသည်။

ပုလဲသည် လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာ ကတည်းက အမျိုးသားရော အမျိုးသမီးပါ နှစ်သက်မြတ်နိုးရသော





ရတနာ ဖြစ်ပါသည်။

ယင်းအချိန်များ အတောအတွင်းကပင် ပုလဲတွင် နက်နှိုင်းသော ဒဏ္ဍာရီပေါင်းများစွာရှိပြီး ၎င်းမှာ ပုလဲ၏အလယ်ဗဟိုတွင် မရေတွက်နိုင်သော နက်နဲသိမ်မွေ့လှသည့် အရာများနှင့် ဖွဲ့စည်းထားသည်ဟု ဆိုပါသည်။

'ပုလဲ'ဟူသော အမည်မှာ လက်တင်ဘာသာစကား Pilula'မှ ဆင်းသက်လာခြင်းဖြစ်ပြီး 'သေးငယ်သော ဘောလုံးလေး'ဟု အဓိပ္ပါယ်ရပါသည်။

ကျောက်မျက်များတွင် ရှိရမည့် ဂုဏ်အင်္ဂါ(၃)ရပ် ဖြစ်သော 'လှပခြင်း၊ ရှားပါးခြင်းနှင့် မာကျောခြင်း'တို့တွင် ပုလဲသည် မာကျောခြင်း မရှိသော်လည်း ၎င်း၏အထူးလှပ နှစ်လိုဖွယ်ကောင်းသည့် အရည်အသွေးသည် အခြားကျောက်မျက်များထက် သာလွန်ကောင်းမွန်ပေသည်။

'စိန်' သည် သူ၏ရောင်လက် အရည်အသွေးနှင့် မာကျောသော ဂုဏ်သတ္တိတို့ကြောင့် ရာစုနှစ်များစွာကတည်းက ကျောက်မျက်တို့၏ ဘုရင်အဖြစ် လှပနေသည်ဟု ဆိုပါလျှင် ပုလဲ'ရတနာကို 'ကျောက်မျက်တို့၏ဘုရင်မ'ဟု သတ်မှတ်ရပေသည်။

ပုလဲကို မုတ်ကောင်နှင့် ကမာကောင်တို့၏ ခန္ဓာကိုယ်အတွင်းမှ ရရှိသည်။

ကမာကောင်မှ ထွက်သော ပုလဲထက် မုတ်ကောင်မှ ထွက်သော ပုလဲက အရောင်အသွေး တောက်ပကောင်းမွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အရွယ်အစား ကြီးထွားသည်။

မုတ်ကောင်ကို ကနုကမာကောင်ဟူ၍လည်း ခေါ်သည်။

မြန်မာစာပေဖျမ်းဂန်များတွင် ဖော်ပြထားသော ပုလဲရတနာရှစ်ပါး ရှိလေသည်။

သာရတ္တသင်္ဂဟကျမ်းတွင် ဤသို့ဆို၏။

၁။ တတ္တိကုမ္ဘ ။ ။ရွှေရောင်အဆင်း ရှိသော ဆင်၏ဦးကင်း၌ ဖြစ်သောပုလဲ။

၂။ ဝရာဟဒါဠ် ။ ။ဝက်စွယ်အဆင်းရှိသည့် ဝက်၏ အစွယ်၌ ဖြစ်သောပုလဲ။

၃။ ဝလာဟက ။ ။တိမ်တိုက်၌ ဖြစ်သော နတ်သုံးရတနာပုလဲ။

၄။ ဘူဇင်္ဂသီသံ ။ ။စိမ်းညိုရောင်တောက်ပသည့် မြွေ၏ဦးခေါင်းမှ ဖြစ်သောပုလဲ။

၅။ သခေါ် ။ ။ခရုသင်း၌ ဖြစ်သောပုလဲ။

၆။ သိပ္ပိ ။ ။အဆင်းအရောင် အထူးထူး ရှိသည့် ယောက်သွား၌ ဖြစ်သောပုလဲ။

၇။ ဝေဠု ။ ။သပျစ်သီးစိမ်းရောင် ရှိသည့် ဝါး၌ ဖြစ်သောပုလဲ။

၈။ မစ္ဆသိရော ။ ။ငါး၏ဦးခေါင်း၌ ဖြစ်သောပုလဲ။

ယနေ့ ကမ္ဘာတွင် ထင်ပေါ်ကျော်ကြားနေသော မုတ်ကောင်မှ ရရှိသည့် ပုလဲမှာ အထက်တွင် ဖော်ပြခဲ့သည့် ပုလဲများ





မှ နံပါတ်(၆) ဖြစ်သော ယောက်သွားမှရသော ပုလဲနှင့် တူညီသည်။

သာရတ္တသင်္ဂဟကျမ်းလာ ယောက်သွားဟူသည်မှာ မုတ်ကောင်နှင့် ကမာကောင်ကိုပင် ခေါ်ဆိုဟန် ရှိသည်။

ပုလဲကို ရှေးနှစ်ပေါင်းများစွာက ပင်လယ်ကမ်းခြေ၌ နေထိုင်ကြသည့် လူများက တွေ့ရှိခဲ့ကြသည်။

ခရစ်သက္ကရာဇ် ၁၄၉၈ တွင် ကမ္ဘာလှည့်ခရီးသည် ကိုလံဘတ်သည် ကျဘာဂူဝါကျွန်းသို့ ရောက်သည့်အခါတွင် ကျွန်းရှိ လူတို့၏အကူအညီဖြင့် ပုလဲထွက်ရာ အရပ်အဖြစ်မှန်ကို သိရှိလေသည်။

ဂျပန်ပြည်သည် ပုလဲရတနာ ထွက်ရှိခြင်းကြောင့် နှစ်ပေါင်းများစွာကပင် ကျော်ကြားခဲ့လေသည်။

ကမ္ဘာ့ ပုလဲမွေးမြူရေး လုပ်ငန်းကို တရုတ်ပြည်တွင် ၁၃ ရာစုနှစ်ကပင် စတင်သည်ဟု အဆိုရှိသည်။

ဤသည်ကို ထောက်ရှုလျှင် ပုလဲကို ရတနာအဖြစ်ဖြင့် စတင်အသုံးပြုသူမှာ တရုတ်လူမျိုးများ ဖြစ်သည်ဟု ယူဆချက် ဖြစ်သည်။

လူ့သမိုင်းတလျှောက်တွင် ထင်ရှားသည့်

- ကမ္ဘာကျော် အလှဘုရင်မ ကလီယိုပတ္တရာ (အီဂျစ်ဘုရင်မ) ၏ ဒေါ်လာသုံးသိန်းတန် ပုလဲနားဆွဲတန်ဆာ
- ဘုရင်ဂျူးလီးယက်ဆီဆာက သူ၏မိခင်သို့ လက်ဆောင်ပေးလိုက်သော ယန်းဒင်္ဂါးလေးသန်းကျော်တန် ပုလဲရတနာ



www.burmeseclassic.com

www.burmeseclassic.com



စသည်တို့သည် ဂျပန်ပြည်မှ ထွက်ရှိသော ကမ္ဘာကျော် ပုလဲများ ဖြစ်ကြသည်။

ဂျပန်ပြည်သည် ယနေ့တိုင် ပုလဲထွက်ရှိသော နိုင်ငံအဖြစ်ဖြင့် ကျော်ကြားလေသည်။

ဂျပန်၏နောက် ပုလဲကောင်း အမြဲတေရတနာများ ထွက်ရှိသဖြင့် ကမ္ဘာက အာရုံပြုလာရသော နိုင်ငံမှာ မြန်မာနိုင်ငံပင် ဖြစ်လေသည်။

မြန်မာနိုင်ငံမှ ပုလဲကြီးတစ်လုံး ထွက်ရှိခဲ့ဖူးသည်။

ကမ္ဘာပေါ်တွင် ယနေ့ထိ အကြီးဆုံးသော ပုလဲကြီး ဖြစ်သည်ဟု သတ်မှတ်ထားသော အာရှမေ(Pearl of Asia)မှာ အလျားသုံး လက်မ၊ ဒု-နှစ်လက်မ ရှိလေသည်။

ဤပုလဲလုံးကြီးကို ပထမဦးစွာ ရရှိသူမှာ ပါရှားပုလဲငုပ်သမားများ ဖြစ်လေသည်။ ရရှိသည့် ကာလမှာ ခရစ်သက္ကရာဇ် ၁၆၂၈ ဖြစ်သည်။

ကမ္ဘာကျော်တပ်(ချ)မဟာ ချစ်ဗိမာန်ကြီးကို တည်ဆောက်ခဲ့သူ မဂိုဘုရင်ကြီးရှား(ဂျ)မဟား(လ)သည် ၎င်းပုလဲကြီးကို ဝယ်ယူ၍ သူ၏မိဖုရားကို လက်ဆောင်ပေးခဲ့ဖူးလေသည်။

၁၇၉၉ သို့ ရောက်သောအခါ အာရှမေပုလဲကြီးသည် တရုတ်ပြည် မန်ချူးဘုရင် ချင်လန်၏လက်တွင်းသို့ ရောက်ရှိလေသည်။

ဘုရင်ချင်လန် ကွယ်လွန်သောအခါ တရုတ်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအရ ထိုပုလဲကြီးကို သေသူနှင့်အတူ ဂူသွင်းမြှုပ်





နှံခဲ့လေသည်။

နှစ်ပေါင်းတစ်ရာကျော်မျှ ကြာပြီး သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်သို့ ရောက်သောအခါ သချိုင်းဂူကို လူတစ်စုက ဖောက်ထွင်း၍ အဆိုပါ ပုလဲကြီးကို ခိုးယူသွားလေသည်။

၁၉၁၈ သို့ ရောက်သောအခါ ဟောင်ကောင်မြို့ရှိ ခရစ်ယန် ကက်သလစ်ဂိုဏ်းတစ်ခုသည် ထိုပုလဲကြီးကို အပေါင်ခံရရှိခဲ့လေသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ယင်းပုလဲကြီးကို အပေါင်ဆုံးပစ္စည်းတစ်ခု အဖြစ်ဖြင့် ပြင်သစ်ပြည် ပဲရစ်မြို့ရှိ သူဌေးတစ်ဦးအား မြန်မာငွေ နှစ်သိန်းခန့်ဖြင့် ရောင်းချလိုက်သည်။

ထိုအခါမှစ၍ ကမ္ဘာတွင် အကြီးဆုံးဟု ကျော်ကြားသော ထိုပုလဲကြီးမှာ သတင်းအစ ပျောက်ခဲ့လေသည်။

အာရှမေပုလဲကြီး (Pearl of Asia) နောက်တွင် ဤမျှကြီးသော ပုလဲကြီးမျိုး ကမ္ဘာ့ မည်သည့်နိုင်ငံကမှ မထွက်ရှိပေ။

၁၉၆၆၊ ဒီဇင်ဘာ ၂၁ ရက်နေ့တွင်မူ မြန်မာပြည် ပုလဲမွေးမြူရေးဌာန၊ ပုလဲကျွန်းမှ ဒုတိယကမ္ဘာ့အကြီးဆုံး ပုလဲကြီးကို ဖော်ယူရရှိခဲ့လေသည်။

ဤပုလဲကြီးမှာ အလျားနှစ်လက်မ မတ်တင်း(၄) မီလီမီတာ၊ အလေးချိန် ၃၆ ဒသမ ၇၅ ဂရမ်၊ ရတီချိန် ၂၀၂ ဒသမ ၁၃ (မြန်မာအလေးချိန် နှစ်ကျပ်သားကျော်) ရှိပေသည်။

ပထမ ကမ္ဘာ့အကြီးဆုံး ပုလဲ အာရှမေနှင့် နှိုင်းဆမည်ဆိုလျှင် အလျားလက်မ ငါးမတ်တိတိ လျော့နည်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုမြန်မာ့ပုလဲကြီးမှာ ယနေ့ ကမ္ဘာတွင် အကြီးဆုံးသော ပုလဲကြီးနေရာကို အစားထိုးနိုင်ခဲ့ပေသည်။

ပုလဲကို သဘာဝပုလဲနှင့် မွေးပုလဲဟူ၍ ခွဲခြားထားသည်။

သဘာဝပုလဲကို အသားပုလဲ၊ မွေးပုလဲကို အဆီပုလဲဟူ၍ သတ်မှတ်ကြသည်။

သဘာဝပုလဲနှင့် မွေးပုလဲတို့ကို ဓာတ်မှန်ရိုက်ကြည့်သောလျှင် ထင်ရှားသိသာပြီး အမျိုးအစား မှန်ကန်စွာ ခွဲခြားနိုင်သည်။

မွေးပုလဲအတွင်း၌ ပုလဲဖြစ်ရန် မုတ်ကောင်အတွင်းသို့ ထည့်ပေးလိုက်သော ဝတ်ဆံတည်ရှိနေသည်။

ဤဝတ်ဆံကို ဓာတ်မှန်ရိုက်ကြည့်မှသာ သိနိုင်လေသည်။

ဓာတ်မှန်တွင် ဝတ်ဆံပေါ်လျှင် မွေးပုလဲ၊ ဝတ်ဆံမဲ့လျှင် သဘာဝပုလဲ ဟူ၍ ခွဲခြားနိုင်သည်။

အမြင်အားဖြင့် သဘာဝပုလဲထက် မွေးပုလဲမှာ ပို၍ ကောင်းမွန်လေသည်။

သို့သော် ကမ္ဘာ့ဈေးကွက်တွင် မွေးပုလဲထက် သဘာဝပုလဲကို ပို၍ မက်မောကြလေသည်။

သဘာဝပုလဲ ဖြစ်ပေါ်လာပုံမှာလည်း ဆန်းကြယ်သည်။

မုတ်ကောင်သည် ပင်လယ်အတွင်းရှိ ပိုးမွှားနှင့် ရေညှိ





ဝင်များကို ရေစီးကြောင်းအတွင်း အခါခင်ဖုံး နှစ်ခုကို ဖွင့်ပြီး ဖမ်းယူစားသောက်လျက် အသက်ရှင်နေသော သံသေဒဇ ကောင်များ ဖြစ်ကြသည်။

၎င်းတို့သည် ကျောက်ခက်၊ ကျောက်တုံးတွင် တွယ်ကပ်နေပြီး အခွံအုပ်ကို ဖွင့်လျက် အစာကို ဖမ်းယူလေသည်။

ရန်သူလာလျှင် အခွံဖုံးကို ပြန်အုပ်လိုက်လေသည်။

ထိုသို့ အခွံဖုံးကို ဖွင့်လျက် အစာကို ဖမ်းယူရာ တစ်ခါတရံတွင် သဲ၊ ကျောက်ခဲ၊ မာကျောသော အရာဝတ္ထုစသည့် တစ်ခုခုသည် အစာနှင့် ရောထွေးပြီး မုတ်ကောင်၏ အခါခင်အတွင်းသို့ ရောက်ရှိလေသည်။

ထိုအခါ မုတ်ကောင်သည် အခံခက်၍ ယားယံလေသည်။ မုတ်ကောင်သည် ယားယံသောအခါ နူးညံ့သော ကိုယ်တွင်းမှ နို့နှစ်ကဲ့သို့ ဖြူဆွတ်နေသော အရည်များကို အကြိမ်ကြိမ် အခါခါ ညှစ်ထုတ်လျက် အခါခင်အတွင်းသို့ ဝင်နေသော အစွည်းကို ထုတ်ပစ်ရန် ကြိုးစားသည်။

ကိုယ်တွင်းအသားရေမှာ နူးညံ့ပြီး စီးထမ်းသော အစေးရှိသဖြင့် အမှိုက်မှာ ထွက်၍ မသွားပေ။

အမှိုက်မထွက်သဖြင့် ယားသည်။

ယားသဖြင့် နို့နှစ်ရည်ကို ထုတ်၍ ဖယ်သည်။

ဖယ်လေ မထွက်လေ၊

မထွက်လေ ယားလေ၊

ယားလေ ညှစ်လေ၊ ညှစ်လေ နို့နှစ်ရည်ထွက်လေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချိန်ကြာသောအခါ အမာခံအမှိုက်ကို မုတ်ကောင်မှ ညှစ်ထုတ်လိုက်သော နို့နှစ်ရည်များ ဖုံးငုံ မာကျောလျက် အဖိုးတန်ပုလဲရတနာ ဖြစ်လာလေသည်။

မုတ်ကောင်ယားလေ၊ ဖို့သည့်နို့နှစ်ရည် များသဖြင့် ပုလဲထွားလေ ဖြစ်သည်။

ဤသို့ဖြင့် သဘာဝပုလဲကို ရရှိသည်။

အရောင်အားဖြင့် ပုလဲမျိုး ရှစ်ပါး ရှိကြောင်း ဖော်ပြပါမည်။

* ဝိရောဇမုတ္တာ။ အထွေထွေအရောင် ရှိသည်။
* ဂသ်မုတ္တာ။ ကြေး၏အရောင်ကဲ့သို့ ရှိသည်။
* ပသဿမုတ္တာ။ ပြိုးပြိုးပြက်ပြက် တခဲနက်အရောင် ရှိသည်။
* ရဇတမုတ္တာ။ ငွေရောင်အဆင်း ရှိသည်။
* သုဝဏ္ဏမုတ္တာ။ ရွှေရောင်အဆင်း ရှိသည်။
* နီလမုတ္တာ။ ညိုသောအရောင် ရှိသည်။
* ပီတမုတ္တာ။ ရွှေသောအရောင် ရှိသည်။
* ကဏှမုတ္တာ။ မည်းသောအရောင် ရှိသည်။

ပုလဲကို သုံးဆောင်ရာတွင် သန့်ရှင်းလှပနေစေရန် သတိပြုစရာများ ရှိပသည်။

ပုလဲတွင် ရေဓာတ် ၂% ခန့်ပါဝင်သောကြောင့် ခြောက်သွေ့ရောင်ခြည်ကဲ့သို့သော ပူနွေးသော နေရာများတွင် ပုလဲကို သိမ်းထားပါက အပူရှိန်ကြောင့် ဆံချည်မျှင်အက်ကြောင်းများ ပေါ်လာနိုင်ပါသည်။





ရင်းအပြင် ပုလဲ၏တောက်ပြောင်မှု၊ အရောင်လက်မှုမှာလည်း လုံးဝနီးပါး မှိန်သွားပါသည်။

သို့ဖြစ်၍ ပုလဲကို ဝတ်ဆင်ပြီးတိုင်း သန့်ရှင်းပြီးမှ အမြဲတမ်း သိမ်းထားသင့်ပါသည်။

သီကုံးထားသော ပုလဲများကို အာလူးအမှုန့်ထဲတွင် ဖြည်းညင်းစွာထည့်၍ မွှေနှောက်ပေးခြင်းအားဖြင့် ပုလဲတွင် တပ်ငြိနေသော ချေးများနှင့် မျက်နှာပြင် အစွန်းကွက်များကို ပျောက်စေပါသည်။

မုတ်ကောင်များကို လူတို့မှ သားဖောက်မွေးမြူ၍ ပုလဲကို ထုတ်ယူခြင်းဖြင့် မွေးပုလဲများစွာ ရရှိနိုင်သည်။

၁၃ ရာစုနှစ်အတွင်းက တရုတ်တို့သည် ပထမဦးဆုံး ပုလဲမွေးမြူခြင်း အတတ်ပညာကို ကောင်းစွာ စတင်တတ်မြောက်၍ အကောင်အထည် ဖော်နေပြီ ဖြစ်ပါသည်။

မုတ်ကောင်၏ အတွင်းသားနှင့် အခွံအကြားထဲသို့ သဲလုံးကဲ့သို့သော ပြင်ပမှ အရာဝတ္ထုတစ်ခုကို ထည့်ပေးလိုက်ခြင်းအားဖြင့် မုတ်ကောင်သည် ပြင်ပမှ ဝင်လာသော အရာဝတ္ထုကို တယ်(လ)ဆီယမ်ကာဗွန်နိတ် အလွှာပါးကလေး(ပုလဲရည်)ဖြင့် ဖုံးအုပ်လိုက်ခြင်းအားဖြင့် ပုလဲအရိုင်းကို ရရှိပါသည်။

ပုလဲဗုဒ္ဓရုပ်ပွားတော်များကို အထူးသီးသန့် အစီအစဉ်ဖြင့် ထုတ်လုပ်ခြင်း ရှိပါသည်။

မုတ်ကောင်၏ ကိုယ်တွင်းသို့ ဖယောင်းဖြင့် ပြုလုပ်ထားသော သေးငယ်သည့် ဗုဒ္ဓရုပ်ပွားတော်ပုံကို ထည့်သွင်းလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ပုလဲရည်များက အလိုက်သင့်ပင် ဖုံးအုပ်သွားပါသည်။

ထိုပုလဲလုံးကလေးသည် တဖြည်းဖြည်း ကြီးထွားလာပြီး အလိုရှိသော အရွယ်အစားသို့ ရောက်ရှိသောအခါ လှပ၍ ဆွဲဆောင်မှုရှိသော ဗုဒ္ဓ၏ရုပ်ပွားတော်သဏ္ဌာန် ပုလဲလုံးကလေးကို မုတ်ကောင်မှ ထုတ်ယူ၍ ဘုရားသခင်ထံမှ မေတ္တာ ကရုဏာ၏ ကူညီစောင်မမှုကို ရရှိသည်ဟူ၍ ဘုရားကျောင်းများတွင် ရောင်းချကြပါသည်။

ပုလဲမွေးမြူခြင်းသည် အများအားဖြင့် မုတ်ကောင် (Oyster)ကို အသုံးပြုကြပါသည်။

မုတ်ကောင်၏ အခွံမှ ကနုကမာဖြင့် ပြုလုပ်ထားသော လုံးဝန်းသည့် ဝတ်ဆံကလေးကို မုတ်ကောင်၏ အတွင်းသား အနည်းငယ်နှင့်အတူ ပုလဲလက်ခံမွေးမြူမည့် မုတ်ကောင်၏ အတွင်းသားထဲသို့ ထည့်သွင်းပေးလိုက်ပါသည်။

တစ်ချိန်တည်းမှာပင် ထိုကဲ့သို့ ဝတ်ဆံသွင်းပြီးသား မုတ်ကောင် ရာပေါင်းများစွာကို ဝိုင်ယာကြိုးများဖြင့် ပြုလုပ်ထားသော လှောင်အိမ်များတွင် ထည့်ကာ ထိုလှောင်အိမ်ရာပေါင်းများစွာကို ပင်လယ်အောက်ထဲတွင် အထူးစီမံပြုလုပ်ထားသော ဖောင်များတွင် ချိတ်တွဲထားပါသည်။

သုံးနှစ်မှ လေးနှစ်ခန့် ကြာသောအခါ မုတ်ကောင်များကို ပင်လယ်ရေအောက်မှ ဆယ်ယူလိုက်ပါသည်။

ထိုအခါ မုတ်ကောင်၏ အတွင်းသားထဲသို့ ထည့်သွင်းလိုက်သော ဝတ်ဆံကို ပုလဲရည်များဖြင့် ဖုံးအုပ်ပြီးသား ဖြစ်သွားပါသည်။ အချိန်အတိုင်းအတာပေါ် မူတည်၍ မုတ်ကောင်၏ အတွင်းသားထဲသို့ ထည့်သွင်းလိုက်သော ဝတ်ဆံကို ဖုံးအုပ်လိုက်သည့် ပုလဲအရည်အပေါ် မူတည်၍ ပုလဲသား၏ အထူအပါးကို ဖြစ်ပေါ်စေပါသည်။

အကြမ်းအားဖြင့် အချိန်(၂)နှစ်မှ (၃)နှစ်အတွင်း မုတ်ကောင်ကို ဆယ်ယူခဲ့ပါက အချင်း(၅)မီလီမီတာရှိသော ဝတ်ဆံပေါ်တွင် ပုလဲအသား မီလီမီတာဝက်(၀. ၅မီလီမီတာ)ခန့် ရှိပါသည်။

သိန်းပေါင်းများစွာသော မုတ်ကောင်များကို ပင်လယ်ရေအောက်တွင် လှောင်အိမ်များနှင့် မွေးမြူရာ၌ တစ်ဝက်ခန့်မှာ သေဆုံးကုန်ပါသည်။

၎င်းသည်မှာ သဘာဝတရားကြောင့်လည်း ဖြစ်နိုင်သည်။ ကြယ်ငါး(Star Fish)များ၏ တိုက်ခိုက်ခြင်း ခံရသောကြောင့်လည်း ဖြစ်နိုင်သည်။

ထို့ပြင် အနီရောင်ပလင့်(ခ)တန်(Red Plankton) ဟုခေါ်သော အနီရောင် အကောင်ငယ်များကြောင့် အသက်ရှူကြပ်၍ သေခြင်းတို့ ဖြစ်ပါသည်။

အဆိုပါ အနီရောင်အကောင်ငယ် (Red Plankton ) များ ရေပြင်အတွင်း ဝင်ရောက်လာပါက ပင်လယ်ရေ အရောင်သည် အနီရောင်သို့ ပြောင်းလဲသွားသဖြင့် ၎င်းအချက်ကို "အနီရောင် ဒီရေ"အဖြစ် လူသိများကြပါသည်။

လှောင်အိမ်များထဲတွင် မသေဘဲ ကျန်ရစ်ခဲ့သော မုတ်




ဝဏ္ဏတွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်များမှ အရည်အသွေးညံ့သော ပုလဲ ၁၀%၊ ရောင်းတန်းဝင်ပုလဲ ၁၀%၊ အရည်အသွေးကောင်းပုလဲ ၁၅%နှင့် ထိပ်တန်းအရည်အသွေးကောင်းပုလဲ ၅%တို့ကို ထုတ်လုပ်ရရှိပါသည်။

ပုလဲတွင် အရောင်အသွေးကို ခွဲရာတွင် ပုလဲကို ထုတ်လုပ်သည့် မုတ်ကောင် အမျိုးအစားအလိုက် ခွဲခြားပါသည်။

ငွေရောင်နှုတ်ခမ်း မုတ်ကောင်မှ အဖြူရောင်ရှိ ပုလဲသားကို ထုတ်လုပ်၍ ရွှေရောင်နှုတ်ခမ်း မုတ်ကောင်မှ ပန်းရောင်နှင့် အဝါရောင်သမ်းသော ပုလဲကို ထုတ်လုပ်ကြလေသည်။

အနက်ရောင်နှုတ်ခမ်း မုတ်ကောင်မှ များသောအားဖြင့် အနက်ရောင်သမ်းသော ပုလဲများကို ထုတ်လုပ်ပါသည်။

ငါးအကြေးခွံများတွင် ပါဝင်သည့် သုတ်ဆေးများ တိုးတက်ကောင်းမွန်လာသော်လည်း ပုလဲ၏ရောင်လက်နှင့် နီးစပ်သော အရာဝတ္ထုကို တုပနိုင်စွမ်း မရှိသေးပါ။

ယင်းသုတ်ဆေးများကို အခေါင်းပွဖန်ပုတီး၏ အတွင်းဖက်တွင် သုတ်လိမ်းပြီးနောက် ဖယောင်းများဖြင့် ဖြည့်ထားပြီး ပုလဲအတု ပြုလုပ်ကြပါသည်။

နောက်တစ်မျိုးမှာ အခေါင်းပွဖန်လုံးများကို တောက်ပြောင်အောင် အရောင်မတင်မီ ဖန်လုံး၏ မျက်နှာပြင်ပေါ်တွင် ယင်းသုတ်ဆေးများကို သုတ်၍ အထူးစီမံထားသော မီးဖိုများထဲတွင် အခြောက်ခံထားခြင်း ဖြစ်ပါသည်။

ငြိမ်းချမ်းခြင်း၊ အပြစ်ကင်းစင်ခြင်း၊ သန့်စင်ခြင်းတို့၏





အထိမ်းအမှတ်အနေဖြင့် ပုလဲကို နတ်ဘုရားမ ဗိုင်ယာနာနှင့် လမင်းတို့၏ အထွဋ်အမြတ်ထားရာ ကိုယ်စားလှယ်အဖြစ် တစ်ချိန်က ယူဆခဲ့ကြပေသည်။

ဤအကြောင်းအချက်များကြောင့် ရှေးအခါက မိန်းမပျိုကလေးများသည် ဗိုင်ယာနာ၏ အမှတ်လက္ခဏာအဖြစ် ပုလဲတို့ ဝတ်ဆင်ခဲ့ကြပြီး သူမမှ ကာကွယ်စောင့်ရှောက် ပေးပါရန် အသနားခံခဲ့ကြပေသည်။

ဘော်နီယိုကျွန်းမှ ပုလဲငုတ်သမားတို့၏ ကြောက်မက်ဖွယ်ကောင်းသည့် ရှေးထုံးစဉ်လာ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနား၏ မူလအစသည် အချိန်ကြာလာသည်နှင့်အမျှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

ကောင်းမွန်လှပသော ပုလဲလုံးများကို ရရှိရန် "ပုလဲများမွေးဖွားခြင်း" အခမ်းအနားကို ကျင်းပရန်အတွက် သူတို့ ပုလဲငုပ်ခဲ့စဉ်က ရရှိခဲ့သော (၉)လုံးမြောက် ပုလဲလုံးကို တရိုတသေ [illegible]ယ်ထားခဲ့ကြပါသည်။

ပုလဲငုပ်ရာမှ ပြန်လာကြသောအခါ သူတို့သည် ကမ်းခြေတစ်လျှောက် ပြေးလွှားလာကြပြီး ၎င်းတို့ သိမ်းထားသော (၉)လုံးမြောက် ပုလဲလုံးကို အားလုံးစုစည်း၍ ပုလင်းတစ်လုံးထဲတွင် စုထည့်လိုက်ပြီး ထိုပုလင်းထဲတွင် ဆန်စေ့(၂)လုံးစီကိုပါ အတူတကွ ထည့်ပေးလိုက်ပါသည်။

ထိုပုလင်းအဝကို လူသေ၏ လက်ချောင်းကို အဆို့ဆို့၍ ပိတ်လိုက်ပြီး သစ်ပင်တစ်ပင်၏ အကိုင်းများတွင် ပုလင်း



www.burmeseclassic.com

www.burmeseclassic.com



များကို တွဲလွဲဆွဲကာ ၎င်းတို့၏ ရိုးရာဓလေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ကြပါသည်။

အခမ်းအနားအတွက် လိုအပ်သော ပုလင်းဆို့မည့် လက်ချောင်းများကို သချိုင်းရှိဂူများကို ဖောက်ထွင်းသည့် ဓားပြများထံမှ ဝယ်ယူကြရသည်။

သို့သော် ယခုခေတ်အခါတွင် ဤထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော ဓလေ့များကို ကျွန်းအုပ်ချုပ်ရေးအဖွဲ့များမှ ဥပဒေအရ တားမြစ်ခဲ့ပြီး ခေတ်သစ်ပုလဲငုပ်သမားများသည် ပုလင်းအတွက် လိုအပ်သော အဆို့များကို အခြားပုံ၍ သင့်လျော်သော အဆို့များကိုသာ အသုံးပြုကြပါသည်။

တရုတ်လူမျိုးတို့၏ ဒဏ္ဍာရီများတွင် နဂါးများသည် မိုးကိုဖန်တီးသူများဖြစ်ပြီး နဂါး၏ပါးစပ်မှ အန်ထုတ်လိုက်သော အချို့အရာများသည် ပုလဲများဖြစ်သည်ဟု ဆိုပါသည်။

ထို့ကြောင့် မိုးနှင့်ပုလဲတို့သည် ကောင်းကင်ယံတွင် နဂါးများ တိုက်ခိုက်ခြင်းမှ ကျဆင်းလာသည်ဟု ဆိုပါသည်။

ပုလဲသည် မိုးနှင့်ဆက်နွယ်နေသဖြင့် တရုတ်လူမျိုးများက မီးနှင့်ဆန့်ကျင်ဘက် အစွမ်းထက်သော အဂဆောင်အဖြစ် လက်ခံ ယုံကြည်ကြပါသည်။

ဟိန္ဒူရိုးရာ ပုံပြင်များအရ တစ်ခါတစ်ရံတွင် ပုလဲတို့ဆင်၏ဦးနှောက်(သို့မဟုတ်) ဦးကင်းနှင့် အစာအိမ်တို့တွင် တွေ့ရှိခဲ့ရသည်ဟု ဆိုပါသည်။

ထို့ကြောင့် ပုလဲကို အန္တရာယ်အမျိုးမျိုးမှ အကာအကွယ်





ပေးနိုင်သော အစွမ်းထက်မြက်သည့် အဆောင်အဖြစ် မက်မက်မောမော လိုက်လံရှာဖွေကြပါသည်။

ဟိန္ဒူရိုးရာ နက္ခတ်ဗေဒင်များတွင်လည်း ပုလဲသည် စန္ဒာလမင်းနှင့် ဆက်နွယ်နေသည်ဟု ဖော်ပြပြီး ချစ်သူများ၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြပါသည်။

ထို့ကြောင့် ဟိန္ဒူရိုးရာ အချစ်ပီယဆေးများတွင် မှုန့်ညက်နေအောင် ထောင်းထားသော ပုလဲအမှုန့်များကို အဓိကဓာတ်စည်းအဖြစ် ထည့်သွင်းဖော်စပ်ထားပါသည်။

ပုလဲချစ်သူများက ပုလဲကို ကျောက်မျက်ရတနာအဖြစ် ယုံကြည်ကြ၍ ဝတ်ဆင်ကြသည်။

(၁၇)ရာစုအတွင်းက ဥရောပတွင်လည်း ဘဝ၏ထူးခြားချက်များကို ဖြစ်ပေါ်စေနိုင်သည့် စွမ်းအားရှိသာ ပီယဆေးအဖြစ် ယုံကြည်ကြပါသည်။

ပုလဲရတနာကို ရောဂါများ ကုသရာတွင် ဆေးအဖြစ် ထည့်သွင်း အသုံးပြုမှုများလည်း ရှိပါသည်။

(၁၃)ရာစုနှစ် သမားတော်ကြီးများက နှလုံးရောဂါကို ပုလဲအမှုန့်များ ပါဝင်သောဆေးများနှင့် ကုသခဲ့ကြပြီး ၁၅၀၀ပြည့်နှစ်များက ထိုကဲ့သို့သောဆေးများသည် အဆိပ်အတောက်များကို ပြေစေသည်ဟု ဆိုပါသည်။

ပေါင်းခံရည်နှင့် ဖျော်ထားသော ပုလဲအမှုန့်များသည် မြင်သစ်ပြည်၏ ဆဌမမြောက် ချား(လ)ဘုရင်ကို စိတ်ပျံ့လွင့်ခြင်းမှ ပြန်လည်ကောင်းမွန်စေရန် ကုသပေးနိုင်သည်ဟုဆို



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ဒေါက်တာဂျိုဟန်(စ)စကရိဒါ(Dr. Johannes Schroeder)နှင့် ဒေါက်တာဝီလျှံရောလင်း (Dr. William Rowland)တို့က ပုလဲဆေးများသည် ယောက်ျားအားကို အလွန် သန်မာစေပြီး ပန်းသေ၊ ပန်းညှိုးသော အမျိုးသားများ အတွက် ပြန်လည် လန်းဆန်းစေပါသည်။

တကိုးကလည်း ပုလဲသည် သွေးအန်ခြင်းကို ကုသနိုင်ခြင်း၊ သွေးသွန်ခြင်းကို သက်သာစေခြင်း၊ အမျိုးသမီးများ မွေတာလွန်ခြင်းကို ထိန်းသိမ်းပေးခြင်း၊ အသားဝါရောဂါ၊ အားလုံးသော နှလုံးရောဂါများနှင့် လူသားတို့၏ မစ္ဆေရိယစိတ်များကို ဖယ်ရှားပေးသည်ဟု ယုံကြည်ပါသည်။

အခြားသော ဆေးဝါးများနှင့် ပေါင်းစပ်၍ ခန္ဓာကိုယ် တစ်ခုလုံးကို လိမ်းကျံပြီး နူနာရောဂါကို ကုသနိုင်သည်ဟု ဆိုသော်လည်း ဦးနှောက်ကို ထိခိုက်ခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ပုလဲကို သန္တာနှင့် ပေါင်းစပ်၍ မီးပြင်းတိုက်ရမည်ဟု ဆိုပါသည်။

ရတနာတန်း မဝင်သော အရည်အသွေးမမီသည့် ပုလဲများကို ကယ်(လ)ဆီယမ်ဓာတ်အဖြစ် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းတွင်သုံးသည်။

ထို့အပြင် အလှကုန်လုပ်ငန်းများတွင် မျက်နှာလိမ်းပေါင်ဒါများနှင့် ကရင်(မ)များပြုလုပ်ရာတွင် အသုံးပြုကြပါသည်။

ပုလဲနှင့် ပတ်သက်သည့် အကြောင်းအရာတို့ကို ရေးသားမည်ဆိုပါက များစွာကျန်ပေသေးသည်။





သာမန်ပုလဲတစ်လုံး၏ တန်ဖိုးမှာ ကြီးသည်။

မွေးပုလဲထက် သဘာဝပုလဲက ပိုပြီး တန်ဖိုးကြီးလေသည်။

သာမန်ပုလဲထက် ပုလဲနက်က ပိုပြီး တန်ဖိုးမြင့်မားလေသည်။

မွေးပုလဲတစ်လုံးရဖို့ မလွယ်ပေ။

သို့ဖြင့် ပင်လယ်ထဲမှ သဘာဝဖြစ်တည်နေသော ပုလဲတစ်လုံးရဖို့ ခက်သည်။

ထိုထက် ရှားပါးလှသော ပုလဲနက်တစ်လုံးရနိုင်ဖို့ ပိုပြီး ခက်ခဲလှသည်။

ယခုအခါမှာတော့ နီမောင်တို့သုံးယောက်ရှေ့မှာ ပုလဲနက်များ အဆင်သင့် ရှိနေချေပြီ။

သုံးယောက်သား တအံ့တသြဖြင့် ကြည့်နေကြစဉ် စာမရီက ပြောသည်။

"ဒီပုလဲနက်တွေက ငါတို့အတွက်တော့ ဘာမှအသုံးမဝင်လှပါဘူး၊ အလဟသဖြစ်သွားမှာစိုးလို့ ရေအိုင်ထဲကယူပြီး ဒီမှာစုပုံထားတာ၊ နင်တို့ ယူလေ"

"များများတော့ မယူချင်ပါဘူး စာမရီရယ်၊ ငါတို့ဆီမှာ ပုလဲနက်တွေ အများကြီးတွေ့ရင် ငါတို့အတွက်လည်း အန္တရာယ်မကင်းဘူး၊ နောက်ပြီး လောဘသားတွေ အတွက်လည်း စိတ်မချရဘူး"

နီမောင်က စဉ်းစဉ်းစားစား ပြောလိုက်ရာ စာမရီက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြသည်။

"ဒါတော့ မှန်ပါတယ်၊ ဒီဂူထဲမှာ ပုလဲနက်တွေရှိမှန်း သိတဲ့လူတွေလည်း ရှိတယ်၊ မလာဝံ့လို့သာ မလာကြတာ၊ နင်တို့ လိုချင်သလောက် ယူသွားကြပေါ့"

ဟု ခွင့်ပေးသဖြင့် အမှတ်တရအနေဖြင့် တစ်ယောက် တစ်လုံးစီသာ ယူလိုက်ကြသည်။

ထို့နောက်တွင် လာလမ်းအတိုင်း အပေါ်သို့ ပြန်တက်ခဲ့ ကြလေတော့သည်။

အချိန်က ညနေပိုင်းသို့ ရောက်ချေပြီ။



# အခန်း(၁၀)
# အန္တရာယ်ခ်တွင်းသို့အဝင်

နီမောင်တို့သုံးယောက် တိုရာဂျာရွာသို့ ပြန်ရောက်လာ သောအခါ များစွာ အံ့သြနေကြလေသည်။

တာနာနှင့် ရာဂျာတို့ ညီအစ်ကိုနှစ်ယောက်အပြင် နီ မောင်တို့နှင့်အတူလာကြသော ဦးဇန်ကောင်း၊ ဦးမွန်ထော်၊ သံပချိုင်တို့ကလည်း အံ့သြနေကြလေသည်။

"နီမောင်. . မင်းတို့သုံးယောက် ဘယ်နေရာအထိ သွား နေကြလို့ ဒီလောက်ရက်တွေ ကြာနေကြတာလဲ"

"ဟို. . ဟို. . . ကျော်. . ကျော်"

ငမဲအောင် မေ့မေ့လျော့လျော့နှင့် တစ်ခုခုပြောရန် ဟန်ပြင်နေရာ နီမောင်က ကြားထဲမှ ဝင်ပြောလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သုံးယောက် ကျောက်ဆောင်၊ ကျောက်တန်းတွေပေါတဲ့နေရာတွေဘက် သွားနေကြလို့ ရည်နည်းနည်း ကြာသွားကြတာပါ"

"မင်းတို့ ပြန်မလာလို့ ငါတို့တတွေက စိတ်ပူနေကြတာ၊ မင်းတို့ ဒီနေရာတွေကို အခုမှ ရောက်ကြတာဆိုတော့ ဒီနေရာအကြောင်းတွေ ဘာမှမသိကြသေးဘူး၊ ဒါကြောင့် တစ်ခုခုဖြစ်နေမှာ စိုးရိမ်နေကြတာ"

ရာဂျာက ပြောရာ တာနာကလည်း. . .

"ဟုတ်တယ်ကွ၊ ဒီနေရာတွေက မင်းတို့နေရာမျိုးတွေလို မဟုတ်ဘူး၊ နေရာကြမ်းတာတွေရှိတယ်၊ တချို့နေရာတွေဆိုရင် ငါတို့ ဒေသခံတွေတောင် မသွားဝံ့ကြတဲ့ နေရာမျိုးတွေတောင် ရှိတယ်"

ဟု ဝင်ပြောလေသည်။

"ငါတို့လည်း မသိပါဘူးကွ၊ ငှက်သိုက်များများ ရနိုင်မယ့်နေရာတွေ ရှာရင်းနဲ့ ပင်လယ်ဘက် ရောက်သွားကြတာပါ"

"မင်းတို့ ကျောက်တလားတောင်ဘက် ရောက်ခဲ့သေးသလား"

ရာဂျာက မေးလိုက်သည်။

"ကျောက်တလားတောင်မှ ငါတို့ မသိတာ၊ ဒါပေမယ့် ငါတို့က ပင်လယ်ကမ်းခြေဘက်က ကျောက်တောင်တွေဘက် သွားရှာကြတာပါ"

နီမောင် ပြောသော်လည်း တာနာနှင့်ရာဂျာတို့က သိပ်





ပြီးမယုံကြည်ကြပေ။

ဖွင့်မမေးသော်လည်း ၎င်းတို့၏မျက်နှာများပေါ်တွင် ပေါ်လွင်နေလေသည်။

ထို့ထက် နီမောင်တို့ သုံးယောက်ရလာသော ငှက်သိုက်များကို မြင်သောအခါ များစွာ အံ့သြနေကြသည်။

"ငှက်သိုက်တွေ အများကြီးပါလား"

"မင်းတို့တော့ တစ်ခေါက်တည်းနဲ့ ဖြစ်လောက်အောင် ရခဲ့ကြတာပဲ"

"ဒီတစ်ခါ အဲဒီဘက်သွားရင် ငါတို့ကို အသိပေးပါကွာ"

ဟု ဝိုင်းပြောကြလေသည်။

ညဘက်ရောက်တော့ နီမောင်တို့နေသော အိမ်သို့ ဦးတန်ကောင်း၊ ဦးမွန်ထော်နှင့် သံပချိုင်တို့ သုံးယောက်လည်း ရောက်နေပြီး စကားပြောနေကြလေသည်။

၎င်းတို့တတွေမှာ မြန်မာနိုင်ငံမှ အတူတူလာကြသူများဖြစ်ရာ နီမောင်က ၎င်းတို့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်အချို့ကို ပြန်ပြောပြလိုက်လေသည်။

ထိုအကြောင်းများကို ကြားသောအခါ ကျန်သုံးယောက်မှာ များစွာ စိတ်ဝင်စားကြလေသည်။

"ဟင်. . ဒါဖြင့် မင်းတို့သုံးယောက် သူတို့ပြောပြောနေတဲ့ ကျောက်တလားတောင်သချိုင်းကို ရောက်ခဲ့ကြတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် ဒီအကြောင်းတွေကို ရာဂျာတို့



www.burmeseclassic.com

www.burmeseclassic.com



တတွေသိလို့ မဖြစ်ဘူး။ ဦးသက္ကက သူတို့အကြောင်းတွေကို မပြောဖို့ မှာလိုက်တယ်"

"ဒါကတော့ လျှို့ဝှက်ထားရမှာပေါ့။ ထူးခြားဆန်းကြယ်တဲ့လူတွေ၊ နေရာတွေ၊ ပညာတွေကတော့ နေရာတကာမှာရှိနေကြတာပါပဲ၊ ငါတို့လည်း ဒီရောက်မှ အတော်များများ သိရတယ်၊ အင်ဒိုနီးရှားနိုင်ငံရဲ့ ကျွန်းတွေ၊ တောတောင်တွေထဲမှာ ထူးခြားဆန်းကြယ်တာတွေ အများကြီးရှိကြတယ်"

ဟု ဦးဗန်ကောင်းက ပြောသည်။

ထိုအခါ ဦးမွန်ထော်က ဝင်ပြောပြန်သည်။

"နီမောင်. . . မင်းတို့ရလာတဲ့ ပုလဲနက်ကို မြင်ဖူးတယ်ရှိအောင် ကြည့်ချင်လို့ ခဏပြပါဦး"

ထို့ကြောင့် သူ့ထံမှာရှိသော ပုလဲနက်ကို ထုတ်ပြလိုက်သည်။

ပုလဲနက်မှာ ပြောင်လုံးချောဖြစ်ပြီး အရွယ်အစား အတော်ကြီးသည်။

မီးရောင်ကြောင့် အနက်ရောင်များ တဖျပ်ဖျပ် တောက်ပနေလေသည်။

"မင်းတို့တော့ ဟန်ကျတာပဲ"

ဟုပြောကာ တစ်ယောက်တစ်လှည့်စီ ယူကြည့်ကြသည်။

သံပချိုင်မှာ ပုလဲနက်ကို ကိုင်ကြည့်နေရင်း မျက်နှာပေါ်တွင် လောဘ အရိပ်အယောင်များ ပေါ်နေလေတော့သည်။





"အဲဒီနေရာဘက်မှာ ပုလဲနက်တွေ အများကြီးကျန်ခဲ့သေးတာပေါ့"

နီမောင်က ခေါင်းညိတ်ပြရုံသာ ပြုလေသည်။

"ဒီလိုဆိုရင်လည်း သူတို့ကို အသိမပေးဘဲ ငါတို့တတွေ့ချည်း တစ်ခေါက်သွားယူရရင် ပိုမကောင်းဘူးလား၊ ဖြစ်လောက်အောင်ရတော့လည်း မြန်မာပြည်ကို မြန်မြန်ပြန်ကြလို့ ရတာပေါ့"

ဟု ပြောသည်။

"အဲဒီနေရာကို တစ်ခေါက်ပြန်သွားဖို့ မလွယ်ဘူး ထင်တယ်၊ သူတို့ သဘောမကျရင်လည်း သူတို့နေတဲ့နေရာကို ရောက်မှာမဟုတ်ဘူး"

နီမောင် စကားကြားသောအခါ သံပချိုင်က သိပ်ပြီးကျေနပ်ဟန်မရှိပေ။

သို့သော် ထွေထွေထူးထူးတော့ ဘာမှမပြောတော့ပေ။

နောက်ပိုင်းရက်များမှာတော့ ဦးမွန်ထော်က သတိပေးလေသည်။

"နီမောင် မင်းတို့သုံးယောက် ငှက်သိုက်တွေနဲ့ ပုလဲနက်တွေရလာတာကို အတော်များများက စိတ်ဝင်စားနေကြတယ်၊ ငါတို့နဲ့အတူလာတဲ့ သံပချိုင်ကတောင် အဲဒီလို သဘောမျိုးရှိတယ်"

"အဘထော်ပြောတာ မှန်ပါတယ်"

"ဒီတော့ ဒီအကြောင်းတွေကို တတ်နိုင်သမျှ လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထားရင် ပိုကောင်းမယ်၊ မင်းတို့ပြောရင် အကူအညီပေးလိုက်တဲ့ လူတွေကလည်း စိတ်ကောင်းကြမယ် မထင်ဘူး"

"မပြောတော့ပါဘူး အဘ၊ အခုကလည်း အတူတူလာတဲ့သူတွေ အချင်းချင်းမို့ ပြောတာပါ"

နောက်ပိုင်းရက်တွေမှာတော့ ရာဂျာနှင့်တာနာတို့ ညီအစ်ကိုနှစ်ယောက်က စကားစပ်မိတိုင်း ပုလဲနက်များအကြောင်း မေးကြသည်။

နီမောင်တို့ကလည်း မပြောမိအောင် တတ်နိုင်သမျှ သတိထားနေကြသည်။

၎င်းတို့ သိချင်တာမသိရသောအခါ ရာဂျာတို့ ညီအစ်ကိုက သူတို့နှင့် ရောရောနှောနှော မနေတော့ဘဲ တသီးတခြားဖြစ်သွားကြလေတော့သည်။

ထို့ထက် ပိုဆိုးသည်က ၎င်းတို့နှင့်အတူပါလာသော သံပချိုင်ပင် ဖြစ်လေသည်။

သံပချိုင်မှာ လောဘကြီးသူ တစ်ယောက်ဖြစ်သည်။

နီမောင်တို့ သုံးယောက်ကို မေးသော်လည်း နောက်ထပ် မပြောတော့သဖြင့် အခက်တွေ့နေလေသည်။

အတူတူလာကြသူချင်း နီမောင်တို့က ဖြစ်လောက်အောင်ရပြီး သူက သိပ်မရသေးသဖြင့် စိတ်ထဲမှ ကျိတ်ပြီး မကျေမနပ် ဖြစ်နေလေသည်။

နောက်တော့ နီမောင်တို့ထံမှ သိချင်တာ မသိရသောအခါ နောက်ထပ် တစ်မျိုး ကြံစည်ပြန်လေသည်။





ရာဂျာတို့ ညီအစ်ကိုနှစ်ယောက်နှင့် သွားရောက်ပေါင်းသင်းလေတော့သည်။

ထိုညီအစ်ကိုကလည်း သံပချိုင် တစ်ယောက် သူတို့နှင့် သွားရောက် ပေါင်းသဖြင့် သဘောကျနေကြလေသည်။

"သံပချိုင် . . မင်း သူတို့ဆီက ဘာတွေသိခဲ့ရပြီလဲ"

"ငါသိတာတွေရှိတယ်၊ မင်းတို့နဲ့ အတူတူလက်တွဲလုပ်ဖို့ လာခဲ့တာပဲ"

"ကောင်းတာပေါ့ကွာ၊ နီမောင်တို့က သစ္စာမရှိဘူး၊ ဒါတို့ ခေါ်လာလို့လည်း ဒီနေရာ ရောက်လာကြတယ်၊ အခုလိုရတော့ ငါတို့ကို မပြောဘူး"

ဟု တာနာက မကျေမနပ်ဖြင့် ပြောသည်။

"စိတ်မပူပါနဲ့၊ သူတို့ရဲ့ လျှို့ဝှက်ချက်တွေကို ငါသိသင့်သလောက် သိခဲ့ရပြီ၊ ငါနဲ့ မင်းတို့ ညီအစ်ကို လက်တွဲပြီး ချမ်းသာအောင် လုပ်ကြတာပေါ့"

ထိုစကားကြားသောအခါ ညီအစ်ကိုနှစ်ယောက်စလုံး စိတ်အားထက်သန်သော အမူအယာမျိုး ဖြစ်လာကြသည်။

"ဒီလိုဆိုတော့လည်း ပိုကောင်းတာပေါ့ကွ၊ ကဲ . . မင်းသိတာတွေ ပြောပါဦး၊ သူတို့ ဘယ်နေရာ ရောက်ခဲ့ကြတာလဲ"

"ကျောက်တလားတောင်သချိုင်းသွားကြတာ ငှက်သိုက်တွေက အဲဒီက ရလာတာပဲ၊ အပေါ်တက်ခွာဖို့တောင် မလိုဘူး၊ သူ့ဟာသာ ပြုတ်ကျနေတာတွေ ကောက်လာတာနဲ့တင် အဲသည်လောက် ရခဲ့ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာပဲ၊ အဲဒီတောင်မှာ ဇီဝစိုးငှက်တွေ ရှိတယ်ဆိုတာတော့ အားလုံးသိကြတာပဲ၊ ဒါပေမယ့် ဘယ်သူမှ သွားမယူတံ့ဘူး၊ သွားယူတာနဲ့ အန္တရာယ်တစ်ခုခုနဲ့ တွေ့ပြီး သေတာပဲ"

"သူတို့တောင် မသေလို့ ပြန်ရောက်လာကြပြီပဲ၊ ဆက်ပြောပါဦး"

ရာဂျာက အားတက်သရော ပြောလိုက်သည်။

ထိုအခါ သံပချိုင်က ဆက်ပြောသည်။

"အဲဒီတောင်ကို သွားလို့ သေတယ်ဆိုတာ၊ အဲဒီနေရာမှာ ဖုတ်သွင်းထားတဲ့ မကောင်းဆိုးဝါးတွေ ရှိတယ်၊ သူတို့သတ်ပစ်လို့ သေကြတာ"

"သူတို့သုံးယောက်က ဘယ်လိုလွတ်လာတာလဲ၊ အသက် မသေတဲ့အပြင် ပုလဲနက်တစ်လုံးစီတောင် ရခဲ့ကြသေးတယ်"

"ငါ မင်းတို့ကို ပြောချင်တာလည်း အဲဒီအကြောင်းပဲ သူတို့ ရောက်သွားတဲ့ ဂူကြီးတစ်ဂူထဲမှာ ပုလဲနက်တွေ အများကြီး တွေ့ခဲ့ရတယ်လို့လည်း ပြောသံကြားတယ်"

"ဟင်. . ဒီစကား အမှန်ပဲလား၊ အဲဒီ ပုလဲနက်တွေ ရှိတဲ့ နေရာကိုသာ ရောက်အောင် ဝင်နိုင်ရင် ငါတို့ချမ်းသာပြီပေါ့"

ဟု တာနာက ဝမ်းသာအားရ ပြောလေသည်။

ထိုစကားကြားသောအခါ စဉ်းစားတွေးခေါ်မှုကောင်းသော ရာဂျာက အတော်ကြာအောင် စဉ်းစားနေလေသည်။

"ဒါပေမယ့် ကျောက်တလားတောင်ဆိုတာ တတည့်





နာမည်ကြီးတဲ့ နေရာတစ်ခုပဲ၊ သွားတဲ့လူတိုင်း သေကြတာများတယ်၊ သူတို့ ဘာကြောင့် အန္တရာယ် မဖြစ်ခဲ့ကြတယ်ဆိုတာ သိဖို့ အရေးကြီးတယ်၊ ဒါထက် နီမောင်တို့ အကြောင်းကို မင်းကပိုသိတာဆိုတော့ သူတို့မှာ မိစ္ဆာတွေ ကြောက်တဲ့ ဆေးဝါးတွေများ ရှိသလား"

"အဲဒါတော့ ငါလည်း သေသေချာချာ မသိဘူး၊ ဟို ငါတို့နဲ့အတူ လိုက်လာတဲ့ ဦးဗန်ကောင်းကတော့ ဆေးဝါးတွေ နားလည်တယ်၊ သူပေးချင်လည်း ပေးမှာပေါ့"

ဟု ပြောပြသည်။

"ဒါထက် ပုလဲတွေ အဲဒီဂူထဲမှာ ရှိတယ်ဆိုတာတော့ သေချာတယ် မဟုတ်လား"

"သေချာပါတယ်၊ သူတို့ အဲဒီဂူထဲက ယူလာတယ်လို့ ပြောတာ ငါကြားခဲ့တယ်"

"ဘယ်နေရာက ယူခဲ့တယ်ဆိုတာရော သိခဲ့သလား"

"ဟင့်အင်း. . အဲဒါတော့ မပြောဘူး"

ထိုအခါ ရာဂျာနှင့် တာနာတို့ နှစ်ယောက်မှာ များစွာ အတွေးရခက်သွားကြလေသည်။

"သူတို့ အခြေအနေကို မင်းလည်း တတ်နိုင်သလောက် လေ့လာကြည့်ဦး၊ ငါတို့လည်း လေ့လာကြည့်မယ်၊ အခြေအနေ ကောင်းတော့လည်း ငါတို့သုံးယောက် အတူတူ သွားကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်ထားကြလေသည်။

နောက်ပိုင်း ရက်များမှာတော့ သံပချိုင်သည် ခါတိုင်းကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ပင် နေမြဲနေကာ နီမောင်တို့ အခြေအနေကို လေ့လာ
သည်။

သူတို့ပြောနေသော စကားများကို မသိမသာ န
ထောင်နေတတ်လေသည်။

နီမောင်တို့ကလည်း သံပချိုင် အခြေအနေကို သိ
သလောက် သိကြသဖြင့် သူရှိနေလျှင် စကားပြောဆိုမှု ဆင်ခြ
ကြသည်။

တစ်နေ့တော့ မိမိတို့ ရှာဖွေစုဆောင်းထားသော ငှ
သိုက်အပါအဝင် အခြားပစ္စည်းများကို သွားရောက်ရောင်း
သောအခါ နီမောင်တို့လည်း ၎င်းတို့ရှာဖွေစုဆောင်းထားသော
ပစ္စည်းများကို ရောင်းချရန်အတွက် လိုက်သွားကြလေသည်။

ဦးဗန်ကောင်း၊ ဦးမွန်ထော်နှင့် သံပချိုင်တို့လည်း အ
လိုက်ကြလေသည်။

ပစ္စည်းများ ဝယ်ယူသော နေရာမှာ ဆီလန်နောင်ရွာ
ဖြစ်လေသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီတောင်ပိုင်း၌ ရှိသောရွာ
ဖြစ်ပြီး ကျေးရွာဟုသာ ဆိုသော်လည်း ဈေးရောင်းဈေးဝယ် ပြ
လုပ်သော ဆိုင်တန်းများ၊ လူနေအိမ်များနှင့် မြို့ငယ်ကလေးတ
စည်ကားသော ရွာတစ်ရွာ ဖြစ်လေသည်။

(နောက်ပိုင်းကာလများမှာတော့ ထိုဒေသ၌ ထူးဆ
သော ယဉ်ကျေးမှုနှင့် (နီယာ(ခ)ယဉ်ကျေးမှု) ခေလေ့ဆန်းမျ
ရှိသောကြောင့် ကမ္ဘာလှည့်ခရီးသည်များ ရောက်လာ မှုမျ





သော နေရာတစ်ခုအဖြစ် လူသိများခဲ့ပေသည်။)

ရွာတန်းရှည်ကြီး ဖြစ်ပြီး ဈေးရောင်းဈေးဝယ်များဖြင့်
စည်ကားလှသည်။

ကိုလိုနီခေတ်လက်အောက်တွင် နှစ်ပေါင်းများစွာ ကြာ
အောင် နေခဲ့ရသဖြင့် ခရစ်ယာန်ဘာသာဝင်များသော်လည်း
ရှေးဟောင်းဓလေ့ထုံးစံတို့ကိုတော့ မစွန့်ပယ်ဘဲ ဆက်လက်သုံးစွဲ
ကြသည်။

ဥပပမာ အလောင်းပို့သော အခမ်းအနားများနှင့် အ
လောင်းတို့ကို မြှုပ်နှံသဂြိုဟ်သော အစဉ်အလာတို့ကိုတော့
အစဉ်အလာမပျက် ပြုလုပ်သော နေရာဒေသ ဖြစ်သည်။

နီမောင်တို့မှာ ထိုနေရာသို့ မရောက်ဖူးသေးသော
ကြောင့် ရာဂျာတို့ကပင် ဦးဆောင်ခေါ်သွားကြလေသည်။

သူတို့နေသော တိုရာဂျာရွာနှင့် အလှမ်းမဝေးသလို
လမ်းပန်းဆက်သွယ်မှုကလည်း ကောင်းသဖြင့် အလွယ်တကူ
ရောက်သွားကြလေသည်။

ရွာတန်း တစ်လျှောက်လုံး ဈေးရောင်းဈေးဝယ်များဖြင့်
များစွာ စည်ကားလေသည်။

ငှက်သိုက်ဝယ်သော ဈေးဆိုင်များက လာရောင်းသော
ငှက်သိုက်တို့ကို အရောင်ကိုကြည့်ပြီး ဈေးအမျိုးမျိုးဖြတ်ကာ ဝယ်
ယူကြသည်။

အဖြူရောင်၊ အဖြူရောင်ဖျော့ဖျော့နှင့် အညိုရောင်တို့
ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်က ဈေးအမြင့်ဆုံးရသော အမျိုးအစား ဖြစ်ပြီး သွေးစသွေးနများ ပါသော အညိုရောင်ကတော့ ဈေးအနည်းဆုံးပေးဝယ်သည်။

ငှက်သိုက်တွင် အမှိုက်များ ကပ်နေလျှင်လည်း ဈေးမရပေ။

အကောင်းဆုံးဟု သတ်မှတ်ထားသော ငှက်သိုက်အမျိုးအစားမှာ ဇီဝစိုးငှက်မ၏ သားပေါက်ရန်အတွက် ဦးစွာ ပြုလုပ်သော ငှက်သိုက် ဖြစ်သည်။

အဖြူရောင်ဖြစ်ပြီး သွေးစများနှင့် အမှိုက်များ ကင်းတတ်သည်။

ထိုအသိုက်ကို ခွာယူသွားသဖြင့် နောက်တစ်ကြိမ် ထပ်လုပ်ရလျှင်တော့ အရောင်မကောင်းလှတော့ပေ။

ထိုအသိုက်ကို အခွာခံရ၍ အကြိမ်ကြိမ် ပြုလုပ်ရသောအခါ တွေ့သည့်နေရာ၌ ပြုလုပ်ရသဖြင့် အမှိုက်စများ ရောထွေးနေသလို သွေးစများ ပါသဖြင့် ငှက်သိုက်အရောင်အဆင်းလည်း မကောင်းလှပေ။

ထိုငှက်သိုက်မှာ ဈေးကောင်းမရပေ။

ပြန်လည်ရောင်းချသူတို့က သဘောမကျဘဲ စားသုံးသူတို့ကသာ ဝယ်ယူကြသည်။

တတိယတန်း ငှက်သိုက်အမျိုးအစားက အဆင်သင့်စားမရဘဲ ရေနွေးဖြင့် ပြုတ်ပြီး ငှက်သိုက်တွင် တွယ်ကပ်နေသည့် အမှိုက်စများကို ဖယ်ရှားရသည်မှာ များစွာ လက်ဝင်လှပေသည်။





ရာဂျာက နီမောင်တို့ကို ၎င်းတို့ ရောင်းနေကျ ဖောက်သည်ဆိုင်သို့ ခေါ်သွားပြီး ရောင်းချစေသည်။

ဆိုင်ပိုင်ရှင်မှာ ဆူမိုရစ်ဆိုသူ ဖြစ်ပြီး အသက် ၄၀ ကျော် အရွယ်ခန့်ရှိသည်။

၎င်းတွင် မာရီဟုခေါ်သော သမီးချောတစ်ယောက် ရှိသည်။

မာရီက အသက် ၂၀ ကျော်ခန့် ရှိနေပြီး ချောမောလှပသူ ဖြစ်သဖြင့် လူပျိုလူလွတ်များ ဖြစ်သော ရာဂျာနှင့် တာနာတို့ နှစ်ယောက်က သဘောကျသဖြင့် အရောင်းအဝယ် ကိစ္စ ရှိပါက ထိုဆိုင်သို့သာ သွားကြခြင်း ဖြစ်၏။

ရာဂျာတို့ ရောက်လာတော့ ဆိုင်ရှင်ဖြစ်သူ ဆူမိုရစ်ကိုယ်တိုင် ထွက်လာပြီး နှုတ်ဆက်ကာ အိမ်ထဲသို့ ခေါ်သွားလေသည်။

အတွင်း၌ ပြုလုပ်ထားသော စားပွဲ၊ ကုလားထိုင်များ ချထားသည့် နေရာတွင် ထိုင်စေပြီး အစားအသောက်များဖြင့် ဧည့်ခံလေသည်။

"ရာဂျာ၊ မင်းတို့ညီအစ်ကိုတောင် ဒီဘက် မရောက်တာ အတော်ကြာသွားပါပကောလား၊ ဘယ်ရောက်နေကြတာလဲ"

"ကျွန်တော်တို့ ဗမာပြည်ဘက်သွားနေကြတာ အခုမှ ပြန်ရောက်ကြလို့ပါ"

"ဒါထက် သူတို့က ဘယ်သူတွေလဲ"

ဆူမိုရစ်က နီမောင်တို့ကို ကြည့်ကာ မေးသည်။

"ဟိုမှာ အခြေအနေ မကောင်းလို့ ဒီဘက်မှာ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ လိုက်လာတဲ့ ကျွန်တော်တို့မိတ်ဆွေတွေပါ၊ သူတို့မှာ ငှက်သိုက်အတော်များများ ရောင်းဖို့ပါလာတယ်"

ရာဂျာ စကားကြောင့် ဆူမိုရစ် မျက်နှာပေါ်မှာ အပြုံးရိပ်များက ဖုံးမရဖိမရ ပေါ်လာလေတော့သည်။

"ကောင်းတာပေါ့ကွာ၊ ဒီလို ခေါ်လာပေးတော့လည်း မင်းတို့ကို ကျေးဇူးတင်ရမှာပေါ့၊ ငါတို့အတွက်လည်း ဖောက်သည်အသစ်တွေ ရတာပေါ့"

ထိုသို့ ပြောပြီး သမီးဖြစ်သူ မာရီကိုပါ လှမ်းခေါ်ပြီး ဧည့်ခံခိုင်းရာ ရာဂျာတို့ညီအစ်ကိုတို့မှာ သဘောအကျကြီးကျနေကြလေတော့သည်။

သို့သော်လည်း မာရီဆိုသော မိန်းမပျိုလေးက ရုပ်ရည်မတင့်တယ်သော ရာဂျာတို့ညီအစ်ကိုနှစ်ယောက်ကို စိတ်မဝင်စားဘဲ မြန်မာရုပ်ရည်နှင့် နီမောင်ကိုသာ မကြာခဏ ကြည့်နေလေသည်။

စားသောက်ပြီးသောအခါမှ ငှက်သိုက်များကို သူ့ဈေးနှင့်သူ တန်ဖိုးဖြတ်ကာ ဝယ်ယူလေသည်။

အရောင်းအဝယ်ကိစ္စ ပြီးသောအခါ ရာဂျာက နီမောင်အနီးသို့ ကပ်ကာ တိုးတိုးမေးသည်။

"နီမောင်၊ ဒီရောက်တုန်း မင်းတို့ရလာတဲ့ ပစ္စည်းကိုတစ်ခါတည်း ရောင်းသွားမှာလား"

ပုလဲနက်တို့ကို မေးခြင်း ဖြစ်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။





"ဈေးသင့်မြတ်တော့လည်း ရောင်းမှာပေါ့"

ထိုသို့ ပြောသဖြင့် ရာဂျာက ဆူမိုရစ်ကို မေးလိုက်သည်။

"ခင်ဗျား ပုလဲဝယ်သလား"

"မင်းတို့မှာ ပါသလား"

"ကျွန်တော်တို့မှာ မပါဘူး၊ သူတို့မှာ ပါတယ်၊ ပုလဲက ရိုးရိုးမဟုတ်ဘူး"

"ဘယ်လိုပုလဲမျိုးလဲ"

"ပုလဲနက်"

"ဟင် ငါ့ကိုလည်း ပြပါဦး၊ မမြင်ဘူးလို့ ကြည့်ပါရစေ"

ဟု ပြောသဖြင့် နီမောင်က အိတ်ထဲမှာ ထည့်ယူလာသော ပုလဲနက်ကို ထုတ်ပေးလိုက်ရာ လှမ်းယူပြီး တအံ့တသြဖြင့် ကြည့်နေလေသည်။

အတန်ကြာမှ. . .

"ငါတော့ ဒီပုလဲမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဒီပုလဲတို့ မင်းတို့ ဘယ်လောက်ရရင် ရောင်းမှာလဲ"

ဟု သွေးတိုးစမ်းသည့် သဘောမျိုးဖြင့် မေးသည်။

"ခင်ဗျားက အရောင်းအဝယ် လုပ်နေတဲ့သူဆိုတော့ သိမှာပေါ့၊ ခင်ဗျားဈေးဖြတ်ကြည့်ပါ၊ သင့်မြတ်တော့လည်း ရောင်းမှာပေါ့"

နီမောင် စကားကြားသောအခါ ဆူမိုရစ်က အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောသည်။

"ဒီလိုလုပ် ဒါမျိုးတော့ ငါဈေးမဖြတ်တတ်ဘူး၊ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



သူဌေးနဲ့ တွေ့ပေးမယ်၊ သူသဘောကျရင် ဈေးဖြတ်ပြီး ဝယ်လိမ့်မယ်"

ဟု ပြောပြီး ခေါ်သွားရာ ကျန်လူများက ထိုဆိုင်မှာပင် နေခဲ့ကြပြီး နီမောင်နှင့် ရာဂျာတို့နှစ်ယောက်သာ ဆူမိုရစ်နောက်သို့ လိုက်သွားကြလေသည်။

ဝဏ္ဏထွန်းစာပေ

# အခန်း(၁၁)

## ပျောက်ဆုံးသွားသော ပုလဲနက်

၎င်းတို့ ရောက်သွားသော နေရာမှာ ရွာအရှေ့ပိုင်းဘက်ရှိသော ခြံကျယ်ဝန်းကျယ်နှင့် ကြီးမားခန့်ထည်သော အဆောက်အဦးကြီးတစ်လုံး ဖြစ်သည်။

ခြံဝန်းထဲမှာ အမဲလိုက်ခွေးများနှင့် လူမိုက်အစောင့်များရှိသည်။

သူတို့ရောက်သွားပြီး ခြံစောင့်တစ်ယောက်ကို အကျိုးအကြောင်း ပြောပြလိုက်ရာ အတန်ကြာသောအခါ ၎င်းကိုယ်တိုင် လာခေါ်ပြီး တိုက်ကြီးအပေါက်ဝ ရောက်အောင် ပို့ပေးလေသည်။

အတွင်းမှာတော့ အသက်ငါးဆယ်ကျော် အရွယ်ခန့်သာရှိသေးသော လူကြီးတစ်ယောက် ရှိနေသည်။

ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အကောင်းစားအင်္ကျီ ဘောင်းဘီတို့ကို ဝတ်ဆင်ထားပြီး ဆေးပြင်းလိပ်ကြီးကို စိမ်ပြေနပြေ သောက်နေလေသည်။

၎င်းမှာ ဝဏ္ဏမင်းဒင်ဟု ခေါ်သော ဦးမင်းဒင်ဆိုသူပင် ဖြစ်သည်။

ဦးမင်းဒင်က မြန်မာသွေးပါပြီး ရုတ်တရက်ကြည့်လျှင် မြန်မာလူမျိုးတစ်ယောက်နှင့် များစွာ တူလေသည်။

၎င်းနေထိုင်သော အဆောက်အဦးကြီးမှာ အပြင်ဘက်မှ ကြည့်လျှင် ခမ်းနားထည်ဝါမှု ရှိသလို အတွင်းပိုင်းမှာလည်း လှပတင့်တယ်မှုများဖြင့် ပြည့်စုံလှပေသည်။

"ဆူမိုရစ်တို့ပါလား၊ လာကြ ထိုင်ကြ"

ဟု နှုတ်ဆက်ပြီး သူတို့ထိုင်ရန် နေရာများကို ညွှန်ပြသဖြင့် သုံးယောက်သား မဝံ့မရဲ အမူအယာဖြင့် ဝင်ထိုင်လိုက်ကြလေသည်။

"ဘာကိစ္စ ရှိကြလို့လဲ"

"သူဌေးကို ပစ္စည်းတစ်ခု ပြစရာ ရှိလို့ပါ"

ဟု ပြောပြီး ဆူမိုရစ်က နီမောင်ထံမှ ပုလဲနက်ကို [illegible] သွားပြီး သူဌေးဦးမင်းဒင် လက်ထဲသို့ ထည့်ပေးလိုက်သည်။

ဦးမင်းဒင်က ပုလဲလုံးကို မီးရောင်ဖြင့်သော်လည်းကောင်း၊ ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်ဖြင့်သော်လည်းကောင်း၊ မှန်ဘီလူးဖြင့်သော်လည်းကောင်း စိတ်ကျေနပ်လောက်အောင် စစ်ဆေးကြည့်ပြီးမှ မေးသည်။

"ဒါ ဘယ်သူ့ပစ္စည်းလဲ"





"ကျွန်တော့်ပစ္စည်းပါ"

နီမောင်က ပြန်ပြောသဖြင့် အသေအချာကြည့်သည်။

"မင်းက ဗမာတစ်ယောက်လား"

"ဟုတ်ပါတယ်"

"ဒီပုလဲနက်ကို ဘယ်နေရာက ရလာတာလဲ"

"ပင်လယ်ဘက် သွားရင်းနဲ့ ရခဲ့တာပါ"

"မင်းတို့ကံကောင်းတာပေါ့၊ ရိုးရိုးပုလဲတွေက ဘယ်နေရာမှာမဆို တွေ့နိုင်တယ်၊ ရနိုင်တယ်၊ ပုလဲနက်က မရနိုင်ဘူး၊ နောက်ထပ် ရှိသေးသလား"

"နှစ်လုံးကျန်ပါသေးတယ်"

ထိုစကားကြားသောအခါ ဦးမင်းဒင်က ဆေးပြင်းလိပ်ကြီးကို အငွေ့တထောင်းထောင်းထအောင် ဖွာရင်းနှင့် အချိန်အတော်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ . . .

"သုံးလုံးစလုံး ရောင်းခဲ့မှာလား"

"ဈေးသင့်မြတ်ရင် ရောင်းခဲ့ပါ့မယ်"

"ငါက သင့်မြတ်တဲ့ ဈေးနဲ့ပဲ ဝယ်မှာပါ"

ဟု ပြောပြီးနောက် ပုလဲနက်သုံးလုံးစလုံးကို ဈေးဖြတ်ကာ ဝယ်ယူလိုက်လေသည်။

အချိန်ကာလမှာ ၁၉၄၅ ခုနှစ် ဝန်းကျင်ဖြစ်ရာ ပုလဲနက်သုံးလုံးကို မြန်မာငွေတန်ဖိုးနှင့် တစ်သောင်းခွဲဝန်းကျင်ခန့် ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ရွှေတစ်ကျပ်သား၏တန်ဖိုးမှာ ငွေတစ်ရာပင် မရှိသေးရာ မြောက်များလှစွာသော ငွေကြေးတန်ဖိုးပင် ဖြစ်လေသည်။

အရောင်းအဝယ်ပြီးသဖြင့် ပြန်ကာနီးတော့ ဦးမင်းဒင်က ဆူမိုရစ်ကို ခေါ်ပြီး အချိန်အတော်ကြာအောင် စကားပြောနေလေသည်။

ဆူမိုရစ်ကလည်း ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

ထိုအိမ်ကြီးမှ ပြန်ထွက်လာတော့ ရာဂျာက ပြောသည်။

"နီမောင်ရေ၊ မင်းတို့တော့ ဟန်ကျတာပဲ၊ ငှက်သိုက်ရောင်းရတဲ့ငွေနဲ့ ပုလဲရောင်းရတဲ့ငွေတွေကို ပေါင်းလိုက်ရင်တော့ သူဌေးပေါက်စ ဖြစ်သွားပြီဗျ"

"ငါတစ်ယောက်တည်း မယူပါဘူး၊ ကျန်တဲ့အဖော်တွေကိုလည်း ခွဲဝေပေးမှာပါ"

ဟု ပြောလေရာ ရာဂျာလည်း ဘာမှ ထပ်မပြောတော့ပေ။

ထို့နောက်မှာတော့ လိုအပ်သော ပစ္စည်းများဝယ်ယူပြီးနောက် ရွာသို့ ပြန်ခဲ့ကြလေသည်။

သို့သော်လည်း သူတို့ ကံမကောင်းကြပါချေ။

ရွာသို့ ပြန်သောအခါ ညနေပိုင်းအချိန်သို့ ရောက်နေချေပြီ။

တောလမ်းအတိုင်း စကားတပြောပြောနှင့် ပြန်လာကြ





ရာ တစ်နေရာရောက်သော် ရုပ်ဖျက်ထားပြီး သေနတ်များ ကိုင်ထားသောလူ ၁၀ ယောက်ခန့် ထွက်လာပြီး သူတို့လူစုကို ဝိုင်းထားလေတော့သည်။

"ဓားပြတွေ ထင်တယ်"

သူတို့တတွေမှာ လူများသော်လည်း လက်နက်တစ်စုံတစ်ရာမှ မပါကြသဖြင့် လူအင်အားဖြင့် ဝိုင်းပြီး သေနတ်များဖြင့် ချိန်ထားသည်ကို ဘယ်လိုမှ မတုံ့ပြန်နိုင်ကြပေ။

ထို့နောက်မှာတော့ ဓားပြများက ၎င်းတို့ထံမှ ပါလာသော ပုလဲရောင်းရငွေနှင့် ငှက်သိုက်ရောင်းရငွေ အားလုံးကို ယူဆောင်ကာ တောတွင်းသို့ ပြန်ဝင်သွားကြလေသည်။

နီမောင်တို့တွင် ဝယ်လာသော ပစ္စည်းများမှလွဲပြီး ငွေတစ်ပြားမှ မကျန်ခဲ့တော့ပေ။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ပြီးနောက် သုံးရက်ခန့်ကြာသောအခါ ဦးမင်းဒင်နေသော အိမ်သို့ လူလေးယောက်ရောက်လာကြလေသည်။

ဆူမိုရစ်၊ ရာဂျာ၊ တာနာနှင့် သံပချိုင်ပါ ပါလာလေသည်။

သူတို့လေးယောက် အိမ်ထဲရောက်တော့ တံခါးချပ်ကြီးကို ပြန်ပိတ်ထားလိုက်သည်။

"သူက ဘယ်သူလဲ"

ဦးမင်းဒင်က သံပချိုင်ကို ကြည့်၍ မေးလိုက်သည်။

"သူက ဆရာကြီးသိချင်တဲ့ အကြောင်းတွေကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပါတယ်"

ဟု ရာဂျာက ပြောလိုက်တော့ ကျေနပ်သော အမူအယာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလေသည်။

"ဟိုရက်က ဓားပြတိုက်တော့ မင်းတို့ငွေတွေလည်း ပါသွားတယ် မဟုတ်လား"

ဦးမင်းဒင်က မေးသဖြင့် ရာဂျာက ခေါင်းညိတ်ပြလိုက်သည်။

ခဏကြာတော့ ဦးမင်းဒင်က အသင့်ထုပ်ထားဟန်တူ အထုပ်လေးထုပ်ကို ယူလာပြီး လေးယောက်စလုံးကို တစ်ယောက်တစ်ထုပ်ပေးလေသည်။

"ဒီအထဲမှာ ငွေတစ်ထောင်စီ ထည့်ထားတယ်၊ မင်းတို့အတွက် ငါက လက်ဆောင်ပေးတာ"

"ကျေးဇူးတင်ပါတယ် သူဌေးမင်း"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

သံပချိုင်မှာလည်း ဘာမှမလုပ်ရသေးဘဲနှင့် မမျှော်လင့်ဘဲ ငွေတစ်ထောင် ရသဖြင့် များစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့သည်။

"မင်းလည်း ဗမာပြည်က လာတာပဲလား"

"ဟုတ်ပါတယ် ဆရာကြီး"

သံပချိုင်က အလွန်ရိုကျိုးသော လေသံမျိုးဖြင့် ပြန်ပြောလိုက်လေသည်။

"ငါတို့ဆီမှာ အလုပ်လုပ်မယ်ဆိုရင်တော့ အလုပ် မရှား





ပါဘူး၊ သစ္စာရှိဖို့ပဲ လိုတယ်"

"ကျွန်တော့်ကို စိတ်ချလက်ချ ခိုင်းနိုင်ပါတယ် ဆရာကြီး"

"ကောင်းပြီ၊ ဒီလိုဆိုရင်တော့ မင်းနဲ့အတူ လာကြတဲ့ အဖော်တွေ ပုလဲနက်သုံးလုံး ဘယ်နေရာက ရလာသလဲဆိုတာ သိသလား"

"သိသင့်သလောက် သိပါတယ် ဆရာကြီး"

"ပြောပါဦး၊ ဘယ်နေရာက ရခဲ့သတဲ့လဲ"

"ကျောက်တလားတောင်ကို သွားရင်းနဲ့ ရလာခဲ့ကြတယ်လို့ ပြောသံကြားပါတယ်"

ထိုစကားကြားသောအခါ ဦးမင်းဒင် မျက်နှာပေါ်မှာ များစွာ ကျေနပ်သွားသော အမူအယာမျိုး ပေါ်လာလေသည်။

သူသည် နောက်ထပ် ထွေထွေထူးထူး မပြောသေးဘဲ လက်ထဲတွင် မချတမ်း ကိုင်ထားသော ဆေးပြင်းလိပ်ကြီးကို စိမ်ပြေနပြေ ဖွာရင်းနှင့် စဉ်းစားနေလေသည်။

အတန်ကြာမှ . . .

"ကျောက်တလား တောင်ဘက်မှာ ပုလဲနက်တွေ ရနိုင်တဲ့ နေရာတစ်ခု ရှိမှန်းတော့ ငါသတင်းကြားပါတယ်၊ ဒါပေမယ့် မသေချာဘူး၊ ငါ့တပည့်တွေ လွှတ်ပြီး ရှာခိုင်းတော့လည်း အဆင်မပြေဘူး၊ ဒါထက် ပုလဲနက် ရလာတဲ့ မင်းအဖော်သုံးယောက်က ရော အဲဒီနေရာ သိသတဲ့လား"

"အဲဒါတော့ မပြောဘူး ဆရာကြီး၊ ကျောက်တလား



www.burmeseclassic.com

www.burmeseclassic.com



တောင်က ရခဲ့တယ်ဆိုတာတောင် သူတို့အချင်းချင်း ပြောနေတာကို ကြားခဲ့ရတာ"

"သူတို့ မပြောလည်း ကိစ္စမရှိပါဘူး၊ ဘယ်နေရာက ရခဲ့တယ်ဆိုတာ သိရပြီဆိုတော့ ကိုယ့်အစီအစဉ်နဲ့ ရှာဖွေကြတာပေါ့၊ ကိုယ့်အစီအစဉ်နဲ့ လုပ်ကြည့်လို့ အဲဆင်မပြေတော့မှ နောက်တစ်နည်း စဉ်းစားသေးတာပေါ့"

ဟု ပြောရာ ရာဂျာ၊ တာနာနှင့် သံပချိုင်တို့ သုံးယောက်မှာ များစွာ စိတ်ဝင်စားမှု ရှိကြလေသည်။

ဆူမိုရစ်ကတော့ ကြားထဲမှ ဆက်သွယ်ပေးသူ အနေဖြင့်သာ ရှိသော်လည်း သူကလည်း ပုလဲနက်များ ကိစ္စကို များစွာ စိတ်ဝင်စားမှု ရှိလေသည်။

ဦးမင်းဒင်က အတန်ကြာအောင် စဉ်းစားနေပြီးမှ မေးသည်။

"မင်းတို့ ကျောက်တလားတောင်ကို ရောက်ဖူးကြသလား"

"ရောက်ဖူးပါတယ် ဆရာကြီး"

"ဒီတော့ မင်းတို့သုံးယောက်က ဦးဆောင်ပြီး ပုလဲနက်သိုက်ကြီးကို တွေ့အောင် ရှာကြရမယ်၊ အဲဒီ နေရာကိုသာ တွေ့ရင် မင်းတို့ တစ်သက် မပြောနဲ့ ဆယ်သက် စားရင်တောင် မကုန်တော့ဘူး"

"ကောင်းပါပြီ ဆရာကြီး"

"မင်းတို့နဲ့အတူ ငါ့တပည့်တွေနဲ့ လက်နက်တွေလည်း





ထည့်ပေးလိုက်မယ်၊ အစီအစဉ်ပြီးတာနဲ့ ခရီးထွက်ကြဖို့ ပြင်ပေတော့၊ တစ်ခုတော့ ရှိတယ်၊ မင်းတို့သုံးယောက်စလုံးက ငါ့တပည့်တွေ ဖြစ်သွားကြပြီဆိုတော့ သစ္စာရှိကြရမယ်"

"ဒီအတွက်တော့ စိတ်မပူပါနဲ့ ဆရာကြီး၊ ကျွန်တော်တို့ သစ္စာရှိရှိနဲ့ ဆရာကြီးခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်"

ဟု ကတိပေးကြလေသည်။

ထို့နောက်မှာတော့ ဦးမင်းဒင်က ပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စများကို အသေးစိပ် ပြောပြလေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ သံပချိုင်တို့သုံးယောက် ပြန်သွားကြလေသည်။

ဦးမင်းဒင်လည်း ၎င်း အနှစ်နှစ်၊ အလလက ကြံစည်စိတ်ကူးနေသော ကိစ္စတစ်ခုကို စတင်ဆောင်ရွက်ရတော့မည်မို့ အကျေနပ်ကြီး ကျေနပ်နေလေသည်။

ညအချိန်ရောက်တော့ ထူးထူးခြားခြား အမှောင်ရိပ်များက ဖုံးလွှမ်းနေသည်။

လရောင်က မရှိပေ။

ဦးမင်းဒင်၏ခြံဝန်းထဲမှာလည်း မီးရောင်ခပ်မှိန်မှိန်သာ ရှိပြီး အချို့နေရာများ၌ မှောင်နေသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ညဥ့်နက်ပိုင်း အချိန်ရောက်တော့ ဦးမင်းဒင် ခြံဝန်းထဲမှာ ရှိသောခွေးများ စူးစူးဝါးဝါး ထိုးဟောင်သံများ ပေါ်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွေးဟောင်သံများကြောင့် အစောင့်များက မီးရောင်များဖြင့် ဟိုနေရာ၊ ဒီနေရာ ထိုးကြည့်ကြသည်။

ထူးထူးခြားခြား ဘာမှမတွေ့ရပေ။

ပထမတော့ ခွေးများက ခြံအပြင်ဘက် အမှောင်ရိပ်ဖုံးနေသည့် နေရာဘက်သို့ ကြည့်ပြီး စူးစူးဝါးဝါးဟောင်ကြသည်။

အစောင့်များက ထိုနေရာဘက်သို့ မီးရောင်ဖြင့် လှမ်းထိုးကြည့်တော့လည်း မထူးခြားပေ။

ဦးမင်းဒင် ခြံဝန်းထဲ၌ မွေးထားသော ခွေးကြီးများမှာ အမဲလိုက်ခွေးမျိုးသဖွယ် အားကိုးရသော ခွေးကြီးများ ဖြစ်သည်။

ဟောင်စရာရှိလျှင် စူးစူးဝါးဝါးဟောင်ပြီး ကိုက်စရာရှိလျှင်လည်း သဲကြီးမဲကြီး ဝိုင်းကိုက်ကြသော ခွေးများ ဖြစ်ကြလေသည်။

ခွေးနက်ကြီးသုံးကောင်တို့မှာ ခြံအပြင်ဘက်သို့ လှမ်းကြည့်ကာ စူးစူးဝါးဝါးဟောင်နေရာမှ ခဏကြာတော့ အသံတိတ်သွားသည်။

ဘာမှ မတွေ့သဖြင့် ဟောင်သံတိတ်သွားခြင်း မဟုတ်ဘဲ ကြောက်ရွံ့ထိတ်လန့်စရာ တစ်ခုခု တွေ့သဖြင့် အသံတိတ်သွားခြင်းမျိုး ဖြစ်သည်။

ခဏကြာတော့ တအီအီနှင့်အော်ရင်း အမြီးကုပ်ကာ အစောင့်များ ရှိရာသို့ ပြန်ပြေးလာကာ လူအနောက်သို့ ဝင်နေလေသည်။





ထိုအခြေအနေကို မြင်တော့ အစောင့်တစ်ယောက်က ပြောလိုက်လေသည်။

"ဟဲ့ . . ဒီခွေးတွေ . . ဘာဖြစ်လို့ ဒီလောက်ဟောင်ပြီး ဒီလောက် ကြောက်လန့်နေကြလဲဟ"

"တစ်ခုခုမြင်လို့ ဖြစ်မှာပေါ့ကွာ၊ ဟော့ . . ခြံဝန်းပတ်လည်ကို မီးရောင်တွေနဲ့ထိုးပြီး သေသေချာချာ လိုက်ရှာကြည့်ကြစမ်း"

ဟု တစ်ယောက်က ပြောလိုက်ရာ ကျန်နှစ်ယောက်က ခြံဝန်းတစ်ခုလုံးကို မီးရောင်များဖြင့်ထိုးကာ လိုက်လံရှာဖွေကြသည်။

သို့သော် ဘာမှ ထူးထူးခြားခြား မတွေ့ရပေ။

ညဉ့်နက်ပိုင်းအချိန်တွင် အိပ်ပျော်နေသော ဦးမင်းဒင်မှာ ခြံဝန်းထဲမှ စူးစူးဝါးဝါး ခွေးဟောင်သံများ ကြားရသဖြင့် ပြန်နိုးလာသည်။

အိပ်ယာမှ မထသေးဘဲ နားစွင့်ကြည့်ရာ အတန်ကြာသောအခါ ခွေးဟောင်သံများ ရပ်သွားသည်။

ထို့ကြောင့် စိတ်ချလက်ချ ဖြစ်သွားကာ ပြန်အိပ်ရန် စိတ်ကူးနေစဉ်မှာ ခြေသံလိုလို ကြားရသည်။

အခန်းအပြင်ဘက်မှ ဖြစ်သည်။

နားစွင့်ကြည့်တော့ 'တရှပ်ရှပ်'ဖြင့် လျှောက်လာသော ခြေသံကို ခပ်တိုးတိုးကြားရသည်။

ဦးမင်းဒင်နေသော အခန်းမှာ အပေါ်ထပ်၌ ရှိသည်။ အိမ်သူအိမ်သားများက အောက်ထပ်အခန်းများ၌ နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

အပေါ်ထပ်မှာ ကြားနေရသော ခြေသံမှာ မိမိအိမ်သား တစ်ယောက်ယောက်၏ ခြေသံများလားဟု ထင်သဖြင့် နားစွင့်နေရာ ခဏကြာတော့ အပြင်ဘက်မှ ခြေသံရပ်သွားလေသည်။

နောက်တော့ တစ်နေရာမှ အသံလိုလို ကြားရပြန်သည်။

ဇဝေဇဝါ ဖြစ်သွားသဖြင့် နေရာမှ ထလိုက်သည်။

အိပ်ယာနံဘေး အံဆွဲထဲမှာ ထည့်ထားသော သေနတ်ကို ယူလိုက်ပြီး ကုတင်ပေါ်မှ ဆင်းလိုက်သည်။

အသံကြားနေရသည်မှာ ဦးမင်းဒင် အိပ်ခန်းနှင့် ကပ်လျက်ရှိသော အခန်းမှ ဖြစ်သည်။

ထိုအခန်းထဲတွင် ရွှေငွေရတနာများ ထည့်ထားသော မီးခံသေတ္တာရှိသည်။

မီးခံသေတ္တာထဲတွင် လောလောဆယ် နီမောင်တို့ထံမှ ဝယ်ထားသော ပုလဲနက်သုံးလုံးလည်း ရှိနေသည်။

ထူးထူးခြားခြား အသံကြားရသည်က ထိုအခန်း ရှိရာဘက်မှ ဖြစ်သည်။

"ငါ့အထဲက အသံလိုလို ကြားတယ်၊ လူများ ရောက်နေသလား မသိဘူး"

ဟု တွေးမိသဖြင့် သေနတ်ကို ကိုင်ထားပြီး တံခါးဖွင့်ကြည့်လိုက်သည်။

အပြင်ဘက်မှာတော့ ဘယ်သူမှ မရှိပေ။

သို့သော် ပစ္စည်းများထားသော အခန်းဘက်ကတော့ မီးရောင်ရှိနေသည်။

"ဟိုအခန်းထဲက မီးလင်းနေပါလား၊ ငါများ မေ့ပြီး မီးသတ်မပိတ်မိလို့လား"

ဟု တွေးပြီး ထိုအခန်းရှေ့သို့ လျှောက်လာလေသည်။

အခန်းချင်းကပ်နေသဖြင့် မဝေးလှပေ။

တံခါးရှေ့ ရောက်တော့ အခန်းထဲမှ ခြေသံလိုလို ကြားရပြန်သည်။

သေချာပေပြီ။ ပစ္စည်းများထားသော အခန်းထဲတွင် တစ်စုံတစ်ယောက် ရောက်နေချေပြီ။

တံခါးအခြေအနေကို ကြည့်တော့ အပြင်ဘက်မှ ခတ်ထားသော သော့ခလောက်က ခြေရာလက်ရာမပျက် ရှိနေသည်။

အံ့သြစိတ်ဖြင့် တံခါးခတ်ထားသော သော့ခလောက်ကို ဖြေးဖြေးဖွင့်သည်။

ပြီးမှ ဆတ်ကနဲ တွန်းဖွင့်လိုက်ကာ သေနတ်ဖြင့် ချိန်ထားလိုက်သည်။

အခန်းထဲမှာ မီးလင်းနေသည်။

သို့သော် ဘယ်သူမှ မတွေ့ရပေ။

စိတ်မကျေနပ်သဖြင့် အခန်းတွင်းသို့ ဝင်ကြည့်သည်။

လူမဆိုထားနှင့် ကြွက်တစ်ကောင်မျှပင် မရှိပေ။

ဦးမင်းဒင်က စိတ်ထဲမှ မသင်္ကာသဖြင့် နေရာအနှံ့ လိုက်ကြည့်ရင်းနှင့် ရတနာပစ္စည်းများထားသော မီးခံသေတ္တာအနီးသို့




ဝဏ္ဏထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားလေသည်။

"ဟင်. . မီးခံသေတ္တာတံခါး ပွင့်နေပါလား"

ထိုမီးခံသေတ္တာမှာ သူတစ်ဦးတည်း အသုံးပြုသည့် အပြင် သော့ဖွင့်နည်းကိုလည်း သူသာသိသည်။

ယခုတော့ တစ်စုံတစ်ယောက်က တံခါးဖွင့်ထားသဖြင့် သော့ပွင့်နေချေပြီ။

ကပျာကယာ အထဲသို့ ကြည့်လိုက်တော့ သူထည့်ထား သော ရွှေငွေရတနာပစ္စည်းများမှာ လျော့ပါးခြင်း မရှိဘဲ မူလ အခြေအနေအတိုင်း ရှိနေလေသည်။

"ထူးတော်ပါသေးရဲ့၊ ဒါပေမယ့် ဒီသေတ္တာကို ဘယ်သူ က ဖွင့်ထားခဲ့တာပါလိမ့်၊ နောက်ပြီးတော့ ခတ်ထားတဲ့ ဒီအခန်း ထဲကိုလည်း ဘယ်သူက ဘယ်လိုဝင်တာပါလိမ့်"

ဟု တွေးတောနေရင်းမှ တစ်စုံတစ်ခုကို သတိရသဖြင့် မီးခံသေတ္တာထဲသို့ ကြည့်လိုက်သည်။

"ဟာ. ."

မရှိတော့ပေ။

မီးခံသေတ္တာထဲမှာ ထည့်ထားသော ပုလဲနက်သုံးလုံးမှာ မရှိတော့ပေ။ ပျောက်ဆုံးသွားခဲ့ချေပြီ။



# အခန်း(၁၂)
# မိစ္ဆာစက်ကွင်း သေမင်းအန္တရာယ်

ကျောက်တလားတောင်ဘက်သို့ ဦးတည်သွားသော တောလမ်းအတိုင်း လူအချို့ ခရီးနှင်လာကြလေသည်။

စုစုပေါင်း ၈ ယောက် ဖြစ်သည်။

ထိုအဖွဲ့ကို ရှေ့မှ ဦးဆောင်လာကြသူမှာ ရာဂျာနှင့် ဘနာတို့ ညီအစ်ကိုပင် ဖြစ်၏။

သူတို့နှင့်အတူ သံပချိုင်လည်း ပါလာလေသည်။

၎င်းတို့သုံးယောက်အပြင် ဦးမင်းဒင်၏တပည့် ၅ ယောက်က နောက်မှပါလာကြရာ ခရီးအဖွဲ့မှာ ၈ ယောက် ဖြစ် သော့သည်။

သံပချိုင်မှလွဲပြီး ကျန်ခုနစ်ယောက်က ဒေသခံများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဒေသ အကြောင်းကိုလည်း ကောင်းစွာ သိကြသူများ ဖြစ်ကြလေသည်။

သံပချိုင်ကတော့ ထိုအရပ်ဒေသသို့ ရောက်တာ မကြာလှသေးဘဲ ထိုအရပ်ဒေသမှ အကြောင်းများကိုလည်း မသိသေးပေ။

သံပချိုင်က လောဘကြီးသူ ဖြစ်သည်။

မြန်မာပြည်မှ ထွက်လာစဉ်က နီမောင်တို့တတွေနှင့် အတူတူ ဖြစ်သော်လည်း တိုရာဂျာရွာ ရောက်တော့မှသူက လူစုခွဲလိုက်ပြီး ရာဂျာတို့နှင့်အတူတူ ပူးပေါင်းနေခြင်း ဖြစ်သည်။

ယခုလည်း နီမောင်တို့ ပြောနေသော စကားများကို မသိမသာ နားထောင်ထားပြီး ကျောက်တလားတောင်နှင့် ပတ်သက်သော သတင်းအချို့ကို ဦးမင်းဒင်အား ပြောပြခဲ့သဖြင့် ယခုလို ဦးမင်းဒင်အဖွဲ့တွင် ပါဝင်ခွင့်ရခဲ့ခြင်း ဖြစ်ပေသည်။

ဦးမင်းဒင်က သူ့ကိုလည်း ငွေတစ်ထောင်ပေးရာ ထွေထွေထူးထူး မစည်းရုံးရဘဲ ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

နောက်ပိုင်းတော့ နီမောင်တို့ကလည်း သံပချိုင်၏ သဘောကို ရိပ်မိတန်သလောက် ရိပ်မိကြသဖြင့် ၎င်းကို လူရင်းတစ်ယောက်လို သဘောမထားတော့ဘဲ ခတ်ကင်းကင်းသာ နေခဲ့ကြသည်။

ယခု ရာဂျာဦးဆောင်သော အဖွဲ့တွင် လိုက်ခွင့်ရသဖြင့် သံပချိုင်မှာ အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

၎င်းတို့အဖွဲ့တွင် အခြားလက်နက်ပစ္စည်း၊ ကိရိယာများ





အပြင် သေနတ်သုံးလက်နှင့် ကျည်ဆံများ ပါလာသဖြင့် များစွာ အားရှိစရာ ဖြစ်ပေသည်။

လမ်းခရီးတစ်နေရာ ရောက်တော့ အရိပ်ကောင်းသော နေရာတွင် နားကြပြီး ပါလာသော အစားအသောက်တို့ကို စားသောက်ကြရင်း တာနာက မေးသည်။

"ရာဂျာ၊ မင်း ကျောက်တလားတောင်ဘက် သွားတဲ့ လမ်းကို မှတ်မိသေးတယ် မဟုတ်လား"

"မရောက်တာတော့ အတော်ကြာပြီ၊ အနောက်ဘက် ဝင်လယ်ကမ်းခြေနဲ့ နီးတဲ့နေရာဘက်မှာ ရှိတာတော့ သိတယ်၊ ငါတို့ အနောက်ဘက်ကို ဦးတည်သွားရင် တွေ့နိုင်ပါတယ်"

ထိုအခါ သူတို့နှင့် ပါလာသော ပန်လိက ဝင်ပြောသည်။

"စိတ်မပူပါနဲ့၊ ငါ သူဌေးဆီ မရောက်ခင်တုန်းက အဲဒီ ယ်ဘက်မှာ နေခဲ့ဖူးတယ်၊ အဲဒီ နေရာကိုလည်း မကြာခဏ ရောက်ဖူးပါတယ်"

ပန်လိ စကားကြောင့် ကျန်အဖွဲ့သားများမှာ အတော် င် အားရှိသွားကြလေသည်။

"အရင်က မင်းက ဘာအလုပ်လုပ်တာလဲ"

"ကျုံ ရာကျပန်းပေါ့ကွာ၊ ငါးဖမ်း၊ အမဲလိုက်၊ ငှက်သိုက် ှာ ပုလဲ ရှာဖွေတဲ့ အလုပ်မျိုးတွေ လုပ်ခဲ့ဖူးပါတယ်"

"နောက်တော့ သူဌေးဆီ ဘယ်လိုရောက်လာတာလဲ"

"ရန်ဖြစ်ပြီး လူတစ်ယောက် သတ်မိတာနဲ့ အပြစ်ခံရမှာ ူလို့ ပြေးရင်းနဲ့ သူဌေးက ကယ်ထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပန်လိမှာ စိတ်ကြမ်းကိုယ်ကြမ်းနှင့် လူဆိုးလူမိုက်ရှ... ပေါက်သူ ဖြစ်သည်။

သူနှင့်အတူ ပါလာသော ကျန်လေးယောက်ကလည်း ထိုအတိုင်းပင် ရှိလေသည်။

"မင်းက အဲဒီနယ်မှာ နေပြီး ကျောက်တလားတောင်... ရောက်ခဲ့ဖူးတယ်ဆိုတော့ မင်းသိသမျှ ပြောထားပါဦး"

"အဲဒီတောင်က ကြမ်းတယ်"

"ဘယ်လိုကြမ်းတာလဲ"

"သရဲကြမ်းတယ်"

"သရဲက ကြောက်စရာ မဟုတ်ပါဘူးကွာ၊ တခြား သ... တွေ ရှိသေးသလဲ"

"နယ်ခံတွေ ပြောပုံအရဆိုရင် ရှေးတုန်းက အဲဒီ တော... တစ်ဝိုက်မှာ ရွာကြီးတွေ ရှိခဲ့ဖူးတယ်၊ အဲဒီ ရွာက သေတဲ့လူ... ကို အဲဒီနေရာမှာ လာထားရင်းနဲ့ ကျောက်တလားတော... သင်္ချိုင်းလို့ ခေါ်ကြတယ်"

"ဒီလောက်တော့ ငါတို့လည်း ကြားဖူးပါတယ်၊ ဒါထ... ဆန်းကြယ်တာတွေ ဘာသိသေးလဲ"

"ငါတော့ အဲဒါလောက်ပဲ သိတယ်"

"သရဲကတော့ နေရာတကာ ရှိတာပဲ၊ ဒီလောက်ကြီး... သင်္ချိုင်းမှာတော့ အများကြီး ရှိမှာပေါ့၊ သရဲ သဘက်ဆိုး... အကောင်အထည်မရှိတဲ့ ဝိညာဉ်တွေပဲ၊ ကြောက်စရာ မ... ဘူး"





"သရဲလာရင် သေနတ်စာ ကျွေးရုံပေါ့ကွာ၊ ငါတို့လူစုနဲ့ သာ တွေ့လို့ကတော့ သရဲလည်း နှစ်ခါပြန်သေရရုံအပြင် ဘာမှ မရှိဘူး"

တာနာက ဝင်ပြောလိုက်သည်။

ငင်းတို့ ၈ ယောက်အဖွဲ့မှာ ရာဂျာ၊ တာနာ၊ သံပချိုင်၊ ပန်လိ၊ တိုက်စင်၊ ဘန်လေး၊ ဆန်ကျူး၊ နရာဝပ်တို့ ဖြစ်ကြလေ သည်။

သူတို့သည် စားသောက်ပြီးကြသည်နှင့် ခရီးဆက်ကြရာ နေဝင်ကာနီး အချိန် ရောက်သောအခါ ကျောက်တလားတောင် ရှိသောနေရာသို့ ရောက်သွားကြသည်။

အဝေးမှ လှမ်းမြင်ရကတည်းက မြင်ကွင်းက မကောင်း လှပေ။

ခေါင်းတလားကြီးတစ်လုံးနှင့် ပုံသဏ္ဌာန်တူလှသော ကျောက်တလားတောင်ကြီးက အမှောင်ရိပ်သမ်းစ ပြုနေသော နေရာဆီမှ သူတို့ကို စောင့်ကြိုနေဟန် ရှိပေသည်။

သံပချိုင်မှာ ပထမတော့ စိတ်ထဲတွင် ကြောက်ရွံ့စိတ် သိပ်မရှိလှပေ။

သူ့စိတ်ထဲတွင် မကြာခင် ချမ်းသာတော့မည့်အလား လောဘစိတ်များသာ ရှိနေလေသည်။

ယခု သူ့မျက်စေ့ရှေ့အောက်မှာ လှမ်းမြင်နေရသော ကျောက်တလားတောင်ကြီး၏ ပုံသဏ္ဌာန်ကို မျက်ဝါးထင်ထင် မြင်ရသောအခါ လောဘစိတ်ကလေးများပင် ကြက်ပျောက်ငှက်...



www.burmeseclassic.com

www.burmeseclassic.com



ပျောက် ပျောက်သွားခဲ့လေသည်။

သူ့မျက်စိထဲမှာ မြင်ရသော ပုံသဏ္ဌာန်က အမှောင်ရိပ် များအောက်၌ မကောင်းဆိုးဝါးကြီးတစ်ကောင် လှဲအိပ်နေသည်နှင့်ပင် တူနေတော့သည်။

"ကျောက်တလားတောင်ဆိုတာ ဟိုရှေ့မှာ လှမ်းမြင်နေရတဲ့တောင်ပဲ"

ရာဂျာက အားလုံးကြားအောင် ပြောလိုက်လေသည်။

"ကျောက်တလားတောင်ဆိုတဲ့နာမည်နဲ့တော့ လိုက်ပါပေတယ်၊ ခေါင်းတလားကြီးနဲ့ အတော်တူတာပဲ"

"ဒီလိုနေရာမျိုးမှာ မကောင်းဆိုးဝါးတွေ ရှိနေတယ်ဆိုတာ သိပ်တော့ မထူးဆန်းလှပါဘူး"

ဟု ပြောနေကြရာ ရာဂျာက စိတ်မရှည်သော အသံမျိုးဖြင့် ပြောလိုက်သည်။

"လိုက်တုန်းက လိုက်လာကြပြီး၊ အခု လက်တွေ့မြင်တော့ ကြောက်လန့်နေကြပြီလား။ မင်းတို့ မချမ်းသာချင်ဘူးလား"

"ချမ်း. . ချမ်းသာချင်ပါတယ်"

"ချမ်းသာချင်ရင် ဘာမှ ကြောက်လန့်မနေနဲ့၊ တွေ့သမျှအန္တရာယ်တွေကို ရင်ဆိုင်ပြီး ကိုယ်လုပ်စရာရှိတာ လုပ်ဖို့သာ ပြင်ထားကြ"

ဟု ပြောကာ ဆက်လျှောက်လာခဲ့ကြသည်။

နောက်ဆုံးမှာတော့ သူတို့အဖွဲ့သည် အမှောင်ရိပ်သမ်းနေသော တောင်ခြေသို့ ရောက်ကြလေသည်။





ကျောက်နံရံတွင် အစီအရီ ရှိသော ခေါင်းတလားများနှင့် သူတို့ ရောက်လာသည်ကို အပေါ်မှ ငုံ့ကြည့်နေဟန် ရှိသော အရိုးခေါင်းများနှင့် လူအရိုးစုများကို တွေ့မြင်ကြရသည်။

ထိုအရပ်ဒေသမှာ ကြီးပြင်းခဲ့ကြသူများအတွက် ထိုကဲ့သို့သော မြင်ကွင်းမျိုးက မထူးဆန်းသော်လည်း ယခုမှ တွေ့ဖူးမြင်ဖူးသော သံပချိုင်ကတော့ မျက်လုံးပြူးနေသည်။

သူသည် သတ္တိနည်းသူတစ်ယောက် မဟုတ်စေကာမူ ထိုအခြေအနေမျိုး၊ မြင်ကွင်းမျိုး တွေ့ရသောအခါ စိတ်ထဲ၌ နောင်တရသကဲ့သို့ ဖြစ်လာမိသည်။

သို့သော်လည်း ထိုအခြေအနေ ရောက်မှတော့ နောက်မဆုတ်သာတော့ပေ။

ထိုညက ကျောက်တလားတောင် တစ်နေရာမှာ ရှိသော ဂူပေါက် တစ်ပေါက်ထဲသို့ ဝင်ပြီး စခန်းချကြလေသည်။

သူတို့သည် ဂူပေါက်ဝတွင် မီးဖိုတစ်ဖို ဖိုထားပြီး နှစ်ယောက်က ကင်းစောင့်လျက် ကျန်ခြောက်ယောက်က အိပ်ကြသည်။

ညဉ့်နက်ပိုင်း အချိန်ရောက်တော့ ဂူအတွင်းပိုင်းဘက်မှ လူသံများ ကြားကြရသည်။

ဂူပေါက်အပြင်ဘက်မှာလည်း လှုပ်ရှားသွားလာနေသော ပုံရိပ်သဏ္ဌာန်တို့ကို မြင်ရသဖြင့် ကင်းစောင့်နေကြသည့် ဘန်လေးနှင့် ဆန်ကျူတို့ နှစ်ယောက်မှာ မျက်လုံးပြူးနေကြသည်။

"အပြင်ဘက်မှာ ခြေသံတွေ ကြားရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေတော့ မဖြစ်နိုင်ဘူး ထင်တယ်"

"မီးရှိနေရင် သရဲတစ္ဆေတွေ ကြောက်ကြတော့ ဂူထဲ
တော့ ဝင်လာမှာ မဟုတ်ဘူး"

ထိုသို့ ပြောနေစဉ် အပြင်ဘက်မှ ကြားနေရသော ခြေ
သံများက ပိုများလာသည်။

တီးတိုး စကားပြောသံများပါ ကြားလာရသည်။

ဆန်ကျူးထံမှာ သေနတ်တစ်လက် ရှိသဖြင့် ထိုသေနတ်
ကို အဆင်သင့်ကိုင်ထားလျက် အခြေအနေကို စောင့်ကြည့်နေ
ကြလေသည်။

အပြင်ဘက်မှာ အန္တရာယ် ရှိနေသည်ဟု ထင်သဖြင့်
ဂရုစိုက်ပြီး ကြည့်နေကြစဉ်မှာ အတွင်းဘက်မှ ထွက်လာသော
မည်းမည်းသဏ္ဍာန်များကိုတော့ သူတို့သတိမပြုမိကြပေ။

ဆန်ကျူးက သေနတ်ကိုင်ထားရင်း ဂူပေါက်ဝဘက်သို့
မျက်တောင်မခတ် ကြည့်နေရင်း ပြောလိုက်သည်။

"မကောင်းဆိုးဝါးတွေ ဂူထဲ မဝင်ဝံ့ကြပါဘူး"

"မဟုတ်ဘူး"

"ဘာ မဟုတ်တာလဲ"

"သူတို့က အပြင်က လာတာ မဟုတ်ဘူး"

နောက်၌ ရှိနေသော ဘန်လေက တိုးတိုးကပ်ပြော
သဖြင့် အထိတ်တလန့် လှည့်ကြည့်လိုက်သည်။

"ဟာ"

ဆန်ကျူး မျက်လုံးပြူးသွားလေတော့သည်။





ဖုတ်ဝင်နေသော အလောင်းကောင်များက ဂူအတွင်း
ဘက်မှ ဒယီမ်းဒယိုင်ဖြင့် ထွက်လာကြခြင်း ဖြစ်သည်။

အလောင်းကောင် ၆ ကောင်ခန့် ရှိသည်။

မျက်နှာသေကြီးများဖြင့် သူတို့ကို ကြည့်ရင်း ထွက်လာ
ကြခြင်း ဖြစ်သည်။

"ဖုတ်ကောင်တွေ ထွက်လာပြီ"

"ဘယ်လို လုပ်မလဲ"

ဆန်ကျူးက တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ သေ
နတ်ဖြင့် ပစ်လေသည်။

"ဒိုင်း . . ဒိုင်း"

ဂူအတွင်းမှာ ဖြစ်သောကြောင့် သေနတ်သံက နားကွဲ
မတတ် ဆူညံသွားလေတော့သည်။

ထို့ကြောင့် အိပ်ပျော်နေသူများလည်း ပြန်နိုးလာကြ
သည်။

"ဘာဖြစ်တာလဲ"

"ဂူထဲကို ဖုတ်ကောင်တွေ ဝင်လာပြီ"

"ဟင်"

ထို့ကြောင့် ကပျာကရာထကာ လက်နက်များကို ဆွဲကြ
သည်။

ထိုအချိန်မှာပင် ဖုတ်ဝင်နေသော အလောင်းကောင်
များက အတွင်းဘက်မှ ထွက်လာသည်သာမကဘဲ အပြင်ဘက်မှ
လည်း ဝင်လာကြလေရာ သံပချိုင်တို့အဖွဲ့မှာ ညှပ်ပူးညှပ်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြသည်။

"လုပ်ပါဦး၊ အပြင်ဘက်ကလည် ဝင်လာကြပြီ၊ ပြေး ပေါက် မရှိတော့ဘူး"

ထိုသို့ ပြောနေစဉ် ဖုတ်ဝင်နေသော အလောင်းကောင် များမှာ မနီးမဝေး ရောက်လာကြသည်။

မီးရောင်ဖြင့် ၎င်းတို့၏ပုံပန်းသဏ္ဌာန်ကို ကောင်းစွာ မြင်ကြရသည်။

အရိုးပေါ် အရေတင်နေသော လူတစ်ယောက်နှင့်တူပြီး မျက်နှာသေကြီးများဖြင့် တစ်လှမ်းချင်း လျှောက်လာနေကြခြင်း ဖြစ်သည်။

မျက်တွင်းပေါက်၊ နှာခေါင်းပေါက်တို့ အတွင်းသို့ ချိုင်း ဝင်နေပြီး ပါးစပ်က လူတစ်ယောက်ကဲ့သို့ပင် ရှိသည်။

သွားများက အပြင်သို့ ထွက်နေသည်။

ဦးခေါင်းပေါ်မှာလည်း ဆံပင်အချို့ ရှိနေရာ ဖွာကျနေ သည်။

ဆံပင်ရှည်ရှိသော မိန်းမများမှာ ဆံပင်တို့က မျက်နှာ ပေါ်ဖုံးနေသောကြောင့် မျက်နှာပင်မပေါ်ပေ။

အရိုးစုအတိုင်း မဟုတ်ဘဲ ခြောက်နေသော အသား အရေတို့ ရှိနေသေးရာ လူခြောက်ကြီးများနှင့်ပင် ပိုတူလေသည်။

အမှောင်ထဲမှာ ဖြစ်သောကြောင့် မျက်လုံးပွင့်ပြီး လာ သလား၊ မျက်လုံးပိတ်လျက်သားအတိုင်း လျှောက်လာသည်လား တော့ မသိကြပေ။





ဒယီးဒယိုင်နှင့် လျှောက်လာသော အလောင်းကောင် များက သူတို့အနီးသို့ ရောက်လာကြလေတော့သည်။

သေနတ်ဖြင့် ပစ်သော်လည်း ကိုယ်၌ အပေါက် ဖြစ်သွား ရုံတလွဲပြီး မထူးခြားပေ။

လှံဖြင့် ထိုးတော့လည်း ထိုအတိုင်းပင်။

သားရေပြားချပ်ကို ထိုးဖောက်လိုက်သကဲ့သို့ ပေါက် သွားသော်လည်း ဘာမှ မဖြစ်ပေ။

တချို့က ဓားနှင့်ခုတ်သည်။

ဖုတ်ကောင်တို့၏ကိုယ်မှာ ထင်းချောင်းများကဲ့သို့ မာ ကြောနေရာ ဓားမတိုးဘဲ ရှိလေသည်။

ခဏကြာတော့ အတွင်းအပြင်မှ ဝင်လာသော ဖုတ် ကောင်များနှင့် လူများမှာ ရောထွေးသွားလေတော့သည်။

ဖုတ်ကောင်များ၏လက်ချောင်းများတွင် ချွန်ထက်သော သတ်သည်းရှည်များ ရှိကာ တုတ်ချောင်းကဲ့သို့ မာကြောလှပေရာ သိမ်းဆွဲလိုက်သည်နှင့် ပေါက်ပြဲသွားလေသည်။

လည်ပင်းကို ကိုင်မိသွားလျှင်တော့ ပေါက်ထွက်သွား သသည်။

ရာဂျာတို့ အနေနှင့် သူတို့တွင် ပါလာသော လက်နက် များမှာ ဖုတ်ကောင်များကို သုတ်သင်ရာမှာ ဘာမှ အသုံးမဝင် မှန်း သိသောအခါ ထွက်ပြေးရန်သာ ကြိုးစားကြရပေတော့ သည်။

ထိုသို့ ပြေးရန် ကြံသော်လည်း ဂူထဲမှာ ဖုတ်ကောင်များ



www.burmeseclassic.com

www.burmeseclassic.com



က တဖြည်းဖြည်း များလာပြီ ဖြစ်သောကြောင့် ပြေးပေါက်မတွေ့နိုင်ဘဲ ရှိလေသည်။

သို့သော်လည်း အသက်ဘေးနှင့် ကြုံနေရပြီ ဖြစ်သောကြောင့် ဝိုင်းနေသော ဖုတ်ကောင်တို့ကို အတင်းတွန်းဖယ်ပြီး ထွက်ပြေးကြရလေသည်။

အချိန်အတော်ကြာတော့မှ အချို့ အပြင်ရောက်လာကြပြီး အချို့ဂူထဲမှာ ကျန်ခဲ့လေသည်။

ရာဂျာက မိမိလူများကို စစ်ကြည့်သောအခါ နှစ်ယောက်ကျန်သေးကြောင်း သိရသည်။

ဘန်လေးနှင့် ဆန်ကျူတို့ နှစ်ယောက် ဖြစ်သည်။

သို့သော်လည်း ဂူထဲမှာ ဖုတ်ကောင်များ ရှိနေသောကြောင့် ဘယ်လိုမှ ပြန်ဝင်မရဘဲ ရှိကြလေသည်။

"ဂူထဲမှာ ဘန်လေးနဲ့ ဆန်ကျူတို့ နှစ်ယောက် ကျန်နေတယ်၊ ဘယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူး၊ အခုနေ ပြန်ဝင်ရင် ငါတို့လည်း သေမှာပဲ"

ထိုသို့ ပြောရင်း အပြင်ဘက်မှသာ အခြေအနေ ကြည့်ရင်း စောင့်နေရလေသည်။

ထိုဂူထဲမှာတော့ ဖုတ်ကောင်များက တစ်ညလုံး ရှိနေကြပြီး နောက်တစ်နေ့ အရုဏ်တက်ချိန် ရောက်တော့မှ ဂူထဲမှ ကြားနေရသော အသံများလည်း ပျောက်သွားသည်။

လှမ်းကြည့်လိုက်တော့ ဘာမှ မမြင်ရတော့ဘဲ ငြိမ်သက်





နေလေသည်။

သို့သော်လည်း အတွင်းသို့ ချက်ချင်း မဝင်ဝံ့ကြ သေးဘဲ မိုးလင်းလာသည်အထိ စောင့်နေကြလေသည်။

အလင်းရောင်ရလာတော့မှ ဂူထဲဝင်ကြည့်သောအခါ သွားကွက်ကြီးများကိုသာ တွေ့ရပြီး ဘန်လေးနှင့် ဆန်ကျူတို့ နှစ်ယောက်ကို မတွေ့ရတော့ပေ။

ဖုတ်ကောင်များနောက် ပါသွားလေသလား။

ဒါမှမဟုတ် မည်သည့်နေရာ ရောက်သွားကြသည်တော့ မည်သူမှ မသိနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၃)

# အချစ်မရှိသောနေရာမှ ချစ်သူ

နီမောင်တို့အတွက် ယခုတစ်ကြိမ် ကျောက်တလား ...ာင်သို့ ပြန်ရောက်လာခြင်းမှာ ဒုတိယအကြိမ်မြောက် ဖြစ်သည်။

ယခုတစ်ကြိမ် ရောက်လာခြင်းမှာ ငှက်သိုက်ရှာဖွေရန် လည်းမဟုတ်၊ ပုလဲနက်များ ထပ်မံရှာဖွေရန်အတွက်လည်း ...တ်ပေ။

စာမရီဆိုသော မိန်းကလေးနှင့် ထပ်မံတွေ့ဆုံရန် အ...ှတ် ရောက်လာကြခြင်း ဖြစ်သည်။

ယခင်တစ်ကြိမ်ကပင် လျှို့ဝှက်သော လမ်းအချို့ကို ...ားပေးသဖြင့် ထိုလမ်းအတိုင်း ဝင်သွားရာ တစ်နေရာရောက် ...ာ သူမနှင့် တွေ့ရသည်။

ဝတ္ထုတွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ပြန်လာမယ်ဆိုတာ သိလို့ ငါစောင့်နေတာ"

"ဘယ်လို သိတာလဲ"

"ငါ့မှာလည်း သိနိုင်တဲ့နည်းတွေ ရှိတာပေါ့၊ ကဲ လာကြ"

ဟု ပြောကာ သူတို့နေသော နေရာသို့ ခေါ်သွားလေသည်။ ထိုနေရာရောက်တော့မှ နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။

"နင်ပေးလိုက်တဲ့ ပုလဲနက်သုံးလုံးတော့ မရှိတော့ဘူး"

"ငါသိပါတယ်၊ ပုလဲနက် ရောင်းရငွေတွေရော ငှက်သိုက်ဖိုးတွေပါ ဓားပြတိုက်ခံရလို့ ကုန်ပြီ မဟုတ်လား"

နီမောင်တို့မှာ များစွာ အံ့သြသွားကြလေသည်။

"ဘယ်လို သိပြန်တာလဲ"

"ငါလည်း သိနိုင်မယ့်နည်းတွေ ရှိတာပေါ့၊ ဒါပေမယ့် ဒီလို မတရားယူချင်လို့ကတော့ ဘယ်ရပါ့မလဲ၊ ဒီမှာ ကြည့်ပါဦး"

ဟု ပြောကာ အသင့်ယူထားဟန်ရှိသော ပုလဲနက်သုံးလုံးကို ပြလေသည်။ နီမောင်တို့မှာ ပုလဲနက်များကို မြင်သောအခါ များစွာ အံ့သြရပြန်လေသည်။

"ဒီပုလဲနက်တွေက ဟိုနေရာက ထပ်ယူလာခဲ့တာလား ဟင်"

"မဟုတ်ပါဘူး၊ နင်တို့ကို ပေးလိုက်တဲ့ ပုလဲနက်သုံးလုံးပါပဲ"

"ငါတို့တော့ ဘာမှနားမလည်နိုင်တော့ဘူး၊ သူတို့ ရောင်းခဲ့တဲ့ ပုလဲနက်သုံးလုံးက နင့်ဆီကို ဘယ်လိုပြန်ရောက်နေ





တာလဲ"

"ဝိဉာဉ် လောကသားတွေအတွက် အတားအဆီး မရှိပါဘူး၊ စည်းတစ်ခု ခြားထားတာမရှိရင် ဘယ်နေရာမျိုးမဆို သူတို့ ရောက်အောင် သွားနိုင်ကြတယ်"

"ဘယ်လို စည်းမျိုးလဲဟင်"

"ဘုရား၊ တရားစည်းမျိုးပေါ့၊ ဘုရားမရှိတဲ့ အိမ်မျိုးတွေ ဆိုရင် သူတို့အတွက် အချိန်မရွေး ဝင်ထွက်သွားလာလို့ရတာပဲ၊ နောက်ပြီး ဝိဉာဉ်ဆိုတာ ပိတ်ထားတဲ့တံခါးလည်း မရှိပါဘူး"

"အံ့သြစရာပဲ၊ ဒီပုလဲနက်သုံးလုံးက သူတို့ ပြန်ယူလာပေးတာပေါ့ ဟုတ်လား"

စာမရီက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဒါ နင်တို့ရောင်းခဲ့တဲ့ ပုလဲနက်သုံးလုံးပဲ၊ ရော့ ပြန်ယူပါ"

ဟု ပြန်ပေးသဖြင့် စိတ်လှုပ်ရှားစွာဖြင့် လှမ်းယူလိုက်လေသည်။ ပြီးမှ နီမောင်က ပြောသည်။

"ကျေးဇူးတင်ပါတယ် စာမရီရယ်၊ အခု ငါတို့လာကြတာ တခြားအကြောင်း မဟုတ်ပါဘူး၊ နင်တို့ကို နှုတ်ဆက်ရအောင်လို့ လာကြတာပါ"

"နှုတ်ဆက်တယ်ဆိုတော့ နင်တို့က ဘယ်သွားကြမှာမို့လဲ"

"ငါတို့က ဗမာပြည်က ဒီမှာ အလုပ်လုပ်ဖို့လာကြတာပါ၊ ရှာလို့ရတဲ့ ပစ္စည်းလေးတွေ ဓားပြတိုက်ခံလိုက်ရတော့ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေဖို့ မဖြစ်တော့တာနဲ့ ပြန်ကြတော့မလို့ နင်တို့ကို လာနှုတ်ဆက်တာပါ"

"အခုလို ပုလဲနက်တွေ ပြန်ရတော့ရော"

"ပြန်ရလည်း ပြန်တော့ ပြန်ရမှာပါပဲ၊ ကိုယ့်ဒေသမဟုတ်တဲ့ နေရာမှာ အကြာချည်းနေလို့လည်း မဖြစ်ဘူးလေ၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားမိပါတယ်"

"ဘာလဲ"

"နင်က ငါတို့အပေါ်မှာ ဒီလောက် အကူအညီပေးထားပြီး ငါတို့ဘက်က ကျေးဇူးဆပ်ရမှာ ဘာမှ ပြန်မလုပ်ရသေးဘူး နင်တို့ ဘယ်လို အကူအညီလိုလဲဟင်"

ထိုသို့ မေးသောအခါ စာမရီမျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးကလေး တစ်ချက် ပေါ်လာလေသည်။

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့၊ နင်တို့ ငါ့အဘနဲ့ တွေ့လိုက်ကြဦး"

ဟု ပြောပြီး သူမက ရှေ့မှဦးဆောင်ပြီး ခေါ်သွားရာ နီမောင်တို့က နောက်မှ လိုက်သွားကြလေသည်။

ဂူအတွင်း တစ်နေရာသို့ ရောက်သောအခါ ထူးထူးခြားခြား သွေးညှီနံ့များရသဖြင့် ကြည့်လိုက်တော့ ကျောက်စင်ပေါ်မှာတင်ထားသော အလောင်းနှစ်လောင်းကို တွေ့ရလေသည်။

သေဆုံးသည်မှာ မကြာသေးသောကြောင့် ထိုအလောင်းမှ သွေးနံ့များ ရနေခြင်းဖြစ်သည်။

"ဒီအလောင်းတွေက. ."





"ဟိုတစ်နေ့က ဂူထဲရောက်လာလို့ သေသွားကြတဲ့ အလောင်းတွေပါ၊ အဘက ဖုတ်သွင်းမလို့ တင်ထားတာ"

ဟု ပြောပြီး ဆက်လျှောက်သွားသဖြင့် ထပ်မမေးတော့ဘဲ လိုက်သွားကြရလေသည်။

ထိုအလောင်းနှစ်လောင်းမှာ ဘန်လေးနှင့်ဆန်ကျူတို့ဖြစ်သော်လည်း နီမောင်တို့ကတော့ မသိကြပေ။

စာမရီတို့နေသော နေရာရောက်တော့မှ ဦးသက္ကနှင့် ထပ်မံတွေ့ကြရသည်။

နီမောင်က သူတို့ကြုံတွေ့ရသည်များ ပြန်ပြောပြလိုက်သည်။

"စာမရီ ပြောပြလို့ ငါသိပြီးပါပြီ၊ လောဘသားတွေနေတဲ့ နေရာဆိုတော့ ဒီလိုပေါ့ကွာ၊ မင်းတို့က ရိုးသားတော့ ဘယ်သိပါ့မလဲ"

"ဒါကြောင့် ကျွန်တော်တို့လည်း ဗမာပြည် ပြန်ကြတော့မယ်လို့ စိတ်ကူးထားကြပါတယ်"

"ကောင်းပါတယ်၊ ကိုယ့်နေရာလောက်တော့ တခြားနေရာတွေက အဆင်မပြေနိုင်ဘူး၊ ငါတို့လည်း တစ်နေ့ကျရင် ပြန်ဖို့ စိတ်ကူးထားကြပါတယ်"

"ဟင်. . အဘတို့က ဘယ်နေရာကို ပြန်မှာလဲ"

"ငါတို့ရဲ့ဇာတိက မြိတ်ကျွန်းစုတွေ ဘက်ကပါပဲ"

"ဟင် ဒါဖြင့် ဗမာပြည်ကပဲပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဘိုးဘွားတွေလက်ထက်က



www.burmeseclassic.com

www.burmeseclassic.com



တည်းက ဒီနေရာကို ရောက်လာကြတာဆိုတော့ နှစ်တော်အ တော်ကြာခဲ့ပြီပေါ့၊ ဟောဒီမိန်းကလေးအသက်နဲ့အမျှ ရှိခဲ့ပြီ ဆိုရမှာပဲ၊ ဒါပေမယ့် ကိုယ့်နေရာဟောင်းကိုတော့ ဘယ်မေ့ပါ့ မလဲ"

ဟု ပြောရာ ထိုစကားကြားတော့ နီမောင်မှာ အံ့ဩ ဝမ်းသာသွားမိလေသည်။ ဦးသက္ကတို့မှာ ဗမာသွေးပါသူများ ဖြစ်သောကြောင့် တစ်နယ်တကျေးမှာတွေ့သော မိမိတို့ကို အကူအညီပေးခဲ့ သလားဟုလည်း စဉ်းစားမိလေသည်။

"ကောင်းပါတယ် အဘ၊ ဒီလိုနေရာမျိုး တစ်သက်လုံးနေ ရတာနဲ့စာရင် လွတ်လပ်အေးချမ်းတဲ့ နေရာတွေမှာ နေရတာ ပိုကောင်းပါတယ်၊ အဘ ပြောသလို ကိုယ့်နေရာ ကိုယ့်ဒေသ ထက်တော့ တခြားနေရာတွေက ပိုမကောင်းနိုင်ပါဘူး"

"ငါလည်း ဒီဂူထဲမှာ နှစ်ပေါင်းများစွာ ကြာအောင်နေခဲ့ ရတော့ငြီးငွေ့လှပါပြီ၊ မြိတ်ဘက်မှာရှိတဲ့ ကျွန်းတစ်ကျွန်းမှာ အေး အေးချမ်းချမ်း နေချင်တဲ့စိတ်မျိုးတော့ ရှိပါတယ်၊ ဒါပေမယ့် ငါတို့ မြေးအဖိုးနှစ်ယောက်တည်းတော့ ကိုယ်လွတ်ရုန်းသွား စိတ်ကူးမရှိပါဘူး"

"ဘယ်သူတွေကို ခေါ်မှာလဲ"

"ဖုတ်ကောင်တွေကလွဲရင် ဒီဂူထဲမှာ ရှိတဲ့လူတွေအား လုံးက ငါတို့နဲ့ ဆွေမျိုးသားချင်းတွေချည်း ဖြစ်နေကြပြီဆိုတော့ သူတို့ကို ထားခဲ့လို့ မဖြစ်ဘူး၊ ငါတို့သွားရင် သူတို့ကိုပါ အားလုံး ခေါ်သွားရမယ်"





"ဒီတော့ ကျွန်တော်တို့က ဘယ်လို အကူအညီပေးရမ လဲအဘ၊ တတ်နိုင်တာဆိုရင် လုပ်ပေးပါ့မယ်"

ဟု ပြောလိုက်သည်။

"သေပြီးခဲ့တဲ့လူတွေကို ဖယ်လိုက်ရင် ဒီဂူထဲမှာ လူနှစ် ဆယ်ကျော်လောက် ရှိသေးတယ်၊ သူတို့ကိုပါ ခေါ်သွားရမှာဆို တော့ လှေကြီးတစ်စင်းလောက်တော့ လိုချင်တယ်၊ မင်းတို့ ရှာ ပေးနိုင်မလား"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်တို့လည်း ပြန်မယ်ဆိုရင် လှေတစ်စင်းရှာရမှာပါပဲ၊ ဒီတော့ တစ်လက်စထဲ နဲ့ပဲ လှေတစ်စင်း ကြီးကြီး ရှာလိုက်ပါ့မယ်"

"ကောင်းတယ်၊ ဒါပေမယ့် ဒီကိစ္စကို ဘယ်သူမှ မသိ စေ ပိုကောင်းလေမယ်၊ သူတို့သိသွားရင် မင်းတို့ကို အနှောက် အယှက်ပေးကြလိမ့်မယ်"

"စိတ်ချပါ၊ ဘယ်သူမှ မသိစေရပါဘူး"

ဟု ကတိပေးလိုက်ရာ ဦးသက္ကက ပြုလုပ်ကြရမည့် အစီ အစဉ်များကို ပြောပြလေသည်။

ညအချိန်ရောက်တော့ အခြားနှစ်ယောက်က အိပ်နေ ကြပြီး နီမောင်တစ်ယောက်တည်း အပြင်ဘက် တစ်နေရာ၌ထိုင် နေစဉ် သူရှိသောနေရာသို့ စာမရီ ရောက်လာလေသည်။

"နင် ဘာတွေ စဉ်းစားနေတာလဲ နီမောင်"

"တခြားတော့ မဟုတ်ပါဘူး၊ အံ့ဩဖို့ကောင်းတဲ့ အဖြစ် အပျက်တွေကို စဉ်းစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



စာမရီက သူ့အနီးမှာ ဝင်ထိုင်လေသည်။

"ဒါကတော့ လောကမှာ ဒီလိုပဲ ဆန်းကြယ်တဲ့အ ကြောင်းတွေ အများကြီးရှိနေတာပဲ၊ ငါလည်း စိတ်ထဲမှာ တစ်မျိုး ဖြစ်နေသလိုပဲ"

"ဘာအတွက် ကြောင့်လဲ"

"ငါက ဒီနေရာမှာနေခဲ့ရတာ အသက်နဲ့အမျှပဲ၊ ငါ့မိဘ တွေတောင် မရှိကြတော့လို့ အဘနဲ့ပဲနေခဲ့ရတယ်၊ ဒီအချိန် ရောက်တော့မှ တခြားနေရာ ရွှေ့ပြောင်းနေရမယ်ဆိုတော့ စိတ် ထဲမှာ တစ်မျိုးတော့ ဖြစ်နေမိတယ်"

"ဒါကတော့ စာမရီရယ် လူ့ဘဝဆိုတာ ဒီလိုပဲ အ ပြောင်းအလဲတွေနဲ့ ရှိနေကြတာပဲ၊ မကောင်းမှန်းသိပါရက်နဲ့ တောင် ပြောင်းလဲနေကြတာပဲ ကောင်းမယ်ထင်တဲ့ကိစ္စမျိုး ပြောင်းတာပဲ၊ ဝမ်းနည်းစရာ မဟုတ်ပါဘူး"

စာမရီက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အမှောင်ဘဝထဲမှာ နေရတာနဲ့စာရင် လွတ်လပ်ခြင်း အရသာနဲ့ နေရတာက ပိုကောင်းတာပေါ့။ ဟိုရောက်တဲ့အခါ ဒါထက် ပျော်စရာကောင်းတာတွေ နင်တွေ့ရပါလိမ့်မယ်"

"ငါကတော့ ဘဝအမှောင်ထဲမှာ အချိန်အကြာကြီးနေ ရတာဆိုတော့ ထုသားပေသား ကျနေပါပြီ၊ နင်ပြောသလို ပျော် ရွှင်စရာတွေနဲ့ တွေ့ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

ဟု အားငယ်နေသော အသံမျိုးဖြင့် ပြောလေသည်။

"ဘာမှ အားမငယ်ပါနဲ့ စာမရီရယ်၊ ဟိုရောက်တဲ့အခါ





နင်တို့အတွက် အစစအရာရာ ငါတို့ အကူအညီပေးပါ့မယ်"

"ဒီစကား ကြားရတာနဲ့တင် ကျေးဇူးတင်စရာပဲ၊ ပြော ရရင်တော့ ဒီနေရာကို နင်တို့ရောက်လာကြတာကပဲ ငါတို့အ တွက် အပြောင်းအလဲတွေဖြစ်ဖို့ အကြောင်းဖန်လာသလိုပဲ"

"ဘာကြောင့်လဲ"

"အဘအနေနဲ့ ဒီနေရာက ထွက်သွားဖို့ မကြခဏပြော ဖူးတယ်၊ ဟိုးအရင်ကတည်းက သူ့မှာ အဲဒီစိတ်ကူးရှိနေခဲ့ပုံရ တယ်၊ ဒါပေမယ့် သူ့ကို အကူအညီပေးမယ့်သူ မရှိတော့ ဒီအ တိုင်းပဲနေခဲ့ရတယ်၊ အခု မမျှော်လင့်ဘဲ နင်တို့ရောက်လာလို့ သူ့ဆန္ဒတွေပြည့်ရတော့မှာမို့ အကျေနပ်ကြီး ကျေနပ်နေပုံရ တယ်"

စာမရီ ပြောသောစကားကို နားထောင်တော့မှ ဖြစ်ပြီး ခဲ့သော အကြောင်းများမှာ ဆက်စပ်မှုရှိနေသည်ကို ပြန်လည် သတိပြုမိလေသည်။

ကျောက်တလားတောင်ပေါ်သို့ ပထမအကြိမ် ရောက်ခဲ့ သောညက ဖုတ်ကောင်များနှင့် တွေ့ရသည်။

ထိုညမှာပင် ဦးသက္ကက နီမောင်တို့မှာ မြန်မာလူမျိုး မှန်းသိပြီး ရိုးသားသူများဖြစ်ကြောင်း သိသွားဟန်တူလေသည်။

သို့ကြောင့် စာမရီကို သူတို့သုံးယောက်ကို ဂူထဲရောက် အောင် ခေါ်လာခိုင်းပြီး အခြေအနေ စုံစမ်းသည်။

သူ့ရည်မှန်းချက် အောင်မြင်စေရန် အကူအညီပေးနိုင် မည့်သူများဟုလည်း ခန့်မှန်းမိခဲ့ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ခန့်မှန်းမိခဲ့သဖြင့် ၎င်းတို့လှို့ဝှက်ထားသော ပုလဲနက်များရှိသောနေရာသို့ ခေါ်သွားပြီး ပုလဲနက်သုံးလုံးကို ပေးလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း ပုလဲနက်များကြောင့် ပင် မမျှော်လင့်သော အကြောင်းများ ပေါ်ပေါက်လာခဲ့သည်။

သို့ကြောင့် ထိုနေရာမှစွန့်ခွာကြမည့်ကိစ္စကို အချိန်ဆွဲ နေ၍မရတော့ဘဲ အလျင်အမြန် ဆောင်ရွက်ရခြင်းပင် ဖြစ်ပေ တော့သည်။ ထိုအကြောင်းများက စာမရီ ပြောသောစကားများနှ ဆက်စပ်ပေလာခြင်း ဖြစ်သည်။

"တကယ်လို့သာ ငါတို့ ဒီနေရာကို တစ်ခေါက်ပြန်မ ရောက်လာခဲ့ရင် ဘယ်လိုလုပ်မလဲ ဟင်"

"ဒါကတော့ ငါတို့ရဲ့ကံပဲပေါ့၊ ဒါပေမယ့် အဘကတော့ နင်တို့ ဒီနေရာကို တစ်ခေါက် ပြန်လာကြလိမ့်မယ်လို့ ပြောနေ တယ်"

"ဘယ်လို ကြောင့်လဲဟင်"

"အဲဒါတော့ ငါလည်း မသိဘူး"

"နင့်စိတ်ထဲမှာရော ဘယ်လိုထင်သလဲ၊ ငါတို့ ဘာ ကြောင့်ပြန်လာတာလဲ သိသလား"

"ဘယ် သိပါ့မလဲ"

စာမရီက တစ်ဘက်သို့ မျက်နှာလွှဲထားရင်း ပြောသည်။

"ငါ ဒီနေရာကို ပြန်လာတာ တခြားကြောင့် မဟုတ်ဘူး နင်နဲ့ တွေ့ချင်လို့ ပြန်လာခဲ့တာ"

နီမောင်ကို တစ်ချက် လှည့်ကြည့်လေသည်။





"ငါပြောတာကို တစ်မျိုးမထင်ပါနဲ့၊ နင်နဲ့တွေ့ပြီးက တည်းက ငါ နင့်အကြောင်းကိုပဲ သတိရနေတယ်၊ ငါ ဒီကပြန် သွားရမှာ ခက်နေသလိုပဲ"

"ငါ့အတွက်နဲ့ ဘာတွေခက်နေတာလဲ"

"နင့်ကို အမြဲတွေ့ချင်နေပြီး ငါတို့ပြန်သွားတဲ့အခါ နင့်ကို ပါ အတူတူ ခေါ်သွားချင်နေတာ"

"ငါက နင်ပြောတဲ့စကား အဓိပ္ပာယ်တွေကို သိပ်နားမ လည်ဘူး၊ နင့်သဘောကို ရှင်းရှင်းပြောပါလား"

"ရှင်းရှင်းပြောရရင်တော့ ငါ နင့်ကို သဘောကျနေ တယ်၊ ချစ်နေတယ်၊ နင်နဲ့မခွဲဘဲ အတူတူခေါ်သွားချင်တယ်"

"နင်ခေါ်လည်း ငါတစ်ယောက်ထဲတော့ မလိုက်ပါဘူး"

"နင့်အဘပါရင်ကော လိုက်မှာလား"

"အဘပါရင်တော့ လိုက်ရမှာပေါ့"

"ဒါဖြင့် ငါပြောတာကိုရော လက်ခံသလား"

ထိုသို့ မေးလိုက်သောအခါ စာမရီက အတော်ကြာ အောင် စဉ်းစားနေပြီးမှ ပြန်ပြောသည်။

"အမှန်ပြောရရင်တော့ ငါလည်း နင့်ကိုမြင်ကတည်းက စိတ်ထဲမှာ သဘောကျသလိုတော့ ဖြစ်နေမိတယ်၊ နောက်ပြီး နင့်ကို သတိရနေတယ်"

"ဒီလိုဆိုရင် နင်လည်း ငါ့ကိုချစ်နေလို့ပဲ ဖြစ်မှာပေါ့ မ ဟုတ်ဘူးလား"

"သေသေချာချာတော့ မသိရသေးဘူး၊ နင်က ငါ့ကိုချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတော့ တကယ်ချစ်တာရော ဟုတ်ရဲ့လား၊ ငါနဲ့အတူ
အမြဲနေမှာလား ဟင်"

"နင်ကသာ ငါ့အချစ်ကို လက်ခံရင် အတူတူနေမှာပေ့"

"ပြောရရင်တော့ ငါတို့နေတဲ့နေရာက အချစ်မရှိ
နေရာမျိုးပါ၊ ငါ့ရင်ထဲမှာလည်း အချစ်ဆိုတာ ဘာမှန်းမသိခဲ့
ဘူး၊ ဒါပေမယ့် အခုတော့ ငါနင့်ကို ချစ်နေမိပြီ ထင်တာပဲ"

ထိုစကားကြောင့် နီမောင် စိတ်ထဲမှာ မချင့်မရဲ ဖြစ်သွား
သည်။

"နင့်စကားကလည်း မတင်မကျနဲ့၊ ချစ်ရင်လည်းချစ်
တယ်၊ မချစ်ရင်လည်း မချစ်ဘူး ပြောမှပေါ့"

ထိုစကားကြားတော့ စာမရီက သူ့မျက်နှာကို စူးစူးစိုက်
စိုက်ကြည့်ပြီး ပြုံးလိုက်သည်။

ပြီးမှ ကိုယ်ကိုကိုင်းညွတ်ပြီး တိုးတိုးလေး ပြောသည်။

"ငါ နင့်ကို ချစ်ပါတယ်"

စကားသံက တိုးသော်လည်း ရင်ခုန်သံက ကျယ်လောင်
သွားသည်။ စကားလုံးက တိုတောင်းသော်လည်း ခံစားမှုက ရှည်
လျားလှပေသည်။

စာမရီဆိုသော မိန်းမချောလေးမှာ ပင်လယ်ရေ
အောက်မှ ပုလဲနက်တစ်လုံး ဖြစ်သည်။

အချစ်မရှိသောနေရာမှ ချစ်သူတစ်ယောက်ဆိုပါ
လည်း မှားမည် မဟုတ်ပါချေ။



# အခန်း(၁၄)

## ကတ္တူလှေတစ်စင်းရရှိခြင်း

နီမောင်အနေနှင့် ဦးသက္ကအား လှေတစ်စင်းရှာပေးရန်
ကတိပေးခဲ့သော်လည်း ထင်သလောက်တော့ မလွယ်ကူလှပေ။

အဘယ်ကြောင့်ဆိုသော်. . .

၎င်းတို့သည် ထိုအရပ်ဒေသသို့ ရောက်ခဲ့ကြသည်မှာ
မ မကြာသေးသည်က တစ်ကြောင်း၊ ထိုအရပ်ဒေသ၏ အ
ကြောင်းများကိုလည်း ကောင်းစွာ မသိကြသေးသောကြောင့်
တစ်ကြောင်း ဖြစ်ပေသည်။

ထို့ပြင် သူတို့ရောက်နေကြသည့် တိုရာဂျာကျေးရွာမှာ
ပင်လယ်ကမ်းခြေနှင့် ဝေးသောအကြောင်းလည်း တစ်ခုအပါ
အဝင် ဖြစ်ပေသည်။

ကျောက်တလားတောင်သို့ ဒုတိယအခေါက် ရောက်ခဲ့
ပြီး ပြန်ရောက်သောအခါ ဦးဗန်ကောင်း၊ ဦးမွန်ထော်တို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးတိတ်တိတ် တိုင်ပင်ကြရလေသည်။

သူတို့နှင့် အတူပါလာသော သံပချိုင်ကတော့ ရာဂျာတို့ ညီအစ်ကိုနှင့် သွားရောက်နေထိုင်သောကြောင့် သူတို့နှင့်ပင် မတွေ့ရတော့ပေ။

နီမောင်က ဦးသက္ကတို့နှင့် တွေ့ခဲ့သော အကြောင်းတို့ကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် မင်းတို့ ပုလဲနက်သုံးလုံး ပြန်ရလာခဲ့ကြပြီပေါ့"

"ဟုတ်တယ် အဘ"

"သိဒ္ဓိရှိတဲ့ ရတနာတွေ၊ တန်ဖိုးရှိတဲ့ ရတနာတွေဟာ ထိုက်တဲ့သူဆီမှာပဲ နေတယ်၊ မထိုက်ရင် မနေဘူး"

"ကျွန်တော်တို့ ရောင်းခဲ့တဲ့ ပုလဲနက်သုံးလုံးစလုံး ကျောက်တလားဂူ ပြန်ရောက်နေတာကတော့ အံ့ဩစရာပဲ"

"ဘာများ အံ့ဩစရာရှိသလဲ၊ မင်းနဲ့တွေ့ခဲ့တဲ့လူတွေဟာ သာမန်မှ မဟုတ်ကြတာ၊ ပရလောကသားတွေ၊ ဝိညာဉ်တွေကို တောင် ကြိုက်သလို စေခိုင်းလို့ရသေးတာပဲ၊ မသမာတဲ့လူလက်ထဲက သူတို့ပစ္စည်း သူတို့ပြန်ယူတဲ့ကိစ္စလောက်တော့ ဘာခက်မှာလဲ"

ဦးဇန်ကောင်းက သူ့ထင်မြင်ချက်ကို ပြောပြသည်။

"ကျွန်တော်တို့လည်း ပုလဲနက်သုံးလုံး ပြန်ရပြီဆိုတော့ မြန်မာပြည်ဘက် ပြန်တော့မယ်အဘ၊ အဘတို့ သဘောကရော ဘယ်လိုလဲ"

"ကောင်းတာပေါ့ကွာ၊ ကိုယ့်အရပ်ဒေသ ပြန်တာပဲ





ငွေစ်းစရာမှ မဟုတ်တာ၊ နောက်ပြီး တခြားနေရာတွေထက် ကိုယ့်အရပ်ဒေသက ပိုကောင်းတာပေါ့"

"သူတို့လည်း အားလုံး ပြန်လိုက်ကြမယ်လို့ ပြောတယ် အဘ၊ လှေကြီးကြီး တစ်စင်းတော့ ရအောင် ရှာပေးရမယ်"

သူတို့လာစဉ်က အခြားလှေတစ်စင်းဖြင့် လူကြုံလိုက်လာကြခြင်းဖြစ်ရာ ယခုပြန်မည်ဆိုလျှင် သူတို့အတွက်လည်း လှေတစ်စင်းတော့ ရှာရပေလိမ့်မည်။

လှေကလည်း သေး၍မဖြစ်ပေ။

လူများသည်က တစ်ကြောင်း၊ ပင်လယ်ပြင်ကို ဖြတ်သွားရမည်ဖြစ်သောကြောင့် အတော်အသင့်ကြီးကာ တောင့်တင်းခိုင်မာဖို့လိုသည်။

တက်စုံရွက်စုံ ပါဖို့လိုသည်။

ထိုသို့ ပြောနေကြစဉ် ဦးမွန်ထော်က ဝင်ပြောသည်။

"ဒီအကြောင်းက အရေးကြီးတယ်၊ ဘယ်သူမှမသိအောင် သိုသိုသိပ်သိပ် လုပ်ကြရမယ်၊ မင်းတို့လှေ ရှာနေမှန်းသိရင် ရာဂျာတို့အဖွဲ့က အနှောက်အယှက်ပေးမှာ အသေအချာပဲ"

"ဟုတ်တယ် အဘ၊ အရေးကြီးတာက သံပချိုင်မသိဖို့ အရေးကြီးတယ်၊ သူသိတာနဲ့ ဟိုလူတွေ သိမှာပဲ"

စောထီး စကားကြားသောအခါ ငမဲအောင်က မေးလိုက်သည်။

"ဒါဖြင့် သူ့ကို ချန်ထားခဲ့မှာလား"

"ချန်ထားခဲ့ရမှာပေါ့၊ အခုပဲ သူက ငါတို့နဲ့နေတော့တာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ"

ဟု ပြောတော့ ငမဲအောင် ဆက်မပြောတော့ပေ။

"ဒါထက် အဘ၊ လှေဘယ်လိုရအောင် ဘယ်လိုရှာမလဲ၊ ငှက်သိုက်တွေရှာပြီး ရောင်းရင်လည်း တော်တော်နဲ့ လှေဖိုးပြည့်မှာမဟုတ်ဘူး။ ပုလဲနက်တစ်လုံးလောက် ရောင်းလိုက်ရင်တော့ လှေဖိုးရနိုင်တယ်"

နီမောင်က သူ့သဘောကို ပြောသောအခါ ဦးဇန်ကောင်းက လက်မခံလိုပေ။

"မင်း ပုလဲနက်ရောင်းဖို့တော့ စိတ်မကူးလေနဲ့၊ ပုလဲနက်ရောင်းတာနဲ့ အရင်တစ်ခါလိုပဲ လူတွေသိပြီး အနှောက်အယှက်ပေးလာဦးမှာပဲ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ငါတို့တတွေ လူခွဲပြီး ပင်လယ်ကမ်းခြေဘက်တွေမှာ စုံစမ်းကြမယ်၊ သတင်းရတော့မှ တစ်ခုခုလုပ်ပြီး တိုင်ပင်ကြတာပေါ့"

ဟု ပြောသဖြင့် အားလုံးက ထိုအကြံအစည်ကို လက်ခံကြသည်။

နောက်တစ်နေ့မှာတော့ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ခရီးထွက်ကြလေသည်။

၎င်းတို့သည် ပင်လယ်ကမ်းခြေနှင့် နီးသောနေရာများသို့လူစုခွဲပြီး သွားကြခြင်းဖြစ်သည်။

နီမောင်နှင့်စောထီးက တစ်တွဲ၊ ကျန်သုံးယောက်က တစ်





တွဲဖြစ်သည်။

နီမောင်တို့ ရောက်သွားသောနေရာမှာ ငါးဖမ်းသမားများနေသောနေရာ ဖြစ်သည်။

ထိုနေရာမှာတော့ ပင်လယ်ကို ဖြတ်ကူးလောက်သော လှေကြီးကြီး မရှိပေ။

ပင်လယ်ကမ်းခြေနှင့် နီးသောနေရာများတွင် ငါးဖမ်းသောလှေ အသေးများသာ ရှိသည်။

ထိုသို့ လှေရှာနေစဉ်မှာပင် လူတစ်ယောက်က မေးလေသည်။

"မင်းတို့ ဘာအတွက် လှေလိုချင်တာလဲ"

"ခရီးသွားဖို့ပါ"

"ပင်လယ်ခရီး သွားမှာလား"

"ဟုတ်ပါတယ်"

"လူဘယ်လောက် လိုက်မှာလဲ"

"သုံးလေးဆယ်ပေါ့"

ထိုလူကြီးက အတော်ကြာ စဉ်းစားနေသည်။

"ဒါထက် မင်းတို့က ဗမာတွေ မဟုတ်လား"

"ဘယ်လို သိတာလဲ"

"မင်းတို့က ရုပ်ဖျက်ထားပေမယ့် စကားပြောသံ နားထောင်ကြည့်ရင် သိနိုင်တာပဲ၊ ရုပ်က ပြောင်းလို့ရပေမယ့် လေသံအပြောင်းလို့မရဘူး"

ထိုသို့ပြောတော့မှ မငြင်းသာတော့သဖြင့် ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ရသည်။

"ဟုတ်ပါတယ်၊ ခင်ဗျားကရော ဗမာတစ်ယောက်ပဲလား"

"ငါလည်း ဗမာပြည်ဘက်ကပါပဲ၊ ဒီမှာ ရောက်နေတာတော့ ကြာပါပြီ"

"မင်းတို့က လူသုံးလေးဆယ်ဆိုတော့ များလှချည်လား"

"ဟုတ်တယ်၊ ဒီမှာ မနေချင်ကြတော့လို့ အားလုံးစုပြီး ပြန်ကြမှာ၊ ခင်ဗျားဆီမှာ ကျွန်တော်တို့ လိုချင်တဲ့လှေမျိုး ရှိသလား"

"ငါ့ဆီမှာတော့ မရှိဘူး၊ တစ်နည်းတော့ရှိတယ်၊ ထို ဘက်မှာ မုန်တိုင်းမိလို့ ပျက်နေတဲ့ ကတ္တူလှေကြီး တစ်စင်း ရှိတယ်၊ သောင်စပ်က ချောင်းထဲမှ မြှုတ်လိုက်ပေါ်လိုက်နဲ့ ဖော် ထားတာ ကြာပြီ"

"ခင်ဗျား လှေလား"

"ငါ့လှေတော့ မဟုတ်ဘူး၊ ပိုင်ရှင်ရှိတယ်၊ သူ့ဆီမှာ ငွေ နည်းနည်းပေးဝယ်ရင် ရနိုင်တယ်၊ နောက်ပြီးတော့မှ ပင် လယ်သွားလို့ရအောင် ပြုပြင်ရင် ရနိုင်တယ်"

"အဲဒီလိုဆိုရင် ကျွန်တော်တို့ကို လိုက်ပြပါလား သဘောကျတော့လည်း ဝယ်ပြီး ပြင်တန်ပြင်ကြတာပေါ့၊ ဒါထက် ခင်ဗျားနာမည်က ဘယ်သူလဲ"

"ဇမုန်းထန်လို့ ခေါ်တယ်"

ထိုသို့ပြောဆိုပြီးတောက် ဇမုန်းထန်က သူတို့နှင့်





ယောက်ကို ပင်လယ်ကမ်းခြေဘက်သို့ ခေါ်သွားလေသည်။

ထိုနေရာတစ်ဝိုက်တွင် အုန်းတောကြီးများက ထူထပ်စွာ ရှိပြီး အချို့မှာ ထိုအုန်းတောများထဲ၌ပင် တဲထိုးနေကြသည်။

အုန်းတောများ လွန်သောအခါ ပင်လယ်ကမ်းခြေ အစပ်ဖြစ်သော သောင်ပြင်ပေါ်သို့ ရောက်သွားကြသည်။

ထိုနေရာမှာ ငါးဖမ်းသမားများ စုဝေးနေထိုင်သော တံငါ ရွာလေးပင် ဖြစ်၏။

သို့သော် လူနေအိမ်ခြေတော့ မများလှပေ။

ဇမုန်းထန်က သူတို့ကို ချောင်းတစ်ခုရှိသော နေရာသို့ ခေါ်သွားသည်။

ချောင်းမှာ ပင်လယ်ရေတက်လာလျှင် ရေရှိပြီး၊ ရေကျ သွားလျှင် ရေမရှိသော ချောင်းမျိုးဖြစ်သည်။

ထိုချောင်းထဲမှာတော့ နွံဖုံးနေသော ကတ္တူလှေတစ်စင်း ရှိနေလေသည်။

"ငါပြောတာ ဒီလှေပဲ"

"ပိုင်ရှင်က ဘယ်မှာလဲ"

"ဟိုတဲထဲမှာ ရှိတယ်"

ဟု ပြောပြီး ခေါ်သွားရာ ပိုင်ရှင်အဘိုးကြီးနှင့် တွေ့ရ သည်။

"ငါပိုင်တဲ့လှေတော့ မဟုတ်ပါဘူး၊ အရင်က သူဌေးတစ် ဦးပိုင်ပြီး ငါက ဒီမှာပဲနင်းလုပ်တယ်၊ နောက်တော့ မုန်တိုင်းမိလို့ ပျက်စီးသွားတာနဲ့ သူဌေးက ပြန်မကြည့်တော့ဘဲ ငါ့ကို ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာပဲ"

"လှေက ဆွေးနေပြီလား"

"လှေက ကျွန်းသစ်နဲ့လုပ်ထားတော့ မဆွေးပါဘူး ကျိုးပျက်နေတာတွေတော့ ရှိတာပေါ့၊ ပြင်သုံးရင် သွားလို့လာလို့ ရနေပါသေးတယ်"

"ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"ငါ့အတွက်တော့ ဒီလှေက အသုံးမဝင်တော့ပါဘူး ပြင်သုံးမယ်ဆိုရင် ပေးချင်သလောက်သာ ပေးကြပေါ့"

ထိုကဲ့သို့ပင် အရောင်းအဝယ် တည့်သွားလေတော့သည်။

နောက်ပိုင်းမှာတော့ 'ငှက်သိုက်ရောင်းရငွေ အချို့တို့ အဘိုးကြီးအားပေးပြီး၊ လှေပြင်ရန်အတွက် သံ၊ ကတ္တရာ၊ ရေနံချေး၊ ပွန်းညှက် စသည်တို့ကို ဝယ်ယူပြီး အားလုံး လှေပြင်ရန်အတွက် သွားကြလေသည်။

ရွာမှာတော့ ငှက်သိုက်ရှာဖွေရန် သွားကြသည်ဟု သတင်းလွှင့်ထားခဲ့သည်။

သူတို့ လှေပြင်တော့ ဇမုန်းထန်ကလည်း အကူအညီ ပေးသည်။

ပျဉ်ချပ်များ အပါအဝင် လုပ်အပ်သောပစ္စည်းတို့ကို ရှာဖွေပေးရင်းနှင့် ရင်းနှီးခင်မင်သွားကြသည်။

ဦးစွာ ရေပြည့်နေစဉ် လှေဝမ်းထဲမှ နွံများကို ဖယ်ရှားပစ်သည်။





အုန်းပင်ကို လွန်းတုံးအဖြစ် အသုံးပြုပြီး လှေကို လွန်းတုံးပေါ် ရောက်အောင် ဆွဲတင်သည်။

ထိုသို့ တင်ရာမှာ ရေတက်စဉ် လွန်းတုန်းပေါ်ရောက်အောင် လူအင်အားဖြင့် ဆွဲတင်ကာ ကြိုးများဖြင့် တုတ်ဆိုင်းထားသည်။ လွန်းတုံးပေါ် ရောက်သောအခါ ရေဖြင့်ဆေးကြောကြည့်သောအခါ မုန်တိုင်းဒဏ်ကြောင့် ကျိုးပျက်နေသည့်နေရာများရှိသော်လည်း ဆွေးမြည့်ခြင်းမျိုးတော့ မဖြစ်သေးပေ။

သို့ကြောင့် ဝမ်းသာသွားကြလေသည်။

နောက်ပိုင်းမှာတော့ ကျိုးပျက်နေသော ပျဉ်ချပ်များကို အသစ်လဲခြင်း၊ အပေါက်များကို ဖာထေးခြင်း၊ ပွန်းညှက်၊ အင်တွဲများဖြင့် ရေလုံအောင် ဖာထေးခြင်း၊ အပေါ်မှ ကတ္တရာ ဆေးသုတ်ခြင်း၊ အပေါ်ပိုင်းမှာ ရေလုံအောင် အံဖုံးများတပ်ခြင်း၊ နောက်ဘက်တွင် လှေအိမ်ဆောက်ခြင်း၊ တက်မ၊ ခတ်တက်၊ လှော်တက်၊ ရွက်တိုင် စသည်တို့ကို သူ့နေရာနှင့်သူ ပြန်တပ်သည်။ ပြီးမှ ရေနံချေး ထပ်သုတ်ကြသည်။

ရွက်အတွက် အသုံးပြုရန် ဖျင်များကိုတော့ နောက်မှ ဝယ်ယူရန် စီစဉ်ကြလေသည်။

ထိုနေရာမှာ သူတို့အဖွဲ့ ၁၅ရက်ခန့်ကြာသွားတော့မှ ကတ္တူလှေကြီးမှာ ရေပေါ်သို့ ပြန်ရောက်ပြီး သွားလာရန် အဆင်သင့် ပြန်ဖြစ်လေတော့သည်။

ထိုရက်များအတွင်းမှာ ဇမုန်းထန်ကလည်း သူတို့နှင့်အတူတကွ လုပ်ပေးရင်းမှပင် ခင်မင်ရင်းနှီးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇမုန်းထန်. . မင်းက တစ်ကိုယ်ရေ တစ်ကာယသမား ပဲ၊ ငါတို့နဲ့ ဗမာပြည် ပြန်လိုက်ခဲ့မလား"

"ကျုပ်အဖို့တော့ ဘယ်မှာနေနေ အကြောင်းမဟုတ် တော့ပါဘူး၊ လိုက်ဆိုရင်လည်း လိုက်ခဲ့ရုံပါပဲ၊ ဒီမှာလည်း ဘာမှ သံယောဇဉ်တွယ်စရာ မရှိပါဘူး"

ဟု ပေါ့ပေါ့ပင် ပြောလေသည်။

"ဒီလိုဆိုမှတော့ ငါတို့နဲ့သာ တစ်ပါတည်း လိုက်ခဲ့ပေါ့ ကွာ"

ဟု ဦးဗန်ကောင်းက ပြောလိုက်လေသည်။

ထို့နောက်မှာ ဒီရေတက်သောရက်တွင် ကတ္တူလှေကို ပင်လယ်ပြင်သို့ ထုတ်ကြလေသည်။

"ဘယ်ကို သွားကြမလဲ အဘ"

"ငါတို့ တိုရာဂျာရွာကို ပြန်လို့မဖြစ်တော့ဘူး၊ ဒီလောက် ကြာနေရင် ဟိုကောင်တွေ ရိပ်မိသလောက်ရှိနေလောက်ရော ပေါ့၊ ဒီတော့ ညအချိန်ရောက်ရင် ကျောက်တလားတောင်ရှိတဲ့ နေရာကိုပဲ တစ်ခါတည်း သွားမယ်၊ ရောက်တာနဲ့ သူတို့ကို တစ်ခါ တည်း တင်ခေါ်ပြီးသွားကြတာပေါ့"

ဟု ပြောပြီး ဒီရေတက်သော ညအချိန်ရောက်သော အခါ ကတ္တူလှေကြီးကို ကျောက်တလားတောင်ရှိရာသို့ ဦး တည်ကာ သွားကြလေတော့သည်။



# အခန်း(၁၅)

## ခကောင်းမှုကံ ကိုယ့်ထံပြန်ရသောသူ

တိုရာဂျာကျေးရွာ၌ နီမောင်တို့ တစ်ဖွဲ့လုံး မတွေ့ရ သောအခါ ရာဂျာတို့မှာ စဉ်းစားရခက်ကာ အချင်းချင်း မေးမြန်း နေကြလေသည်။

"သူတို့ ဘယ်ရောက်သွားတာလဲ"

"တောထဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ပင်လယ်ဘက်တွေဖြစ် ဖြစ် သွားနေကြတာ ဖြစ်မှာပေါ့"

"အခုသွားတာ သူတို့ချည်း မဟုတ်ဘူး၊ ဦးဗန်ကောင်းနဲ့ ...ွန်ထော်တို့ပါ ခေါ်သွားပုံထောက်တော့ အလုပ်အတွက် သွား ...ကြတာရော ဟုတ်ရဲ့လား၊ ငါ့အထင်ပြောရရင် သူတို့ ဗမာပြည် ...န်သွားကြပြီနဲ့တူတယ်"

တာနာ စကားကို အစ်ကိုဖြစ်သူ ရာဂျာက လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



ပေ။

"မဖြစ်နိုင်ဘူး၊ လှေကြီးကြီး မရှိဘဲနဲ့ ဘယ်နည်းနဲ့မှပြန် လို့မဖြစ်ဘူး၊ ဒါပေမယ့် သူတို့တစ်ဖွဲ့လုံး ပျောက်နေတာကတော့ နည်းနည်း ထူးဆန်းတယ်၊ တစ်ခုခု အကြံအစည်ရှိလို့ ငါတို့ကို အသိမပေးဘဲ လုပ်နေကြတာဖြစ်မယ်၊ မင်း ဘယ်လိုထင်သလဲ သံပချိုင်"

သံပချိုင်က အတန်ကြာအောင် စဉ်းစားနေပြီးတော့မှ ပြန်ပြောလေသည်။

"ငါထင်တာတော့ သူတို့ သွေးရိုးသားရိုး ပျောက်နေတာ တော့ မဖြစ်နိုင်ဘူး၊ မင်းပြောသလို တစ်ခုခု အကြံအစည်နဲ့ ပျောက်နေတာဖြစ်နိုင်တယ်၊ ငါ့အထင် ပြောရရင်တော့ ကျောက် တလားတောင်သချိုင်းများ ရောက်နေကြတာဖြစ်မယ်"

"ဘာကြောင့် ဒီလို ပြောနိုင်တာလဲ"

"အရင်တစ်ခေါက်က ဂူထဲမှာ ကောင်မလေးတစ် ယောက်နဲ့တွေ့လာတယ်လို့ ပြောတယ်၊ ပုလဲနက်သုံးလုံးကို လည်း အဲဒီကောင်မလေးကပဲ ပေးလိုက်တာပဲ၊ ဒီတစ်ခါ အား လုံးပျောက်နေတာဆိုတော့ အဲဒီရောက်နေတာ ဖြစ်နိုင်တယ်"

သံပချိုင်စကားကို အတော်များများက လက်ခံကြလေ သည်။

"မင်းပြောတာ ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူတို့အ ကြောင်းကို စုံစမ်းပြီး၊ သူတို့နောက်ကို လိုက်ကြရမယ်၊ အဲဒီလိုက် ကြည့်ရင် သူတို့ ဘာလုပ်နေတာလဲ ဆိုတာလည်း သိရမယ်





နောက်ပြီး ကံကောင်းရင် ပုလဲနက်တွေရှိတဲ့ နေရာလည်း သိရ နိုင်တယ်၊ ဒီတော့ သွားရင်းလာရင်း အလုပ်လုပ်ရင်းနဲ့ သူတို့ အကြောင်းကို စုံစမ်းကြည့်ပေတော့"

ရာဂျာက သူ့လူများကို မှာလေသည်။

အချို့ကလည်း ပုလဲနက်များကို စိတ်ဝင်စားသော် လည်း သွားရောက်ရှာဖွေကြစဉ်က ဖုတ်ကောင်များနှင့်တွေ့ပြီး အသက်သေဆုံးခဲ့သည်များ ရှိသဖြင့် ကြောက်ရွံ့နေကြလေ သည်။

အချို့ကလည်း လောဘစိတ်ကြောင့် နေရာအနှံ့သို့ သွားလာလုပ်ကိုင်ရင်းနှင့် သတင်းရစေရန် စုံစမ်းကြည့်ကြလေ သည်။

နီမောင်တို့ သတင်းကို အားတက်သရော စုံစမ်းကြသူ များထဲတွင် သံပချိုင်လည်း ပါလေသည်။

တစ်နယ်တစ်ကျေးမှ အတူတကွလာခဲ့ကြသူများ ဖြစ်သ ဖြင့် သံယောဇဉ်ကြောင့် ရှာဖွေလိုခြင်းမဟုတ်ဘဲ လောဘစိတ် ကြောင့် ရှာဖွေခြင်း ဖြစ်လေသည်။

တစ်နေ့တော့ ပင်လယ်ကမ်းခြေဘက်မှ လာသော လူ တစ်ယောက်နှင့်တွေ့ရာ သတင်း အစအနတစ်ခု ကြားရလေ သည်။

"ဟိုတစ်လောက လူတစ်စု ကျုပ်တို့ကမ်းခြေဘက်ကို ရောက်လာကြတယ်၊ ငါးယောက်၊ ခြောက်ယောက်လောက် ရှိ မယ်ထင်တယ်၊ ဒီနယ်သားတွေတော့ ဟုတ်ပုံမရဘူး"

www.burmeseclassic.com



"သူတို့ ဘာလာလုပ်ကြတာလဲ"

"လှေဝယ်ချင်လို့ လာတာလို့ ပြောသံကြားလိုက်တယ်"

"ဟင်"

ထိုစကားကြောင့် သံပချိုင်မှာ များစွာ အားတက်သွားလေသည်။

"ဘာအတွက် လှေဝယ်ချင်တာတဲ့လဲ"

"အဲဒါတော့ သေသေချာချာ မသိဘူးဗျ"

"ဒါထက် သူတို့ လှေရသွားသလား"

"ဟိုးတုန်းက မုန်တိုင်းမိလို့ ပျက်စီးနေတဲ့ လှေပျက်ကြီး တစ်စင်း ရှိတယ်၊ အဲဒီ လှေပျက်ကြီးကို ရက်အတော်ကြာအောင် ပြင်ဆင်နေတာတော့ တွေ့လိုက်တယ်၊ နောက်တော့ ယူသွားကြတယ် ထင်တယ်၊ မတွေ့ရတော့ဘူး"

ထိုလူက ဒါပဲပြောပြီး ထွက်သွားလေသည်။

ထိုသတင်းရသည်နှင့် ရာဂျာတို့ကို အသိပေးလိုက်သည်။

"ငါတို့ထင်တဲ့အတိုင်းပဲ၊ သူတို့ ဟိုကို ပြန်ဖို့ ကျိတ်ပြီး ကြံစည်နေကြတာ ဖြစ်မယ်၊ ချက်ချင်းတော့ ပြန်သွားကြမှာ မဟုတ်ဘူး၊ ငါတို့ ကျောက်တလားတောင်သချိုင်းကို သွားပြီး ရှာရင် တွေ့ရနိုင်တယ်"

"အရင်တစ်ခေါက်ကလို ဖုတ်ကောင်တွေနဲ့ တွေ့တော့ ဘယ်လိုလုပ်မလဲ၊ ဖုတ်ကောင်တွေက သေနတ်နဲ့ပစ်လို့ မရဘူး"

"သေနတ်နဲ့ ပစ်မရတော့လည်း ရတဲ့နည်းတဲ့ လုပ်ရမှာ





ပေါ့၊ ဒီတစ်ခေါက်သွားရင် မကောင်းဆိုးဝါးနှိမ်နင်းနိုင်တဲ့ နတ်ဆရာတွေ ခေါ်သွားရမယ်"

ဟု ပြောဆိုတိုင်ပင်ပြီးနောက် ထိုသတင်းကို သူတို့ဆရာကြီးဦးမင်းဒင်အား ပြောပြသောအခါ ဦးမင်းဒင်ကလည်း ထိုနေရာသို့ နောက်တစ်ခေါက်သွားပြီး ပုလဲနက်များ ရှိနေသော နေရာကို မတွေ့တွေ့အောင် ရှာဖွေရန် ပြောလေသည်။

ထို့ကြောင့် ရာဂျာကပင် ခေါင်းဆောင်ပြီး ကျောက်တလားတောင်သချိုင်းသို့ နောက်တစ်ခေါက် ထပ်သွားရန် ပြင်ဆင်လေတော့သည်။

ဦးမင်းဒင်မှာလည်း နှစ်ပေါင်းများစွာ ကြာသည်အထိ အပွဲပွဲနွှဲလာခဲ့သမျှ ယခုပွဲမှ ခံရသကဲ့သို့ ဖြစ်ကာ အကြီးအကျယ် မကျေမနပ် ဖြစ်နေလေသည်။

ပုလဲနက်များ လက်ထဲရပြီးမှ ပြန်ပျောက်သွားခဲ့ရလေသည်။

ထိုသို့ ပျောက်သဖြင့် ပြန်ရစေရန် လူများစေလွှတ်တော်သည်း ဖုတ်ကောင်များနှင့်တွေ့ကာ သေသူသေ၊ ပြေးသူပြေးခဲ့ရသောကြောင့် မကျေမနပ် ဖြစ်နေလေသည်။

ယခု ရာဂျာတို့က နောက်တစ်ခေါက်သွားရန် ပြင်ဆင်သောအခါ လိုအပ်သမျှ အကူအညီပေးလိုက်လေသည်။

ညအချိန် ရောက်သောအခါ ဦးမင်းဒင်တစ်ယောက် တော်တော်နှင့် အိပ်မပျော်ဘဲ ရှိနေလေသည်။

အိပ်မပျော်ရခြင်းမှာ လက်ထဲရောက်ပြီးမှ ပြန်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော ပုလဲနက်သုံးလုံးကို စွဲလမ်းနေသောကြောင့်ပင် ဖြစ်သည်။

"ဒီပုလဲနက်သုံးလုံးသာ ငါရရင် ချမ်းသာလောက်တယ်၊ အခုတော့. ."

တစ်ယောက်တည်း အတွေးကောင်းနေသောကြောင့် အိပ်မပျော်ဘဲ ရှိရာ ညဉ့်နက်ပိုင်း အချိန် ရောက်သောအခါ ခြံဝန်းထဲမှ မွေးထားသော ခွေးဟောင်သံများ ကြားရသည်။

မရှေးမနှောင်းမှာပင် အပေါ်သို့ တက်လာသော ခြေသံ တရှပ်ရှပ်ကို ကြားလာရသည်။

ထိုခြေသံကို ဦးမင်းဒင် အခန်းထဲမှ ကြားနေရလေသည်။

"အရင်တစ်ခါ ပုလဲနက် ဝင်ခိုးသွားတဲ့ သူခိုး ရောက်လာပြန်ပြီထင်တယ်၊ ဒီတစ်ခါတော့ တွေ့ကြရောပေါ့"

ဟု စိတ်ထဲမှာ ကြိမ်းဝါးလျက် အံဆွဲအတွင်းမှ သေနတ်ကိုယူကာ နေရာမှထသည်။

စင်္ကြံလမ်းမှာ မီးရောင်ရှိသောကြောင့် အပြင်ဘက်မှ သွားလာနေသော အရိပ်ကို အထဲမှ တစွန်းတစ မြင်နေရလေသည်။

လှေခါးဘက်မှ လျှောက်လာသော ခြေသံက အခန်းပေါက်ဝသို့ တဖြည်းဖြည်း နီးလာလေသည်။

ဦးမင်းဒင်က သေနတ်ကို အဆင်သင့်ကိုင်ကာ တံခါးနှင့် မနီးမဝေးမှာ ရပ်နေလေသည်။

ဝဏ္ဏာထွန်းစာပေ



ခဏကြာတော့ တံခါးအောက်ဘက်မှ လွတ်နေသော နေရာမှ အရိပ်တစ်ခု မြင်ရသည်။

ခြေသံလည်း ပျောက်သွားသည်။

ဦးမင်းဒင်မှာ အသက်ရှူရန်ပင် သတိမရဘဲ စိတ်ဝင်စားစွာ ကြည့်နေလေသည်။

သို့သော်လည်း ဘာမှ မထူးခြားဘဲ အရိပ်က ပြန်ပျောက်သွားလေသည်။

နောက်တော့ ထိုနေရာမှ ထွက်သွားသော ခြေသံကို မသဲမကွဲ ကြားလိုက်ရသဖြင့် တံခါးချပ်ကို ခတ်ဖြည်းဖြည်းဖွင့်ကာ အပြင်ဘက်သို့ ကြည့်လိုက်လေသည်။

မည်းမည်းသဏ္ဌာန်တစ်ခု ရွှေငွေရတနာများထားသော အခန်းထဲသို့ ဝင်သွားသည်ကို ရိပ်ကနဲ လှမ်းမြင်လိုက်ရလေသည်။

"ဒီတစ်ခါတော့ တွေ့ကြရောပေါ့"

ဟု စိတ်ထဲမှ ကြိမ်းဝါးပြီး ထိုနေရာသို့ လျှောက်သွားလေသည်။

အခန်းပေါက်ဝရောက်တော့ တံခါးချပ်၌ ဝတ်ထားသော သော့ခလောက်က ခြေရာလက်ရာမပျက် ပိတ်လျက်ထားပင် ရှိနေသည်။

အခန်းထဲမှာ မီးထွန်းမထားသောကြောင့် မှောင်နေသည်။

"တံခါးသော့လည်း မပျက်ပါဘူး၊ ငါ့စိတ်ထင်နေလို့များ

ဝဏ္ဏာထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လား"

ဟု တွေးမိကာ ပိတ်ထားသော တံခါးချပ်ကို သော့ဖွင့်ကာ အသာပင် ဖွင့်လိုက်သည်။

"ကျွီ"

ဟူသော အသံတိုးတိုးပေါ်လာပြီး တံခါးချပ်က ပွင့်သွားလေတော့သည်။

အခန်းထဲမှာ မီးမရှိသော်လည်း အပြင်ဘက်မှ မီးရောင်အချို့က ပြတင်းပေါက်တံခါးချပ်များမှ ဝင်လာသော မီးရောင်ကြောင့် အတန်အသင့် မြင်နေရသည်။

ရွှေငွေရတနာများ ရှိနေသော မီးခံသေတ္တာအနီးတွင် လူတစ်ယောက် ရပ်နေလေသည်။

ဦးခေါင်းပေါ်မှ တစ်ကိုယ်လုံးကို အဝတ်ကြီးခြုံထားသော်လည်း လူတစ်ယောက် ဖြစ်မှန်းတော့ သိသာလေသည်။

ဦးမင်းဒင်က သေနတ်ဖြင့် ချိန်ထားလိုက်သည်။

"ငါ့ ပုလဲနက်တွေ ဝင်ခိုးတဲ့သူခိုး၊ ဒီတစ်ခါတော့ သေပေတော့"

ဟု ပြောပြီး သေနတ်ဖြင့် ပစ်သည်။

"ဒိုင်း. . ဒိုင်း"

ထိုသို့ ပစ်သော်လည်း လဲမကျသွားသည့်အပြင် လက်နှစ်ဖက်ကို ပိုက်ပြီး နေရာမှာ ရပ်မြဲရပ်နေသည်။

"ပုလဲနက်တွေက မင်းပစ္စည်းတွေမှ မဟုတ်တာ၊ သူတစ်ပါးပစ္စည်းတွေ မတရားယူလိုက်တာ မဟုတ်လား"





"ငါဝယ်ယူလိုက်တာပဲ မတရားယူတာမှ မဟုတ်တာလား"

"ဒါပေမယ့် ငွေတွေကို ပြန်ပြီး ခါးပြတိုက်ယူခဲ့တယ် မဟုတ်လား"

"မင်း ဘယ်သူလဲ၊ ဒါတွေ ဘယ်လို သိနေတာလဲ"

"ငါက ပုလဲနက်တွေနဲ့ သက်ဆိုင်တဲ့ မကောင်းဆိုးဝါးတစ်ကောင်ပဲ"

"ဟင်"

ဦးမင်းဒင်မှာ နည်းနည်းတော့ တွန့်သွားလေသည်။

"ဒီမှာ ရှိတဲ့ ရွှေငွေရတနာတွေကလည်း မင်း မတရားယူထားတာချည်းပဲ၊ ဒါကြောင့် အားလုံးဖျက်ဆီးပစ်ရမယ်"

ထိုသို့ ပြောသဖြင့် အကြိမ်ရောက်နေစဉ် သေနတ်သံကြားရသဖြင့် ခြံစောင့်များရော အိမ်စောင့်များပါ ရောက်လာကြလေသည်။

ထိုအချိန်ထိ မည်းမည်းသဏ္ဌာန်က အခန်းထဲမှာ ရှိနေသေးသည်။

သို့သော်လည်း မဝင်ဝံ့ကြသဖြင့် သေနတ်ဖြင့် ပစ်သူကပစ်သည်။

ထိုသို့ ပစ်သော်လည်း မည်သို့မှ မထူးခြားဘဲ ရပ်မြဲရပ်နေသေးသည်။

"မကောင်းဆိုးဝါးဆိုတာ သေနတ်နဲ့ ပစ်လို့ မရဘူး ဆရာကြီး"

"ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးနဲ့ရှို့ရင် ပြေးတယ်"

"ဒါဖြင့် ရေနံဆီ၊ ဓာတ်ဆီနဲ့လောင်းပြီး မီးရှို့ကွာ"

ဟု အမိန့်ပေးလိုက်ရာ အချို့က အောက်ထပ်၌ ထားသော ရေနံဆီပုံး၊ ဓာတ်ဆီပုံးများကို ယူလာကြသည်။

ထို့နောက် အခန်းထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန် ရှိရာသို့ ဓာတ်ဆီဖြင့် လှမ်းပက်ကာ မီးခြစ်ခြစ်ကာ ရှို့ချလိုက်သည်။

ချက်ချင်းဆိုသလိုပင် မီးတောက်များက မည်းမည်းသဏ္ဍာန်ကိုယ်ပေါ်သို့ စွဲလောင်လေတော့သည်။

ထိုအခါမှ စူးစူးဝါးဝါးအော်ပြီး နေရာအနှံ့ လျှောက်ပြေးလေတော့သည်။

ထိုမြင်ကွင်းကို မြင်သောအခါ ဦးမင်းဒင်မှာ များစွာအားရဝမ်းသာ ဖြစ်သွားလေသည်။

"ဟား၊ဟား၊ဟား၊ဟား၊ ငါ့ပစ္စည်းတွေ မတရားယူချင်တဲ့ မကောင်းဆိုးဝါးကောင်၊ အခုတော့ ဘာတတ်နိုင်သေးလဲ၊ နှစ်ခါသေဖို့သာ ပြင်ပေတော့"

ဟု ရေရွတ် ပြောဆိုနေသည်။

ထိုအခါ တပည့်တစ်ယောက်က ပြောလိုက်သည်။

"ဆရာကြီး သူလျှောက်ပြေးတာနဲ့ တစ်အိမ်လုံး မီးတွေလောင်ကုန်ပြီဗျ"

ထိုသို့ ပြောဆိုနေစဉ် တစ်ကိုယ်လုံး မီးစွဲလောင်နေသော မကောင်းဆိုးဝါးက ရေနံဆီပုံး၊ ဓာတ်ဆီပုံးများ ချထား





သော နေရာမှ ဖြတ်ပြေးလေရာ မီးလောင်ပေါက်ကွဲကုန်တော့သည်။

ထိုကဲ့သို့ ရေနံဆီပုံး၊ ဓာတ်ဆီပုံးများ ပေါက်ကွဲသောအခါ မီးတောက်တို့က ပို့မို့များပြားလာကာ တစ်အိမ်လုံး စွဲလောင်လေတော့သည်။

အပေါ်ထပ်ဖြစ်သောကြောင့် မီးညိမ်းစရာ ရေမရှိသဖြင့် တစ်စတစ်စ မီးတောက်များက ပိုများလာပြီ ဖြစ်သောကြောင့် အခန်းထဲမှ ထွက်ပေးကြရလေသည်။

"ငါ့ပစ္စည်းတွေ မီးလောင်ကုန်ပြီ၊ လုပ်ကြပါဦး၊ ဝင်ယူပေးကြပါဦး"

"ဒီလောက် မီးတောက်တွေများတာ ဝင်လို့ မရတော့ဘူး ဆရာကြီး"

"အမယ်လေး ငါပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေတော့ မီးထဲပါလို့ အားလုံးကုန်ပါပြီဗျာ"

ထိုသို့ အော်ဟစ်ပြောဆိုနေသော်လည်း မည်သူကမှ အကူအညီမပေးနိုင်ကြတော့ပေ။

ဦးမင်းဒင် အိမ်ကြီး မီးလောင်နေသည့် သတင်းကြားသဖြင့် ရွာထဲမှ လူများ ရောက်လာကြသော်လည်း ခြံဝန်းတံခါးများ ပိတ်ထားသောကြောင့် မည်သူမျှ ဝင်မရကြပေ။

ထို့ပြင် ခွေးကြီးများကလည်း စူးစူးဝါးဝါး ဟောင်နေကြသောကြောင့် မဝင်ဝံ့ကြခြင်း ဖြစ်သည်။

"အင်း. . ဦးမင်းဒင်တစ်ယောက်တော့ သူများတွေဆီ



www.burmeseclassic.com

www.burmeseclassic.com



က မတရားယူထားတဲ့ ပစ္စည်းတွေတော့ ဒီတစ်ချီတည်းနဲ့ ကုန်ပြီ ထင်ပါရဲ့"

"သူရထားတဲ့ ပစ္စည်းတွေက မတရားရထားတာဆို တော့ မတရားပြန်ကုန်သွားတာ ဘာများဆန်းသလဲကွာ"

ရွာသူရွာသားများက ခြံဝန်းထဲသို့ ဝင်မရသောကြောင့် မီးလောင်နေသော အိမ်များကို တံခါးသံတိုင်များကြားမှ ချောင်း ကြည့်ကာ အမျိုးမျိုးပြောဆိုနေကြလေသည်။

ထို့နောက်မှာတော့ မီးတောက်ကြီးများမှာ တဖြည်း ဖြည်း ပိုများလာကာ တစ်အိမ်လုံး ဝါးမြိုသွားလေရာ အိမ်ပေါ်မှာ ရှိသော လူအားလုံး ဆင်းပြေးကြရလေတော့သည်။

ထိုသို့ ဖြစ်ပျက်နေသည်ကို အမှောင်ရိပ်ထဲမှာ ရှိနေ သော လူကြီးတစ်ယောက်က လက်ပိုက်ကာ ကြည့်နေလေတော့ သည်။

သူ့နောက်မှာလည်း အဝတ်နက်ကြီး ခြုံထားသော မည်းမည်းသဏ္ဍာန်ကြီးက ရပ်နေသည်။

ရှေ့မှ ရပ်နေသူမှာ ဦးသက္က ဖြစ်ပြီး နောက်၌ ရပ်နေသူ မှာ စောစောက မီးလောင်နေသော မကောင်းဆိုးဝါးပင် ဖြစ်လေ သည်။

ယခုတော့ ၎င်းကိုယ်ပေါ်မှာ မီးမရှိတော့ပေ။

"သူတစ်ပါးကို နှိပ်စက်ချင်တဲ့သူဟာ တူသောနှိပ်စက်မှု ဒဏ်ကို ခံရတယ်၊ မကောင်းမှုပြုသော သူတို့သည်လည်း မကောင်းမှုကိုသာ ပြန်ရလေ့ရှိတယ်၊ သူနဲ့ ထိုက်တန်သော





ရလာဘ်သည် ထိုရလာဘ်မျိုးမှလွဲပြီး အခြား မရှိနိုင်ပေ။

ထိုသို့ ရေရွတ်ပြောဆိုပြီးနောက် အမှောင်ရိပ်ထဲသို့ ပြန် လှည့်ဝင်သွားရာ နောက်မှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီး လည်း တစ်ပါတည်း လိုက်သွားလေတော့သည်။

နောက်တစ်နေ့မှာတော့ ပြာပုံဘဝ ရောက်နေသော အိမ်ကြီးကို တွေ့မြင်ကြရသည်။

တစ်ချိန်က နန်းတော်ကြီးတမျှ ကြီးကျယ်ခမ်းနားလှ သော ဦးမင်းဒင်၏နေအိမ်ကြီးတစ်ခုလုံးမှာ မီးသွေးနှင့် ပြာပုံမျှ သာ ကျန်ခဲ့တော့သည်။

ဦးမင်းဒင်တစ်ယောက်မှာတော့ ကြောက်စရာကောင်း သော ပြောင်းလဲမှုကြီးကို ကြည့်ကာ မယုံကြည်နိုင်လောက် အောင် ဖြစ်နေသည်။

ထိုသတင်းကြားသဖြင့် ရွာယဲမှာ နေသော ဆူမိုရစ်နှင့် မာရီတို့သားအဖလည်း ရောက်လာပြီး ခြံပေါက်ဝမှ ကြည့်ကြလေ သည်။

"ဒီလို ဖြစ်ရတာ တခြား မဟုတ်ဘူး၊ ဟိုပုလဲနက်သုံးလုံး ရောက်လာပြီးတော့မှ အန္တရာယ်တွေ တစ်ခုပြီးတစ်ခု ရောက် လာတာပဲ ဖြစ်ရမယ်၊ မဝယ်နိုင်လို့ မဝယ်လိုက်ရပေမယ့် ငါတို့ဆီ ရောက်မလာတာ အတော်လေး ကံကောင်းတယ်လို့ ဆိုရမယ်"

"သူဌေးက လောဘကြီးတယ်ဆိုပေမယ့် ဒီလို ဖြစ်သွား တော့လည်း သနားပါတယ်"

"သနားစရာတော့ မရှိပါဘူး၊ ပုလဲနက်ဝယ်ပြီး သူ ဘာ



www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်တယ်ဆိုတာလည်း သိသင့်သလောက် သိတာပဲ၊ သူ့ထိုက်နဲ့သူ ခံရတယ်လို့ပဲ သဘောထားရတော့မှာပဲ"

ဟု ပြောဆိုကာ ဆူမိုရစ်နှင့် သူ့သမီး မာရီတို့နှစ်ယောက်မှာ ခြံပေါက်ဝမှ ပြန်လှည့်သွားကြလေတော့သည်။



# အခန်း(၁၆)
# လှိုင်းမျက်နှာပြင် ဘဝလမ်း

နီမောင်တို့အတွက်ကတော့ ခရီးထွက်ရန်အတွက် အဆင်သင့် အနေအထားသို့ ရောက်နေချေပြီ။

ရင်းတို့ပြင်ဆင်ယူလာသော စက္ကူလှေကြီးမှာ ကျောက်တလားဂူ အဝပေါက်ဝသို့ ရောက်နေပေပြီ။

ဦးသက္ကကလည်း ရင်းနှင့်အတူ နေသူများကို ထိုနေရာမှ စွန့်ခွာပြီး အခြားနေရာသို့ ရွှေ့ပြောင်းကြမည် ဖြစ်ကြောင်း ပြောပြထားလေသည်။

အချို့ကလည်း ဂူအတွင်း၌ နှစ်ပေါင်းများစွာ နေခဲ့ရပြီး ယခုကဲ့သို့ အပြင်လောကသို့ ပြန်သွားရမည်ဆိုသောအခါ ဝမ်းသာပျော်ရွှင်နေကြသည်။

ထိုအထဲမှာလည်း ဂူထဲတွင် အချိန်အတော်ကြာအောင် နေခဲ့ကြပြီးမှ အပြင်လောကသို့ ပြန်ထွက်ရမည်ကို ကြောက်လန့်နေသူများလည်း ရှိကြသည်။

သို့သော်လည်း ဦးသက္က၏စကားကိုတော့ မပယ်ဝံ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဂူအတွင်းမှ ထွက်ရတော့မည် ဖြစ်သဖြင့် ပျော်ရွှင်နေကြသူများထဲမှာတော့ စာမရီက ရှေ့ဆုံးမှ ပါဝင်လေသည်။

ပြင်ဆင်နေကြသော အချိန်အတွင်းမှာပင် သူမ အမူအယာမှာ သမင်ပျို့မလေးတစ်ကောင်ကဲ့သို့ တက်ကြွပျော်ရွှင်နေလေသည်။

တစ်နည်းပြောရလျှင် လှောင်အိမ်အတွင်း၌ နှစ်ပေါင်းများစွာ နေခဲ့ရပြီး လွတ်မြောက်ခွင့်ရသော သမင်ပျို့တစ်ကောင်နှင့် တူနေတော့သည်။

"နီမောင်၊ ငါတော့ နင့်ကို သိပ်ပြီး ကျေးဇူးတင်တာပဲ"

"ဘာဖြစ်လို့လဲ"

"နင်တို့ ဒီနေရာ ရောက်လာလို့သာ ငါ ဒီဘဝက လွတ်ခဲ့တာလေ၊ ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောတာပေါ့"

"ကျေးဇူးတင်စရာ မလိုပါဘူး စာမရီရယ်၊ နင်နဲ့ ငါနဲ့က ချစ်သူတွေ ဖြစ်နေကြမှပဲ၊ ဟို ဘယ်လိုပြောရမလဲ၊ ဖူးစာဆုံတယ်လို့ ပြောရင် ပိုပြီးမှန်တာပေါ့"

ထိုစကားကြားသောအခါ စာမရီက ပြုံးနေလေသည်။

"ငါတို့ မြန်မာပြည် ပြန်ရောက်သွားရင် နင့်အဘကို ခွင့်တောင်းပြီး လက်ထပ်ကြမယ်နော်"

"ငါအဘကို ပြောပြထားပြီးပါပြီ၊ နင်ကောင်းသလိုသာ စီစဉ်ပေါ့"

"နင် မပျော်ဘူးလားဟင်"

"ပျော်တာပေါ့၊ ဒီနေရာက ထွက်ခွင့်ရတာရော နင်နဲ့ဆုံ





ရတာရော နှစ်ခုစလုံးအတွက် ငါပျော်ပါတယ်၊ ဟိုရောက်ရင် နင် ငါ့ကို ပစ်မထားရဘူးနော်"

"ဘယ်တော့မှ မပစ်ပါဘူး၊ နင့်အပေါ်မှာ သစ္စာရှိရှိနဲ့ တစ်သက်လုံး ပေါင်းသင်းသွားပါ့မယ်လို့ ငါကတိပေးပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် နီမောင်ရယ်"

ထို့နောက်မှာတော့ ဆိပ်ကမ်းတစ်နေရာ၌ အဆင်သင့်တပ်ထားသည့် ကတ္တူလှေကြီးပေါ်သို့ ၎င်းတို့ပစ္စည်းများ သယ်တင်ကြလေသည်။ ပစ္စည်းက များများတော့ မရှိကြပေ။ သို့သော် အဖိုးတန်သော ပစ္စည်းများချည်း ဖြစ်လေသည်။

အနှစ်နှစ်၊ အလလက ၎င်းတို့ စုဆောင်းထားသော ပုလဲလုံးများ (ထိုပုလဲများထဲတွင် ပုလဲနက်အချို့လည်း ပါဝင်လေသည်။)နှင့် ငှက်သိုက်၊ ငါးကြီးအန်ဖပ် စသော အဖိုးတန်သော ပစ္စည်းများချည်း ဖြစ်ကြသည်။ ၎င်းတို့ကတော့ ထိုပစ္စည်းများကို ညီရွေ့မည်မျှ လောက် တန်ဖိုးရှိသည်ကို မသိကြပေ။

စုဆောင်းထားသော ပစ္စည်းများ ဖြစ်သောကြောင့်သာ အကူးတက ထုပ်ပိုးသယ်ဆောင်ကြခြင်း ဖြစ်လေသည်။

ရှေ့၌ ရေးသားခဲ့သည့်အတိုင်း အချို့က မလိုက်လိုကြသော်လည်း ဖုတ်ကောင်များ ရှိနေသော ထိုဂူထဲတွင် ဦးသက္ကမှိုဘဲ မနေဝံ့သည်က တစ်ကြောင်း။

ထို့ထက် အားလုံးမှာ ဆွေမျိုးသားချင်း မကင်းသူများချည်း ဖြစ်နေသောကြောင့် တစ်နွယ်ငင် တစ်စင်ပါ ဖြစ်နေကာ သူတို့လည်း လိုက်ရန် ပြင်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းခြေသို့ ရောက်အောင် ထွက်နိုင်သော အပေါက်မှာ အနက်ရောင်ပင်လယ်ရေများရှိသော ဂူပေါက်မှ ပင် ဖြစ်သည်။

ဦးသက္ကတို့ထံမှာလည်း ထိုနေရာမှ ရထားသော ပုလဲ နက်နှင့် ငှက်သိုက်များ ပါလာလေသည်။

ထိုရက်များအတွင်းမှာ ဦးဗန်ကောင်း၊ ဦးမွန်ထော်တို့နှင့် လည်း ခင်မင်ရင်းနှီးနေကြပြီ ဖြစ်သောကြောင့် ပွင့်ပွင့်လင်းလင်း ပြောဆို တိုင်ပင်ကြလေသည်။

"ဦးသက္ကတို့ မြေးအဖိုးအတွက်ကတော့ ဘာမှ စိတ်ပူ စရာ မရှိတော့ဘူးဗျ၊ ခင်ဗျားတို့ဆီမှာရှိတဲ့ ပုလဲနက်တွေက အတော်တန်ဖိုးရှိတဲ့ ပစ္စည်းတွေဗျ"

ဟု ဦးဗန်ကောင်းက ပြောသည်။

"ကျုပ်က ဒါတွေကိုလည်း မမက်မောပါဘူးဗျာ၊ တို ရောက်တဲ့အခါ ခင်ဗျားတို့ကို ခွဲဝေပေးဖို့ စိတ်ကူးထားပါတယ် ကျုပ်မြေးမလေး စိတ်ချမ်းသာရင် ပြီးတာပါပဲ"

"ဒါထက် ခင်ဗျား မရှိတော့ ဒီဂူထဲမှာ ကျန်ခဲ့မယ့် ဖုတ် ကောင်တွေက ဘယ်လိုလုပ်မလဲ"

"သူတို့ လူသေတွေပါပဲ၊ ဖုတ်သွင်းပေးမှသာ ထလာပြီး ခိုင်းချင်ရာ ခိုင်းစေလို့ရတာ၊ ဖုတ်မသွင်းဘဲနဲ့ ဒီအတိုင်းထားရင် လူသေအလောင်းတွေ ဘဝနဲ့ နှစ်ကြာတဲ့အခါ ပျက်စီးသွားကြမှာ ပေါ့"

"ခင်ဗျားတို့ ဒီမှာ ရှိနေတော့ လူတွေက ကြောက်လန့်ပြီး





မလာဝံ့ကြဘူး၊ ဒီတော့ ဇီဝစိုးငှက်ကလေးတွေလည်း ဘေး တင်းရန်ကင်းနေကြရတယ်၊ ခင်ဗျားတို့ မရှိတော့မှန်း သိရင်တော့ သူတို့ အနှောက်အယှက်ခံရမှာ သေချာတယ်"

"ဒီတော့လည်း လူတွေ မရောက်တဲ့နေရာ ရွှေ့ပြောင်း သွားကြပါလိမ့်မယ်ဗျာ"

ဟု ပြန်ပြောလေသည်။ ညနေပိုင်းအချိန် ရောက်သော အခါ စာမရီက ဂူထဲရောက်လာပြီး ပြောသည်။

"အဘ ရန်သူတွေ ဒီဘက်လာနေကြတယ်၊ အရင်တစ် ခေါက် လာတဲ့လူတွေအပြင် အတော်များများ ပါလာကြတယ်"

"ငါတို့သတင်းကြားလို့ ဒီနေရာ ရောက်လာကြတာ ဖြစ် မယ်"

"ဘယ်လိုလုပ်မလဲ အဘ"

"သူတို့မှာ လက်နက်တွေ ပါတော့ ဒီအတိုင်းတော့ တား လို့ ရမှာ မဟုတ်ဘူး၊ ဖုတ်ကောင်တွေပဲ အသက်သွင်းပြီး တားဆီး ရမှာပဲ၊ ဒီမှာရှိတဲ့ လူတွေအားလုံးကို ခေါ်ပြီး လှေ့ထဲဆင်းတဲ့ သူတွေက ဆင်းနှင့်ပေတော့"

ဟု ပြောသဖြင့် ဇမုန်းထန်နှင့် ဦးမွန်ထော်တို့က ဂူထဲမှာ ရှိသမျှ လူများကိုခေါ်ပြီး ကတ္တူလှေရှိသော နေရာသို့ သွားကြ လေသည်။ ဂူထဲမှာတော့ ဦးသက္က၊ ဦးဗန်ကောင်း၊ နီမောင်၊ စာမရီ၊ စောထီး၊ ငမဲအောင်တို့ ကျန်ခဲ့ကြလေသည်။

ကျောက်တလားတောင်ဘက်သို့ ဦးတည်လာနေသော အဖွဲ့မှာ ၁၅ ယောက်ခန့် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဂျာနှင့် တာနာတို့ ညီအစ်ကိုက ဦးဆောင်လာခြင်းဖြစ်ပြီး အောက်လမ်းဆရာတစ် ယောက်လည်း ပါလာလေသည်။ ထိုအဖွဲ့တွင် သံပချိုင်လည်း ပါလာလေသည်။

ရင်းတို့သည် ကျောက်တလားတောင် ရှိသော နေရာသို့ရောက်လာကြသည်။

"မကောင်းဆိုးဝါးတွေက ဘယ်မှာ ရှိသလဲ"

အောက်လမ်းဆရာက မေးသည်။

"သူတို့က ဂူထဲမှာ ရှိတယ်"

"ဒါဖြင့် အထဲဝင်ကြမယ်၊ ဂူပေါက်က ဘယ်မှာလဲ"

ထိုတောင်တွင် ဂူပေါက်အချို့ ရှိနေသော်လည်း ဘယ်ဂူပေါက်မှန်းတော့ ကောင်းစွာ မသိကြပေ။

အချိန်ကလည်း ညနေပိုင်းအချိန် ရောက်နေချေပြီ။

အလင်းရောင်အားနည်းသွားပြီး အမှောင်ရိပ်များပင် သမ်းစပြုလာချေပြီ။

ထိုအခိုက်မှာပင် မနီးမဝေး နေရာရှိ ဂူပေါက်ဝတွင် ရပ်နေသော စာမရီကို တစ်ယောက်က တွေ့မြင်သွားသည်။

"ဟို. . ဟိုမှာ"

ထိုသို့ မြင်သွားသည်နှင့် စာမရီက ဂူထဲသို့ ပြန်ဝင်ပြေးသွားလေသည်။

"သူတို့နေတဲ့ ဂူပေါက်က အဲဒါပဲ ဖြစ်မယ်"

ဟု ပြောကာ ထိုဂူပေါက်ဝ ရှိရာသို့ ခတ်သုတ်သုတ်သွားကြလေသည်။ ထိုနေရာရောက်ပြီး ကြည့်လိုက်တော့ ဂူထဲမှာ





ဘာမှမရှိပေ။ အတွင်း၌ အမှောင်ရိပ်များ ရှိနေသောကြောင့် မီးရောင်ဖြင့် ထိုးကြည့်တော့လည်း ဘာမှမတွေ့ရပေ။ ဟိုး. . အတွင်းပိုင်းဘက်မှာတော့ လူသံသူသံကို ကြားရသည်။

"သူတို့ အတွင်းမှာရှိတယ်၊ ဝင်ကြမလား"

"ဖုတ်ကောင်တွေက ဘယ်မှာလဲ"

အောက်လမ်းဆရာက မေးလိုက်သည်။

"အရင်တစ်ခေါက် ရောက်တုန်းက တွေ့တယ်၊ အခုတော့ မတွေ့ရဘူး"

အောက်လမ်းဆရာက သူ့ကို ကြောက်လန့်သဖြင့် ဖုတ်ကောင်များ ထွက်မလာဝံ့ဟု ထင်နေလေသည်။

ထို့နောက်မှာ လက်နက်များကို အဆင်သင့်ပြင်ဆင်ပြီး ထိုဂူပေါက်အတွင်းသို့ ဝင်ကြသည်။

သူတို့အတွင်း ရောက်သွားပြီး မကြာခင်မှာ ဂူပေါက်ဝအပေါ်ဘက်မှာ ရှိသော ကျောက်တုံးကျောက်ခဲများ ပြိုကျလာသောကြောင့် ဂူပေါက်ဝ ပိတ်လုပိတ်ခင် အနေအထားမျိုးရောက်သွားသည်ကိုတော့ အတွင်းရောက်နေသူများ မသိလိုက်ကြပေ။

တစ်နေရာရောက်တော့ ဂူအတွင်းပိုင်းမှ ဒယိမ်းဒယိုင်ဖြင့် လူနှစ်ယောက်၏ပုံရိပ်ကို လှမ်းမြင်ရသဖြင့် မီးရောင်ဖြင့်လှမ်းထိုးလိုက်သည်။

"ဟင်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသူ နှစ်ယောက်မှာ အခြားသူ မဟုတ်ပေ။

တစ်လောက ဖုတ်ကောင်များ လက်ချက်ဖြင့် သေဆုံးသွားကြသော ဘန်လေးနှင့် ဆန်ကျူတို့ပင် ဖြစ်ကြသည်။

သို့သော် မူလအခြေအနေမျိုး မရှိတော့ဘဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြလေသည်။

"ဘန်လေးနဲ့ ဆန်ကျူတို့ပါလား၊ ဖုတ်ဝင်လာတာ ဖြစ်မယ်၊ သေနတ်နဲ့ပစ်"

"ဒိုင်း. . ဒိုင်း"

ထိုလူနှစ်ယောက်မှာ သေနတ်ကျည်ဆံ ထိမှန်သော်လည်း မလဲဘဲနှင့် ဆက်လျှောက်လာကြရာ နတ်ဆရာက အသင့်ယူလာသော မခုတ်ဓားဟုခေါ်သော နတ်ဓားနှင့်ခုတ်သောအခါမှ ဗိုင်းကနဲ လဲကျသွားကြလေသည်။

အောက်လမ်းဆရာထံမှာ မခုတ်ဓားတစ်လက်၊ မထိုးလှံတစ်ချောင်း ပါလာလေသည်။ မခုတ်ဓား၊ မထိုးလှံဆိုသည်မှာ နတ်စင်၌ ဆက်ထားသောလှံနှင့် ဓားပင် ဖြစ်၏။

အောက်လမ်းဆရာ လက်ချက်ကြောင့် ဖုတ်ကောင်နှစ်ကောင် လဲကျသွားသည်ကို တွေ့သောအခါ ရာဂျာတို့မှာ များစွာအားရှိသွားကြလေသည်။

သေနတ်သံများ တိတ်သွားသောအခါ မနီးမဝေး နေရာဆီမှ စကားပြောသံများ ကြားရပြန်သဖြင့် အတွင်းသို့ ဆက်ဝင်သွားကြရာ အလင်းရောင် မရှိသော နေရာသို့ ရောက်သွားကြသည်။ ထိုနေရာရောက်တော့ မီးရောင်ဖြင့် ထိုးကြည့်ရာ အောက်





သို့ဆင်းသော ကျောက်လှေခါးထစ်များကို တွေ့ရသဖြင့် ဆင်းကြည့်ကြလေသည်။

သူတို့ ရောက်သွားသော အခန်းမှာ ယခင်က ဦးသက္ကတို့ နေသွားသောအခန်း ဖြစ်ပြီး ဘေးတစ်ဖက်တစ်ချက် ကျောက်စင်များပေါ်တွင် တင်ထားသော လူသေအလောင်းများ သာ ရှိနေပြီး အခြားတော့ တစ်စုံတစ်ယောက်မျှ မရှိပေ။

"ဒီနေရာမှာ ဘယ်သူတွေ နေတာလဲ"

"နီမောင်တို့ကို ပုလဲနက်သုံးလုံး ပေးလိုက်တဲ့ လူတွေ နေတာ ဖြစ်မှာပေါ့"

"အခု တစ်ယောက်မှ မတွေ့ရပါလား"

"ငါတို့လာလို့ ပုန်းနေကြတာ ဖြစ်မှာပေါ့၊ သူတို့ကို တွေ့အောင် ရှာရမယ်၊ သူတို့ကို တွေ့မှ ပုလဲနက်တွေ ရှိတဲ့ နေရာကို သိရမှာ"

ဟု ပြောပြီး နေရာအနှံ့သို့ လိုက်လံရှာဖွေကြစဉ်မှာ ကျောက်စင်များပေါ်မှာ တင်ထားသော အလောင်းများက တစ်လောင်းပြီးတစ်လောင်း ထထိုင်လာကြသည်။ ပြီးနောက် ဒယိမ်းဒယိုင်ဖြင့် ကျောက်စင်များအပေါ်မှ ဆင်းလာကြသည်။

"ဆရာ လုပ်ပါဦး၊ ဟိုမှာ ဖုတ်ကောင်တွေ ထလာပြီ"

"ဟင်"

ထိုမြင်ကွင်းကို မြင်သောအခါ အောက်လမ်းဆရာပင် ရှက်လုံးပြူးသွားလေသည်။

သူ့စိတ်ထဲမှာ ထင်ထားသည်က ဖုတ်ကောင်ကို နှိမ်နင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပေးရမည်ဆိုသော်လည်း ထိုလောက်များမည်မှန်း မသိခဲ့ပေ။

တစ်လောင်း နှစ်လောင်း ဒါမှမဟုတ် လေးငါးလောင်း ဖြစ်နေလျှင်သော်မှ သူ့မှာ ပါလာသော မခုတ်ဓား၊ မထိုးလှံတို့နှင့် နှိမ်နင်းပေးလို့ ရနိုင်သေးသည်။

ယခုလို ဂူတစ်ဂူလုံး အနှံ့အပြား ရှိနေသော ဖုတ်ကောင်များကိုတော့ နှိမ်နင်း၍ နိုင်တော့မည် မဟုတ်ပေ။

ထိုအချိန်မှာပင် ဖုတ်ကောင်များက နေရာအနှံ့မှ ထွက်လာပြီး သူတို့ ရောက်နေသော ဂူထဲသို့ ဝင်လာကြရာ သေနတ်များဖြင့် ပစ်သူကပစ်။ အခြားလက်နက်တို့ဖြင့် တိုက်ခိုက်သူက တိုက်ခိုက် ကြရလေတော့သည်။

နတ်ဆရာကိုယ်တိုင်လည်း မခုတ်ဓား၊ မထိုးလှံတို့ဖြင့် လက်မလည်အောင် ထိုးခုတ်နေရလေသည်။မခုတ်ဓား၊ မထိုးလှံနှင့်ထိသော ဖုတ်ကောင်များက ဗိုင်းကနဲ လဲကျသွားသော်လည်း အခြားအကောင်များက ရောက်လာကြပြန်သည်။

တစ်ကောင်လဲလျှင် နှစ်ကောင် ရောက်လာသည်။

နှစ်ကောင်လဲသွားပါက လေးငါးကောင် ဝိုင်းအုံလာသည်။ ကြာတော့ နတ်ဆရာပင် မနိုင်တော့ပေ။ ခုတ်ရင်း၊ ထိုးရင်းနှင့်ပင် ၎င်းလက်ထဲမှ ဓားနှင့်လှံတို့လည်း လွတ်ကျသွားလေပြီ။

ရာဂျာတို့တတွေလည်း ပါလာသော သေနတ်၊ ဓား လှံ လက်နက်တို့ဖြင့် ပစ်ခတ်၊ ထိုးခုတ်ကြသော်လည်း ဖုတ်ကောင်တို့က လဲကျသွားပြီး ချက်ချင်းပြန်ထလာရာ မနိုင်တော့ဘဲ ရှိသော သည်။ ထို့ကြောင့် ဂူပေါက်ဝသို့ ပြန်ပြေးသူက ပြေးကြသော





သည်။ ထိုသို့ ပြေးသော်လည်း ဂူအတွင်းမှာ မှောင်နေသည်က တစ်ကြောင်း၊ ဂူပေါက်အချို့မှာ ကျောက်တုံးများဖြင့် ပိတ်ဆို့နေသောကြောင့် ထွက်ပေါက်မရဘဲ အတွင်းမှာပင် လည်နေကြလေသည်။

ထို့နောက်မှာတော့ ဂူအတွင်းမှာ စူးစူးဝါးဝါး အော်သံများ ပေါ်ထွက်လာပြီး ဖုတ်ကောင်များ လက်ချက်ကြောင့် တစ်ယောက်ပြီးတစ်ယောက် လဲကျကာ သေဆုံးသွားကြလေတော့သည်။

ထိုကဲ့သို့သော ဘေးအန္တရာယ်နှင့် ကြုံတွေ့တော့မှ သံပချိုင်တစ်ယောက် နောင်တကြီးစွာ ရနေသော်လည်း သူ့အတွက်ကတော့ နောက်ကျသွားခဲ့လေသည်။

လောဘသားတို့နှင့် ပေါင်းဖက်မိသော ၎င်းအတွက် လောဘနောင်ကြိုးများဖြင့် တုပ်နှောင်မိကာ အန္တရာယ်စက်ကွင်းသို့ ကျရောက်ရုံမှ လွဲပြီး အခြားအကျိုးရလာဘ်မျိုးတော့ မရနိုင်တော့ပါချေ။

BURMESE CLASSIC .com

အပြင်ဘက်၌ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။ ညဦးပိုင်း ဒီရေတက်လာပြီ ဖြစ်သောကြောင့် ကမ်းခြေသို့ ဒီရေတက်သံ၊ လှိုင်းပုတ်သံများ ပေါ်ထွက်လာလေသည်။

ထိုအချိန်တွင် ကျောက်တလားတောင် သချိုင်းရှိရာ အမ်းစပ်တစ်နေရာမှ ကတ္တူလှေကြီးတစ်စင်း ပင်လက်ဘက်သို့ ထွက်ခွာသွားလေပြီ။

ထိုလှေပေါ်မှာတော့ နီမောင်၊ စာမရီ၊ ဦးသက္ကာ၊ ဦးဇန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဦးမွန်တော်၊ ဇမုန်းထန်၊ စောထီး၊ ငမဲအောင်တို့အပြင် ဂူထဲမှာ ဦးသက္ကနှင့်အတူ နေကြသူများအားလုံး ပါလာကြသည်။

ဒီရေကလည်းအတက်၊ လေကလည်း သင့်သောကြောင့် ရွက်ဖွင့်ကာ မြန်မာနိုင်ငံဘက်သို့ ဦးတည်သွားကြလေသည်။

ညဦးပိုင်းအချိန် ရာသီဥတုကလည်း သာယာလျက်ရှိသည်။ ထို့ထက် လှေပေါ်မှာ ပါလာသော နီမောင်နှင့် စာမဒီတို့ ချစ်သူနှစ်ယောက်၏ရင်ထဲတွင် ပျော်ရွှင်ကြည်နူးမှုများဖြင့် ပြည့်နေမည်ဆိုသော အချက်ကတော့ သံသယ ရှိစရာမလိုတော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကျောက်တလားတောင်သခိျုင်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကပ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

BURMESE CLASSIC .com

အနိယာဟောတု သုခိအတ္တာနံပရိဟာရန္တု။

**ဖြိုးသစ်**

စာပြီးချိန်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ(၂)ရက်
အင်္ဂါနေ့၊ နံနက်(၁၁)နာရီ။

ဝတ္ထုထွန်းစာပေ

www.burmeseclassic.com